


တစ်ကိုယ်တော်မြေမြားရှင်
အစဉ်-၁
အစဉ်-၂
နှစ်မျိုးပေါင်းချုပ်ထားသည်

စာမူခွင့်ပြုချက်အမှတ် ၂၇၂/၉၆(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၈၄/၉၆(၆)

ထုတ်ဝေခြင်း
ပထမ အကြိမ်
၁၉၉၆ ခု ဩဂုတ်လ

အုပ်ရေ
၅၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ



နဂါး
စာပေ
အထက်မြန်မာပြည် ဖြန့်ချီရေး မန္တလေး



# ရဲမာန်အောင်

## တစ်ကိုယ်တော် မြွေဓားရှင်

စာစဉ် (၁ + ၂) နှစ်အုပ်တွဲ ပေါင်းချုပ်

ဖြန့်ချီရေး၊

ရွှေနိုးဆောင်း
စာပေ
အမှတ် ၇၂၊ ၆ လမ်း ရန်ကုန်မြို့
စာတိုက်သေတ္တာအမှတ် ၁၁၈၃
ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

.... .... .... ....

- စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
- စည်းကမ်းရှိမှ တိုးတက်မည်။
- စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

.... .... .... ....

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

20 AUG 1996

# [illegible]

တစ်ကိုယ်တော်မြွေဓားရှင်

စာစဉ် ( ၁ )

28 AUG 1996

[ ၁ ]

## အဝင်နှင့်အထွက်

မိုးသားတိမ်လိပ်များ ကင်းစင်သန့်ရှင်းနေသည့် ကောင်းကင်ကြီးက ပြာလွင့်တောက်ပစွာ တောတောင်များအုပ်မိုးထားကာ ပြာသောကောင်းကင်အောက်၌ မှိုင်းပျညိုမှောင်သည့် တောင်တန်းကြီးများက အရှေ့နှင့်အနောက် သွယ်တန်းနေလေသည်။

ယင်းတောင်တန်းကြီးများ၏ အောက်ခြေ၌မူ စိမ်းညိုသည့် တောကြီးများကလည်း အုပ်အုပ်ဆိုင်းဆိုင်း မြကတ္တီပါစကြီးအား ဖြန့်ခင်းထားသည့်အလား တပြန့်တပြောကြီး တည်ရှိ၏။

လေချိုင်းတို့က တဟူးဟူးနှင့် ပြင်းတန်စွာ တိုက်ခတ်နေခဲ့သည်။ ထိုတောင်ပေါ် လေရိုင်းများအား ရင်ဆိုင်ကာ မြင်းတစ်စီးနှင့် ခရီးသည်တစ်ဦးသည် ခက်ခဲကြမ်းတမ်းသည့် တောင်လမ်းအတိုင်း တရွေ့ရွေ့ တက်ရောက်လာခဲ့လေသည်။

မြင်းစီးခရီးသည် ပုဂ္ဂိုလ်ကြီးကို ကြည့်ရှုမိပါက မုတ်ဆိတ် ကျင်စွယ် ဗရပျစ်နှင့် အဝတ်အစားများမှာလည်း ဟောင်းနွမ်း စုတ်ပြတ်လျက် ခရီးပြင်းတစ်ခုကို ရက်လရှည်ကြာစွာ ဖြတ်သန်းလာခဲ့သူ တစ်ဦးအဖြစ် တွေ့မြင်ရမည် ဖြစ်သည်။ အရွယ်အားဖြင့် အသက်ငါးဆယ်နှင့် ခြောက်ဆယ်အတွင်း ရှိမည်ဖြစ်သော်လည်း ကိုယ်ခန္ဓာမှာ သန်မာထွားကျိုင်းလှသူ တစ်ဦး ဖြစ်၏။

အစာရေစာများပြတ်လပ်၍ ခရီးနှင်လာရသူ ဖြစ်သောကြောင့် ပင်ပန်းနွမ်းလျသူတစ်ဦး၏အသွင်ကို ဆောင်နေလေသည်။

စုတ်ပြတ်ပေကျံနေသော အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားလျက် မြက်ဦးထုပ်ကြီးအား ဆောင်းထားခဲ့လေသည်။

ကျောတွင် အလွန်ကြီးမားရှည်လျားသော ဓားရှည်ကြီး တစ်လက်အား လွယ်မိုးသား၏။

ရှည်လျားသော မုတ်ဆိတ်မွေးများနှင့် နှုတ်ခမ်းမွေးများအကြားရှိ ပါးလျသော နှုတ်ခမ်းများမှာ အစာရေစာနှင့် မထိတွေ့ရသဖြင့် ခြောက်သွေ့ ဖြူရော်နေ၏။

နှာတံမှာ ဖြောင့်စင်းလျက် မျက်ခုံးထူထူနှင့်စူးရှသော မျက်လုံးအစုံတို့က ငယ်ရွယ်စဉ်က ချောမောပြေပြစ်သော



ယောကျ်ားကောင်းတစ်ဦး၏ အသွင်များအဖြစ် သက်သေထူလျက် ရှိလေသည်။

သူက ရှေ့တူရူသို့ လှမ်းမျှော်ကြည့်လိုက်သည်။

အရှေ့နှင့်အနောက် သွယ်တန်းနေသည့် တောင်တန်းကြီးက တောင်ထွတ်များစွာဖြင့် သူ့အားစောင့်ကြိုနေသည်အား တွေ့ရှိရလေသည်။

သူ သက်ပြင်းမော တစ်ချက်ချလိုက်မိ၏။

'ဟင်း'

ပင့်တင်ထားသော မြက်ဦးထုပ်ကြီးအား နဖူးအုပ်အောင် ပြန်လည်ဆောင်းပြီး နှုတ်မှတိုးသက်စွာ ရေရွတ်လိုက်ပြန်သည်။

'အင်း....မသေခင်တော့ ဒီတောင်တန်းကို လွန်မြောက်နိုင်ကောင်းပါရဲ့'

ထို့နောက် မြင်းကို ဆက်လက်နှင်စေပြန်၏။

မြင်းမှာလည်း တောင်တက်ခရီးကြမ်းဖြစ်၍ တစ်လှမ်းချင်းသာ တရွေ့ရွေ့လျှောက်လှမ်းနေနိုင်ရှာသည်။

ပါးစပ်မှာလည်း သွားရည်များ ယိုစီးကျနေရှာလေပြီဖြစ်သည်။

တကယ်တော့ တောင်တန်းခရီးကြမ်းအား နှင်နေသူမှာ တရုတ်ပြည်အရှေ့ပိုင်းမှမြွေဓားရှင်ကျော်စွာဖြစ်၏။ သူကအရှေ့ပိုင်းဒေသမှ မြန်မာပြည်နယ်စပ်ကို သွားရောက်နေခြင်း ဖြစ်သည်။

အရှေ့နှင့်အနောက် သွယ်တန်းနေသည့် တောင်စဉ်ခရီးလမ်းတစ်လျှောက် မြင်းတစ်စီးနှင့် ခရီးထွက်လာသည်မှာ လနှင့်ချီ၍ပင် ကြာမြင့်ခဲ့လေပြီ ဖြစ်သည်။

သူ့အဖို့ အနောက်ပိုင်းဒေသ နတ်စပ်တစ်နေရာဝယ် ခိုအောင်းရန် ထွက်ခွာလာခဲ့ခြင်း ဖြစ်၏။

အန္တရာယ်အသွယ်သွယ်က သူနှင့်အတူ ကပ်ပါလာနိုင်သဖြင့်လည်း ခရီးလမ်း၌ အိပ်စက်အနားယူခြင်းပင် သူမပြုခဲ့ချေ။ ရေတွေ့လျှင်သောက်ပြီး စားစရာ သစ်သီးဝလံတွေ့လျှင် ဝမ်းကိုဖြည့်ကာ မနားတမ်း ခရီးနှင်လာခဲ့၏။

ညဘက် အမှောင်ထဲတွင်ပင် တောင်လမ်းများကို စမ်းတဝါးဝါးနှင့် ခရီးဆက်ခဲ့သည်။ အလွန်တစ်ရာ အိပ်ငိုက်လာမှ မြင်းထက်ဝယ် မှေးခနဲပျော်သည်အထိ အိပ်စက်၏။

လွယ်လွယ်ကူကူ မြင်းထက်မှ လိုက်လံဖမ်းဆီးနိုင်သော သားကောင်များကိုတွေ့လျှင်သာ ဖမ်းယူလျက် ရောက်ရာနေရာ၌ မီးမွှေးကာ သားကောင်အားကင်ပြီး စားသောက်လာခဲ့သည်။

အများအားဖြင့်တော့ သီးပင်သစ်ပင်များနှင့်သာ ဆုံစည်း ခူးဆွတ်ပြီး အာဟာရ ဖြည့်ဆည်းခဲ့သည်ချည်း ဖြစ်သည်။

ယခု တစ်ရက်နှစ်ရက်တွင်မူ သားကောင်လည်းမတွေ့ရ၊ သီးပင်သစ်ပင်များလည်း မမြင်ခဲ့သဖြင့် အစာရေစာ ပြတ်လပ်ခဲ့၏။



တစ်နေ့ကတော့ တောင်ကျရေ အနည်းငယ်ကို တွေ့ရှိခဲ့သဖြင့်သာ ရေသောက်လျက် ခရီးဆက်ခဲ့သည်။

တောင်ပေါ်ခရီးလမ်းများကား ကွေ့ကောက် မတ်စောက်လှသည့်ပြင် လေပြင်းကလည်း တဟူးဟူးနှင့် အစဉ်အမြဲ တိုက်ခတ်နေတတ်သည်။ တစ်ခါတစ်ရံပြင်းထန်သော မုန်တိုင်းနှင့် ဆုံတွေ့ခဲ့ပါက လေကွယ်ရာ တစ်နေရာအား ရှာဖွေ ခိုအောင်းနေရတတ်ပြန်သည်။

ထိုသို့ မခိုအောင်းပါက သူ့အား တောင်စောင်းမှ တောင်အောက်သို့ တိုက်ချသွားနိုင်မည့် လေပြင်းများ ဖြစ်ကြသည်။

ထိုလေပြင်းများနှင့် ဆုံစည်းစဉ် ရှောင်တိမ်း ပုန်းကွယ်နေသည့် အချိန်များသာလျှင် သူ့အဖို့ အနားယူနေခဲ့ရသည့် အချိန်များ ဖြစ်ကြသည်။

မြေခြားရှင် ကျော်စွာကြီးအဖို့ မြန်မာပြည် နယ်စပ်ဒေသသို့ ရောက်လေပါမှ အန္တရာယ်အတွင်းမှ လွတ်ကင်းနိုင်မည်ဟု သူက ယူဆနေခဲ့သည်။

ဒါကလည်း သူ့၌ အကြံအစည် စိတ်ကူးက ရှိသေး၏။

ယူနန်နယ်သည် မြန်မာပြည်နှင့် ထိဆက်နေသည့် ပြည်နယ်တစ်ခု ဖြစ်သည်။ သည်ပြည်နယ်၌ မြန်မာတိုင်းရင်းသား လူမျိုးစုတစ်ဦးအဖြစ် ဘဝကိုမြှုပ်နှံလျက် နေထိုင်ရန် ဖြစ်၏။

ပြည်မနှင့် အဆက်အသွယ် ဖြတ်တောက်ကာ မြေခြားရှင် ကျော်စွာကြီး၏ ဘဝအား သတ်ကာ ဘဝသစ်နှင့် နေထိုင်ကျင်လည်ဖို့ ဖြစ်သည်။

သည်ဒေသ သည်လူမျိုး သည်အနေအထားဝယ် အန္တရာယ်က မျက်ခြည်ပြတ်သွားမည်မှာ မုချပင်။

ထိုစိတ်ကူးနှင့် မြွေဓားရှင် ကျော်စွာကြီးသည် ခရီးအား နှင်လာခြင်း ဖြစ်သည်။

သည်တောင်တန်း လွန်မြောက်သည်နှင့် ယူနန်ပြည်နယ်သို့ ဝင်ရောက်တော့မည် ဖြစ်လေသည်။

မကြာမီ တရုတ်လူမျိုးအဖြစ် တရုတ်လူမျိုး၏ မလေ့ကို စွန့်လွှတ်လျက် မြွေဓားရှင် ကျော်စွာကြီးသာဝ ကျွတ်ရပေတော့မည်။

သူ့စိတ်ကူးအားသူတွေးမိလျက် နှုတ်ခမ်းအား တွန့်ပြီး ပြုံးလိုက်သည်။

'အ....အ....အ'

ရေငတ်နေခဲ့သည်မှာ နှစ်ရက်နီးပါးရှိပြီဖြစ်၍ နှုတ်ခမ်းမှာ ခြောက်ပြီး တင်းနေခဲ့သည်။ အာခေါင်မှာလည်း တံတွေးမျိုချရလွန်း၍ နာနေခဲ့ပြီ။ ရိုင်းစိုင်းသော လေပြင်းများ၏ တိုက်ခတ်မှုကြောင့်လည်း နှုတ်ခမ်းနှစ်လွှာမှာ ကွဲလုလု။

ထိုသို့သောအခြေအနေ၌ သူက ပြုံးဖို့ ကြိုးစားမိခဲ့သည်။ ကိုယ့်စိတ်ကူး ကိုယ့်အကြံအစည်ကို ကိုယ့်ဘာသာ သဘောကျလွန်း၍ ဖြစ်သည်။

သို့သော် အပြုံးက မပီတပီအပြုံးသာ ဖြစ်ခဲ့သည်။ ပြုံးမိလိုက်သော်လည်း နှုတ်ခမ်းအက်အက်က နာကျင်စပ်လွန်းသွား၍ မဲ့သွားလေရာ အပြုံးမဲ့မဲ့တစ်ခုသာလျှင် ဖြစ်ပေါ်သွားခဲ့သည်။



'ဒီနေ့မှ ရေတစ်ပေါက်မသောက်ရရင် နှုတ်ခမ်းတွေ ကွဲအက်ကုန်မလား မသိဘူး'

အစာငရေစာပြတ် ငတ်မွတ်နေခြင်းဒဏ်က ရက်အတန်ကြာ ခံနိုင်သေးသည်။ ရေမသောက်ရမည့် ဝေဒနာကမူ တစ်ရက်မှ နှစ်ရက်၊ သုံးရက်သို့ ကူးပြောင်းလာသောအခါ ကိုယ်ခန္ဓာ တုန်ယင်လာခဲ့သည်။

'ရေရှာသောက်ပြီး ခရီးဆက်မှ ဖြစ်မယ် ထင်တယ်၊ ငါ့ကောင်ကြီးရဲ့ ပါးစပ်က အမြှုပ်တွေတောင် ထွက်ကုန်ရှာပြီ'

ထို့ကြောင့် သည်တောင်ကြော၌ ရေရှိရာကို ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်အား လေ့လာ အကဲခတ်လိုက်သည်။

ရှေ့၌ တောင်ကြောလမ်းမကြီးကား ကျောက်ဆတိပြီးလျက် ကွေ့ကွေ့ ကောက်ကောက်ရှိသည်။

သူလျှောက်လှမ်းလာသည့် တောင်ပေါ်တ လမ်းလေးက အလွန်ကျဉ်းမြောင်းသည်။ ယာဘက်ဘေးဝယ် ကျောက်သားနံရံကြီးက မြင့်မားလှစွာ ရှိသည်။

ဘယ်ဘက်နံဘေးကမူ မတ်စောက်သော ချောက်ကမ်းပါးကြီးက အသည်းယားဖွယ်။ မည်သည့်လမ်းအား သူလိုက်ရမည် မသိ။ ဝေခွဲမရစွာ ခေတ္တရပ်တန့် စဉ်းစားနေမိသည်။

ရှေ့ဆက်ရမည့်လမ်းကလည်း ကျောက်တုံးများ ပုံးလွှမ်းသည့် တောင်ပေါ်လမ်းဘေးက ကျောက်နံရံကြီးအားတက်

ရောက်ဖို့ဆိုသည်က စီးနှင်းလာသည့်မြင်းကို စွန့်လွှတ်ထားခဲ့ရမည်ဖြစ်၏။

ချောက် လျှိုကြီးထဲ ဆင်းသက်ရန်သာရှိ၏။

ထိုချောက်ကြီးကလည်း သစ်ပင်အုပ်များ အကြား အပေါ်စီးမှ စိမ်းမြမြသာ မြင်တွေ့ရသည်။

ထိုလျှိုထဲ၌ ရေတစ်ပေါက်မျှတော့ ရှိကောင်းပေမည်။ လျှို ရှိလျှင် လမ်းတွေရှိနိုင်ကောင်းသည်။

ထို့ကြောင့် ထိုလျှိုထဲဆင်းနိုင်ရန်တောင်ခါးပန်းမှ အသေအချာ စစ်ဆေးရှာဖွေကြည့်ရှုမိသည်။

ဝိုစဉ်ခိုက် သစ်ပင်စိမ်းညို့ညို့ကြားမှ မီးခိုးအချို့ အူထွက်လာသည်ကို သူတွေ့လိုက်ရသည်။

'ဟင်....မီးခိုးတွေ အူထွက်နေပါလား၊ဒါဆိုရင် ဒီလျှိုထဲမှာ လူသားတစ်ဦးဦး ရှိနိုင်မယ်'

မြွေခေါးရှင် ကျင်စွံကြီးတစ်ယောက် ဝမ်းသာအားရ ရေရွတ်လိုက်မိသည်။ သို့ဖြင့် လျှိုထဲ ဆင်းသက်နိုင်ရန် သူကြိုးစားလေတော့၏။

ချောက်ကြီးကား အလွန်မှ မတ်စောက်နေလေရာ မြင်းနှင့်ဆင်းသက်ရသူအဖို့ ခက်ခဲလွန်းလှ၏။

အချို့ အောက်ရောက်အောင် အတော်လေး ဆင်းသက်လာပြီးမှ ဆက်လက်ဆင်းသက်ရန် လုံးဝမဖြစ်နိုင်သည့် လမ်းများဖြစ်နေ၍ ခက်ခက်ခဲခဲ ပြန်လည်တက်ရသည်လည်း ရှိသည်။



မည်သို့ဆိုစေ ရေတစ်ပေါက်အတွက် အသက်စွန့်ကာ ကျင်စွံကြီး ဆင်းရ၏။ တဖြည်းဖြည်း နေဝင်လုနီးသောအခါ လျှိုအတွင်းသို့ ဆင်းသက်မိကြ၏။

လျှိုထဲရောက်သည်နှင့် အေးစိမ့်သော ရာသီဥတုကို ခံစားရပြန်သည်။သူ မီးခိုးထွက်သောနေရာအား ခန့်မှန်းပြီး သက်ဆင်းခဲ့သော်လည်း လျှိုအတွင်းရောက်သောအခါတွင် မီးခိုးများက ပျောက်ကွယ်နေခဲ့ပြန်သည်။

သို့ရာတွင် သူက စိတ်ဓာတ်မကျ။မီးခိုးရှိလျှင် လူရှိမည် လူရှိလျှင် ရေရှိမည်၊ ရေမရှိသော်မှ ရေရှိနိုင်သည့်နေရာအား မေးမြန်းနိုင်မည်ဟူသည့် အတွေးနှင့် မီးခိုးအူသောနေရာကို သွားရောက်လိုခြင်း ဖြစ်သည်။

လျှိုထဲရောက်သော် မီးခိုးထွက်ပေါ်သည့်နေရာပျောက်ဆုံးသွားခဲ့သော်လည်း ရေကို သူတွေ့လိုတွေ့ငြား ဆက်လက်ရှာဖွေနေခဲ့မိသည်။

စမ်းရေဖြစ်ဖြစ်၊ တောင်ကျရေဖြစ်ဖြစ်၊ ကျောက်ရေတွင်းဖြစ်ဖြစ် မည်သည့်ရေဖြစ်ဖြစ် သူ တွေ့ဆုံလိုဖို့သာလျှင် အဓိကဖြစ်၏။

ရေတွေ့လိုကတော့ မည်သည့်လူသားကိုသော်မှ သူကမတွေ့လိုမဆုံလို။မြွေခေါးရှင် ကျင်စွံကြီး၏ အသွင်သဏ္ဍာန်ကို မည်သည့်အရပ်တွင်မှ မည်သူ့ကိုမဆို မမြင်စေလိုပေ။

ထို့ကြောင့် မီးခိုးအူသည့်နေရာထက် ရေကျသံကိုနားစွင့်ထောင်ပြီး လျှိုထဲ တိုးခဲ့လေသည်။

လျှိုက နက်သထက် နက်ရှိုင်းလာ၏။ သစ်ပင်ကြီးငယ်တို့က ပိုပြီး သိပ်သည်းထူထပ်လာလေသည်။

ထိုစဉ် သူ၏နားထဲသို့ အသံတစ်စုံတစ်ရာ တိုးဝင်လာသည်ကို ကြား၏။ အသံကမူ ခပ်သဲ့သဲ့သာလျှင် ဖြစ်သည်။ သူ၏ ယာဘက်နေရာမှ ပေါ်ထွက်နေခြင်း ဖြစ်၏။

သို့ဖြင့် ယင်းအသံပေါ်ထွက်ရာ ယာဘက်သို့ ခြေဦးတည်လိုက်ရ၏။

'နောင် နောင် နောင် နောင်'

'နောင် နောင် နောင် နောင်'

အသံမှာ သံပြားတစ်ခုကို တစ်စုံတစ်ခုနှင့် တီးခတ်နေသည့် အသံမျိုး ဖြစ်၏။ စည်းချက်မှန်မှန်နှင့် ကြားနေရခြင်း ဖြစ်သည်။

သူ အားတက်သွားကာ လျင်မြန်သွက်လက်စွာ ရောက်ဖို့ ချဉ်းကပ်တိုးတက်သွား၏။ မြွေဓားကြီးကို ထုတ်လျက်ချုံနွယ် ပိတ်ပေါင်းများအား ဝှေ့ယမ်းခုတ်ဖြတ်ကာ သွားသည်။

တစ်စတစ်စ ကြားနေရသောအသံက ကျယ်သထက် ကျယ်လာသည်။

'နောင် နောင် နောင် နောင်'

'နောင် နောင် နောင် နောင်'

အသံက ခပ်ဖြည်းဖြည်း ခပ်အုပ်အုပ် သံပြိုင်ထွက်နေ၏။ တစ်ဦးတည်း တီးခတ်နေသည့်အသံ မဟုတ်။ ကိုရီယာ နှစ်ခု သုံးခုကို နှစ်ဦးသုံးဦးက တစ်ပြိုင်နက်တီးခတ်နေပုံမျိုးဖြစ်လေသည်။



အတော်လေး တီးပြီးသွားသောအခါတွင် အခြားအသံတစ်ခုကို ထပ်မံကြားနေရပြန်၏။

တစ်စုံတစ်ရာအား မီးလောင်မြှိုက်နေသည့်အသံပမာ ဖြစ်သည်။

တဂျိုးဂျိုးတခြွမ်ခြွမ်းနှင့် မြည်နေသည်။

သူ့ရှေ့တူရူက သစ်ပင်နွယ်ပင်များကြားမှ မီးခိုးငွေ့များက ပျံလွင့် ရောက်ရှိလာသည်ကို သူ ရင်ဆိုင်ရ၏။

ချုံနွယ်များအား ဖြတ်တောက်ခုတ်ထစ်ခြင်းအား သူ ရပ်ဆိုင်းလိုက်မိသည်။ တတ်နိုင်သမျှ သစ်ပင်နွယ်ပင်များအကြား အသံမထွက်အောင် တိုးဝှေ့သွား၏။ အနံ့အသက် အချို့ ရရှိလာသည်။ အညှော်နံ့ ဖြစ်သည်။ သတ္တဝါ တစ်ခုခုအား မီးလောင်၍ ရရှိသည့် ညှော်နံ့မျိုးပင်။

'ဟူး မွှန်လိုက်တာ'

သိချင် မြင်ချင်လှသဖြင့် ကျင်စွယ်ကြီး ရှေ့ဆက်တိုးရပြန်သည်။

'နောင် နောင် နောင် နောင်'

'နောင် နောင် နောင် နောင်'

တကျွတ်ကျွတ် တဖြောက်ဖြောက်နှင့် လောင်မြှိုက်သည့် အသံကလည်း ကျယ်လောင်လာ၏။ တစ်ချက် တစ်ချက် ဖောင်းခနဲ ဖြောက်ခနဲ ဝါးများကွဲပေါက်သည့် အသံတို့သာ ကြားနေရသည်။

မီးခိုးများကလည်း ပိုမိုများပြားလာခဲ့သည်။

ညှော်နံ့နှင့် မီးခိုးမွန်သည့်ဒဏ်ကို ကျင်စွံကြီး ခံစားနေရတော့သည်။ မျက်လုံးများ၏ စပ်ဖျဉ်းလာခဲ့၏။ မျက်ရည်များပင် ထွက်လာပြီး....

'နောင်... နောင်.... နောင်....နောင်'

'ဟင်'

သူ ပါးစပ်အဟောင်းသား ဖြစ်သွားမိ၏။

သူ ရောက်ရှိနေသည့် နေရာမှာ တစ်စုံတစ်ခုကို မီးစွဲလောင်နေသည့် အနောက်ဘက် တောထဲတွင် ဖြစ်သည်။

မြင်ကွင်းများကို မီးခိုးငွေ့များအကြား ခပ်ရေးရေးတွေ့ရှိလိုက်ရလေသည်။ ရှည်လျားသည့်အရာတစ်ခုအား အောက်မှ ထင်းများပုံလျက် မီးစွဲလောင်နေခဲ့၏။

ထိုမီးပုံရှေ့ဝယ် အနက်ရောင်ဝတ်စုံပွများ ဝတ်ဆင်ထားသည့် လူသုံးဦးမှာ သံပြားဝိုင်းအလယ်တွင် ဖုပါရှိသည့်အရာကို တက်ညီလက်ညီ လက်ထဲမှာတစ်ထွာသာသာခန့်ရှိ သစ်သားတံနှင့် ထုရိုက်နေကြလေသည်။

ခေါင်းတွင် စောင်များကဲ့သို့သော အဝတ်စကြီးများကို ပေါင်း၍ပတ်ထားပြီး လည်ပင်းတွင်မူ ပြောင်လက်သော ငွေပြားဆွဲကြိုးများကို ဆွဲထားကြသည့် အမျိုးသမီးများက မီးပုံကြီးကို ဝိုင်းပတ် ကခုန်နေကြ၏။

ရှည်လျားလှသည့် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများနှင့် နတ်ဆရာကဲ့သို့သော လူကြီးတစ်ဦးက နှုတ်မှ တဖွဖွ ရွတ်ဖတ်သရ၍ယ်၏။



မီးပုံကြီးကမူ တဂျီးဂျီး တဂျတ်ဂျတ်နှင့် မြည်ညံစွာလောင်မြိုက်နေသဲရှိသည်။

ထိုစဉ် မီးပုံဘက်မှ မီးစအချို့ သူ့ထံ လွင့်ပျံ ရောက်ရှိလာရာ အချို့အဝက် လောင်ကျွမ်းနေခဲ့သော လူ့ဆံပင်ခြောက်များ ပါလာသည်ကို တွေ့ရှိသဖြင့် ကျင်စွံကြီး မျက်လုံးပြူးကျယ်သွားလေသည်။

ထို့ကြောင့် မီးစွဲလောင်နေသော မီးပုံထဲမှအရာကို သူ သေချာစွာကြည့်မိ၏။

'ဟာ'

လူတစ်ယောက်၏ အသွင်သဏ္ဌာန်ကို ထင်ထင်ရှားရှားမြင်တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားတော့သည်။

အလောင်း တစ်လောင်းအား မီးသဂြိုဟ်နေကြသည်ပဲ။

ယင်းအလောင်း၏ အနေအထားပုံစံ ကြည့်၍ အကဲခတ်ရသည်မှာ မိန်းမတစ်ဦးနှင့် တူ၏။

ကျင်စွံကြီးရှေ့မှ မြင်ကွင်းအား မမှိတ်မသုန် ကြည့်၍နေမိသည်။

မကြာမီပင် မီးပုံအလယ်မှ အလောင်းမှာ ပြာဖြစ်သွားသည့် အခြေအနေကို ရောက်ရှိလာသည်။

လူသားကို လောင်ကျွမ်းသော အညှော်နံ့မှာလည်း အနီးကပ် ရှိနေသော ကျင်စွံကြီးအား မခံမရပ်နိုင်လောက်အောင်ပင် ဒုက္ခပေးနေလေသည်။

ထိုစဉ် နတ်ဆရာဖြစ်သူ မုတ်ဆိတ်မွေးရှည်နှင့် လူကြီးသည် မီးပုံအလယ်မှ ပြာအချို့ကို လက်ဝါးနှင့် ကောက်ယူကျုံးလိုက်သည်။

ထို့နောက် မီးပုံရှေ့ရှိ အဝတ်နှင့် ထုပ်ထားသည့် အရာဝတ္ထုတစ်ခုဘေး၌ထိုင်ချလိုက်ကာ လက်ဝါးပေါ်မှ ပြာများကို လက်ညှိုးနှင့် ကော်ယူလိုက်ပြီး ထိုအဝတ်ဖြင့် ထုပ်ထားသည့် အရာထဲ ထိုးထည့်လိုက်ခြင်းအား တွေ့ရှိရလေသည်။

'အူဝဲ အူဝဲ'

'ဟင်....ကလေးတစ်ဦးရဲ့ငိုသံပဲဟ'

တကယ်တော့ အဝတ်ဖြင့်ထုပ်ထားသည့် ပစ္စည်းမှာ မွေးကင်းစ ကလေးတစ်ဦးသာလျှင် ဖြစ်သည်။

နတ်ဆရာသည် ကလေး၏ပါးစပ်ကို ပြာပုံများကို ထိုးထည့်လိုက်ခြင်း ဖြစ်ရာ ကလေးမှာ စူးရှ ကျယ်လောင်စွာ အော်ဟစ်ငိုကြွေးလိုက်ခြင်း ဖြစ်လေသည်။

'ဟေး ဟေး ဟေး'

ကခုန်ကြသည့် မိန်းမများ၏ နောက်ဘက်၌ ငြိမ်သက်တိတ်ဆိတ်စွာ ရပ်လျက် ကြည့်ရှုနေကြသည့် အနက်ရောင်ဝတ်စုံပွများ ဝတ်ဆင်ပြီး ခေါင်းတုံးကို ပြောင်အောင်ရိတ်ထားသည့် ယောကျ်ားကြီးများက တစ်ပြိုင်နက် ဟစ်ကြွေးလိုက်ကြသည်ကို ကြားရ၏။

ထို့နောက် ကခုန်နေကြသည့် မိန်းမများသည် နတ်ဆရာ၏ လက်ဝါးထက်မှ ပြာပုံများကို လက်ညှိုးများဖြင့် ကော်



ပြီး မွေးကင်းစ ကလေး၏ ပါးစပ်ထဲကို ထိုးထည့်လိုက်ကြပြန်၏။

ထိုသို့ ပြာပုံများ ထိုးထည့်လိုက်တိုင်း ကလေးငယ်မှာလည်း စူးရှစွာ အော်ဟစ်ငိုကြွေးနေသည်။

ကလေးငယ်အား ပြာပုံခွံ့ထည့်တိုင်းလည်း ယောကျ်ားကြီးများက ဩသံပေးလျက် ဟဟေးဟေးဖြင့် ဟစ်ကြွေးကြပြန်သည်။

'အူဝဲ အူဝဲ အူဝဲ'

'ဟေး ဟေး ဟေး'

ကလေးအော်ဟစ်ငိုကြွေးသံ၊ ယောကျ်ားကြီးများ၏ ဩသံပေး ဟစ်ကြွေးသံ လူသုံးဦး တီးခတ်နေသည့် မောင်းသံမှာ လျှိုလေးအတွင်းဝယ် ဆူညံနေတော့၏။

'နောင် နောင် နောင်'

'အူဝဲ အူဝဲ အူဝဲ အူဝဲ'

'ဟေး ဟေး ဟေး ဟေး'

ဝိုင်းပတ်က ခုန်နေသည့် အမျိုးသမီးများ တစ်ဦးပြီး တစ်ဦး ပြာကိုကလေးငယ် ပါးစပ်တွင်း ထိုးထည့်၍ လူစုံသွားသောအခါ နတ်ဆရာသည် ကလေးအနီးသို့ ချဉ်းကပ်လာပြန်ကာ လက်ထဲမှ ပြာပုံများဖြင့် မျက်နှာကိုသုတ်လိမ်းပေးပြန်ရာ မွေးကင်းစကလေးငယ်မှာငယ်သံပါအောင် စူးစူးရှရှ အော်ဟစ်လေတော့သည်။

'အူဝဲ အူဝဲ အူဝဲ အူဝဲ'

'တောက်'

မြွေခားရှင် ကျောင်စွ်ကြီးမှာ ထိုဝတ်ရုံနက် လူမျိုးတစ်စု ပြုလုပ်နေသည့် အပြုအမူအား ဒေါသဖြစ်စွာ ဘောက် တစ်ချက် ခေါက်လိုက်မိသေး၏။

သို့ရာတွင် သူ၏တောက်ခေါက်သံမှာ မောင်းတီးခတ်သံ ကလေးငိုကြွေးသည့် ယောကျ်ားကြီးများ၏ ငြာသံပေး အော်ဟစ်သံတို့အောက်၌ ပျောက်ကွယ်ခဲ့ရလေသည်။

ထိုအခိုက် နတ်ဆရာလူကြီးက ကလေးငယ်အား ကောက်၍ မချီလိုက်၏။

ကလေး၏ကိုယ်ခန္ဓာအား လက်နှစ်ဖက်နှင့် မြှောက်မပြီး တစ်စုံတစ်ရာကို ပသဟန်ပြုလုပ်လျက် ကိုယ်ကို ယိမ်းထိုး လှုပ်ရှား ပြန်သည်။

ယောကျ်ားကြီးများက ဟားဟားနှင့် အော်ဟစ်နေကြသည်မှာ ပို၍ကျယ်လောင်လာသည်။

ကခုန်နေကြသည့် အမျိုးမီးများမှာလည်း ပို၍ လျှင်မြန်သွက်လက်စွာ လှုပ်ရှားမှုတို့က မြန်လာ၏။

မောင်းတီးခတ်သည့် လူသုံးဦးကား တနောင်နောင်နှင့် အားရပါးရ ခုန်ပေါက်တီးခတ်နေကြပြန်သည်။

'ဟေး ဟေး ဟေး ဟေး'

'နောင် နောင် နောင် နောင်'

'အူဝဲ အူဝဲ အူဝဲ အူဝဲ'

ရုတ်တရက် နတ်ဆရာက ကလေးအား မြှောက်ယမ်းခြင်းကို ရပ်တန့်လိုက်သဖြင့် မောင်းတီးသူများနှင့် အော်ဟစ်နေသူများကလည်း ငြိမ်သက်တိတ်ဆိတ်သွားလေသည်။



ထိုအခါ မီးပုံပွဲသည်လည်း မီးစွဲလောင်နေသည့် အသံများမှတစ်ပါး မည်သည့်အသံမှ မကြားရတော့ချေ။

နတ်ဆရာမှာ နှုတ်မှအသံမထွက် တတွတ်တွတ်နှင့် ရွတ်နေ၏။

ထို့နောက် ၎င်းမီးပုံထဲသို့ ကလေးအား မြှောက်ကာ ပစ်ထည့်ရန် ရွယ်လိုက်၏။ မြွေခားရှင် ကျောင်စွ်ကြီးမှာ မနေသာတော့။

ဝုန်းခနဲ မီးပုံအနောက်ဘက်မှ ခုန်ထွက်လိုက်ရတော့သည်။

တစ်ပြိုင်နက်ပင် သူ့လက်ထဲတွင်လည်း မြွေခားရှည်လျားကြီးအား ကိုင်စွဲပြီး ဖြစ်၏။

နတ်ဆရာရှေ့သို့ သူ့ခားကိုင်လျက် ကျရောက်သွားခဲ့သည်။

ရုတ်တရက် သူ့အားမြင်တွေ့လိုက်ရသော နတ်ဆရာကြီးမှာ အံ့အားသင့်ပြီး မှင်တက်နေမိလေသည်။

သူက လူကြီးထံမှ မွေးကင်းစ ကလေးငယ်အား လုယူလိုက်သည်။

'အူဝဲ အူဝဲ အူဝဲ အူဝဲ'

ကလေးက စူးရှစွာ အော်ဟစ်ပြန်သည်။

အနက်ရောင်ဝတ်စုံဝတ် ခေါင်းတုံးပြောင်နှင့် ယောကျ်ားကြီးများက သူတို့၌ပါလာသည့်လက်နက်များအား ကိုယ်စီထုတ်ယူလိုက်ကြသည်။

နတ်ဆရာကမူ သူ့အား မမှိတ်မသုန် စူးစိုက်ကြည့်ပြန်၏။

ကခုန်နေကြသည့် မိန်းမများလည်း မျက်စောင်းခဲကာ သူ့အား လူထူးလူဆန်းသဖွယ် ကြည့်ရှုနေကြပြန်သည်။

'သင် ဘယ်သူလဲ'

နတ်ဆရာ နှုတ်မှတိုးညင်းစွာ မေးမြန်းသံ ထွက်ပေါ်လာ၏။

ကျင်စွဲကြီးက သူ့ကလေးအား လက်တစ်ဖက်က ဆုပ်ကိုင်လျက် မြွေခေါင်းအား အဆင်သင့် ရှေ့သို့ တန်းကာ ထုတ်ထားပြီး ဖြေကြားသည်။

'ကျုပ်ဘယ်သူဆိုတာက အရေးမကြီးဘူး၊ ဒီကလေးကို မီးထဲထည့်ပစ်တာကအရေးကြီးတယ်၊ အဲဒါဘာသဘောလဲ'

သူ၏ ခပ်ထန်ထန် စကားကြောင့် နတ်ဆရာများ မျက်မှောင်ကုပ်သွား၏။

'ဒါ ကျုပ်တို့ လူမျိုးတွေရဲ့ ထုံးစံပဲ၊ သူ့မိခင် သူ့ကို မွေးပြီး သေဆုံးတယ်၊ ဒီကလေးဟာ မကောင်းဆိုးရွားလေးပဲ၊ ဒါကြောင့် သူ့မိခင်နဲ့ အတူ မီးရှို့ သင်္ဂြိုဟ်ကြတာပေါ့'

နတ်ဆရာသည် နှုတ်ခမ်းကို လှုပ်ရုံ တုံ့ပြန် ပြောဆိုလိုက်သည်။

ဒီကလေးမှာ အပြစ်မရှိဘူး၊ သူ့ဖခင် မရှိဘူးလား'

'ရှိတယ်၊ ဟောဟိုလူဟာ သူ့ဖခင်ပဲ'

နတ်ဆရာက ခေါင်းတုံးနှင့်လူထွားထွားတစ်ဦးအား လက်ညှိုးညွှန်၏။ထိုလူထွားကြီးက ကျင်စွဲကြီးအား မျက်လုံးပြူးလျက် မကျေနပ် ပြန်ကြည့်နေသည်။



'ကိုယ့်ကလေးကို မီးရှို့သတ်မယ့်ဟာကို ခင်ဗျားကိုယ်တိုင်က သဘောတူတယ်ပေါ့ ဟုတ်လား'

ကျင်စွဲကြီးက မေးမြန်းလိုက်ရာ လူထွားကြီးက....

'ဒါ ကျုပ်တို့ရဲ့ ဓလေ့ထုံးစံပဲ၊ ခင်ဗျား ဝင်မရှုပ်ပါနဲ့'

ထိုအခါ ကျင်စွဲကြီးက သူ့လက်ထဲရှိ မွေးကင်းစကလေးအား တစ်ချက် စောင်းငဲ့ ကြည့်ရှုပြီး စိတ်မကောင်းသောဟန်ဖြင့်....

'အံ့ဩစရာပဲ ကလေးရေ၊ မင်းဖခင်ကိုယ်တိုင်က မင်းကို သတ်ဖို့ သဘောတူနေလေရဲ့ကွယ်'

'အူဝဲ အူဝဲ အူဝဲ အူဝဲ'

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျင်စွဲကြီး စကားဆုံးသည်နှင့် ကလေးက အော်ငိုလိုက်ပြန်သည်။

ကျင်စွဲကြီးရင်ထဲ စစ်ခနဲ နာကျင်သွားရသည်။ သည်လူမျိုးစုက မည်သည့် လူမျိုးစုမှန်း သူမသိ။ မည်သည့် ဘာသာ ကိုးကွယ်မှန်းလည်း သူ မခန့်မှန်းတတ်။ သူသိသည်က သည်ကလေးဟာ လူသားတစ်ယောက် ဖြစ်နေကြောင်းပင်။

ထို့ကြောင့် သူ့စိတ်ထဲ လူသားတစ်ယောက် ပီသစွာ သနားကြင်နာမိ၏။ စာနာမိ၏။ မေတ္တာထားမိ၏။ လူ့ဘဝထဲ လူသားတစ်ယောက်အဖြစ် ရောက်လာပြီးကာမှ မည်သည့် အမှုကိစ္စမျိုးကိုမှ မကျူးလွန်ရပါပဲနှင့် လူသားစု၏ အပြစ်ပေး သတ်ဖြတ်ခံရမည့် အရေးကို သူမတွေ့လို မမြင်လိုလှပေ။ သို့ဖြင့် သူ့ စိတ်ဆုံးဖြတ်ချက် တစ်ခုအား ခိုင်ခိုင်မာမာချလိုက်မိသည်။

မြူမှုန်လောက်မျှ အပြစ်မရှိသည့် မွေးကင်းစ ကလေးအား ဖြစ်သည့်နည်းဖြင့် သူ ကယ်တင်ရတော့မည်ဟုပင် ဖြစ်သည်။

ထို့ကြောင့် ထိုနတ်ဆရာနှင့် သူ့လူ ခေါင်းတုံးပြောင်များအား အတိအလင်း ကြေညာလိုက်သည်။

'ခင်ဗျားတို့ ဒီကလေးကို မီးရှို့ခွင့် ကျုပ် မပေးနိုင်ဘူး'

သူ့စကားကို ကြားလိုက်ရသော နတ်ဆရာ၏ မျက်လုံးများ ပြောင်လက်လာသည်။

'ကျုပ်တို့ရဲ့ ဓလေ့ထုံးစံကို မနှောင့်ယှက်ချင် စမ်းပါနဲ့ မိတ်ဆွေ'

ကျင်စွံကြီးက နတ်ဆရာ၏ စကားကို အပြုံးဖြင့် တုံ့ပြန်လိုက်သည်။

'လူသားချင်း ရိုင်းပင်းကူညီဖို့အတွက် ဓလေ့ထုံးစံကို ကျုပ် ဂရုမစိုက်နိုင်ဘူး နတ်ဆရာ'

'ဒါဆိုရင် သင်၏ အသက်ကိုပါ ကျုပ်တို့ ယူရလိမ့်မယ်'

'ယူနိုင်ရင်တော့ ယူပါလေ နတ်ဆရာ၊ အဲ....ဒါပေမယ့် ကျုပ်ရဲ့ မြွေဓားနဲ့တော့ ရင်ဆိုင်ရမယ်ဗျို့'

ကျင်စွံကြီးတစ်ယောက် ထိုလူမျိုးစု တစ်စုလုံးနှင့် ရင်ဆိုင် တိုက်ခိုက်ရန် ဆုံးဖြတ်ကတည်းက ထိုအဖြစ်ကို တွေးမိထားပြီးဖြစ်သည်။

သူက လူစိမ်းသက်သက်၊ ထိုလူမျိုးစုများ မည်သည့်တိုက်ခိုက်ခြင်းပညာရပ်များ ရှိနေသည်ကို သူမသိ။



သူသိထားသည်မှာ ဤကလေးကား လူသားတစ်ဦးဖြစ်ကြောင်းပင်။ နတ်ဆရာက ခေါင်းတုံးပြောင် ယောကျ်ားကြီးဘက် လှည့်ကြည့်၏။ ထိုအခါ ပထမဆုံး စတင် လှုပ်ရှားလေသူက ကလေး၏ ဖခင်ဆိုသူ လူထွား ခေါင်းတုံးကြီးပင် ဖြစ်သည်။

သူက အသက်သုံးဆယ်ခန့် ရှိမည့် လူရွယ်တစ်ဦးသာလျှင် ဖြစ်သည်။ တောင့်တင်း ကြံ့ခိုင်သည့် ခန္ဓာကိုယ်နှင့် လျှင်မြန်ဖျတ်လတ်ပုံ ရ၏။

သူက ကျင်စွံကြီး လက်ထဲမှ မွေးကင်းစ ကလေးအား ခုန်လွှားလျက် ဝင်ရောက် လုယက်လေသည်။

ကျင်စွံကြီးက ကလေးအား ကိုင်ဆုပ်ထားသည့် လက်ကို နောက်ဘက်သို့ ဆုတ်ဖယ် တိမ်းရှောင်လိုက်ပြီး မြွေဓားရှင် လက်ကိုင်ရိုးနှင့် လူထွားကြီးအား ရိုက်ချလိုက်သည်။

ဤအနေအထားက ကလေးဖခင်၏ ဇက်အား ဓားသွားနှင့် ပိုင်းချ၍ ရနိုင်သော အခြေအနေ ဖြစ်သည်။

သို့သော် သူက ထိုသို့ မပြုလုပ်နိုင်ပေ။ ထို့ကြောင့် ဓားဦးနှင့်သာ ဆောင့်ချလိုက်ခြင်း ဖြစ်သည်။

ထို့ပြင် သူသည် ရေမသောက်ရ၊ အစာမစားရနှင့် အားအင်တို့က ပြတ်လတ်ချည့်နဲ့နေသေး၏။ သာမန်သိုင်းသမားသာဆိုလျှင်လည်း သည်ခရီးတိုင်အောင် ပေါက်ရောက်လာမည်မထင်။ လမ်းခုလတ်တွင်ပင် အစာရေစာမဲ့လျက် လဲပြိုကျရောက်မည်ထင်၏။ ကျင်စွံကြီးကတော့ သည်လိုမဟုတ်။ ခံနိုင်ရည်ရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးပင်။

မည်သို့ဖြစ်စေ၊ အစာရေစာပြတ်သည်ထက် ရေငတ်သည့် ဝေဒနာက ဆိုးရွားလွန်းစွာ သူခံစားနေရ၏။

ခုလို တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ရမည်ဆိုပြန်တော့ သူ ရေတစ်ကျိုက်လောက်သောက်လိုက်ရလျှင် အလွန်မှပင် အားအင်တို့ ပြည့်ဝလာမည်မှာ အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ဟိုဟိုသည်သည် သူ ရှာဖွေကြည့်ရှုလိုက်မိသည်။

ထိုအခါ နတ်ဆရာထားခဲ့သော မွေးကင်းစ ကလေးကို ချထားခဲ့သည့်နေရာဝယ် လက်တစ်ဝါးသာသာခန့်ရှိ မြေခွက် တစ်ခွက်ကို သူ တွေ့ရှိရ၏။

ရိုးရိုးရေလား၊ ဒီသို့မဟုတ် နတ်ဆရာ ဖော်စပ်ထားသည့် ရေမန်းဆေးရည်လား၊ ဒါမှမဟုတ် အရက်သေရည်လား။ ခွက်နှင့်ထည့်ထားသည့်အရာမှာ အရည်တစ်မျိုးမျိုးသာဖြစ်ပေလိမ့်မည်။

ဖြစ်ချင်ရာဖြစ်စေတော့။ သူ့အဖို့ ခုနေအခါ ရေတစ်ခုခု သောက်ရလျှင် ကျေနပ်ပြီဖြစ်သည်။ သို့ဖြင့်....

ကျင်စွံကြီး ထိုခွက်ရှိမည့်နေရာသို့ လွှားခနဲ ခုန်ချလိုက်၏။ ပြီးတော့ ခွက်အား ဓားကိုင်သည့် လက်နှင့် ဆတ်ခနဲ ကောက်ယူကာ မော့ချလိုက်လေတော့သည်။

'အာ'

လည်ချောင်းတစ်လျှောက် ပူဆင်းသွားရလေသည်။ ခဏ ကြာလျှင် အာခံတွင်းဝယ် အေးမြသောခံစားမှုများအား သူ ခံစားနေခဲ့ရ၏။



အရက်ဆေးရည်တစ်မျိုးမျိုးလား၊ သူ မသိ။ အားအင် တို့က ပြည့်ဝလာသည်မှာ အမှန်ဖြစ်သည်။

ကျင်စွံကြီး၏အပြုအမူကြောင့် နတ်ဆရာနှင့်သူ၏လူများ အံ့အားသင့်လျက် ငေးမောကြည့်ရှုနေကြလေသည်။

ကျင်စွံကြီးကတော့ အားအင်တို့ ပြည့်ဖြိုးလာပြီဖြစ်၍ ဓားကိုဝင့်လိုက်ကာ အော်ဟစ်လိုက်မိတော့သည်။

'ကဲ...ခေါင်းပြတ်ချင်သူတွေ ဇိုက်ဝံ့ တိုက်ကြစမ်းဟေ့'

သည်တော့မှ နတ်ဆရာနှင့် ခေါင်းတုံးများကလည်း တိုက်ခိုက်ရန် ပြန်လည်နေရာယူကြ၏။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

ခေါင်းတုံးယောကျ်ားများ၌ ဓား လှံ ခက်ရင်း မှိန်း စသည့် လက်နက်များ အစုံအလင်ရှိထားကြ၏။ ထိုလက်နက် များဖြင့် သူ့အား တစ်ပြိုင်နက် ဝိုင်းဝန်းတိုက်ခိုက်ကြလေ သည်၊

တိုက်ခိုက်ကြပုံများကလည်း ရှိုင်းစိုင်းကြမ်းတမ်းကြကုန် သည်။

သတ္တိဗျတ္တိရှိကြကာ အကြောက်အရွံ့မဲ့ မိုက်မိုက် ကန်း ကန်း ဝင်ရောက်တိုက်ခိုက်ကြခြင်းဖြစ်သည်။

အနာခံ အသေခံ မိုက်မဲစွာ အပြင်းအထန် သဲသဲမဲမဲ လှုပ် ရှားကြ၏။ တောရိုင်းသတ္တဝါများလို ရှူးရှူးရှဲရှဲ ပြူးတူး ပြဲတဲဖြင့် လက်နက်များကို ဝှေ့ယမ်းကာတရကြမ်းဝင်ရောက် ကြခြင်းဖြစ်၏။

သည်လိုရန်သူမျိုး မည်မျှအရေအတွက်များများ ကျင်စွံကြီးအဖို့ သားကောင်များလို တစ်ဦးပြီးတစ်ဦး တိုက်ချလိုက်ရုံပင် ဖြစ်၏။

သူတို့လက်နက်များ၏ တိုက်ကွက်များက ပရမ်းပတာ။ ကျင်စွံကြီးအတွက် ရှောင်ရုံ တိမ်းရုံ ဖယ်ထုတ်ရုံသာ။ လက်ထဲမှ မြွေခါးနှင့် ရှပ်ခုတ်လိုက် အပြားလိုက်ရိုက်ချလိုက် ခါးရိုးနှင့် ထုချလိုက် စသည်ဖြင့် သည်သိုင်းပညာမဲ့ အရိုင်းတို့အား ဒဏ်ရာအနာတရ ဖြစ်ရုံသာ လှုပ်ရှားတိုက်ခိုက်နေခဲ့၏။

တကယ်တမ်း သူ၏မြွေခါးနှင့် တိုက်ခိုက်ခုတ်လိုက်ပါက သူတို့သည် တစ်ဦးတစ်လေမျှပင် ကျန်တော့မည် မထင်ချေ။

မြွေခါးဆိုသည်က မြွေပွေးတစ်ကောင်နှယ် ခါးဦးနှင့် မြစ်မိသည်ပင် တုံးခနဲ လဲကျကာ ပွဲချင်းပြီး သေဆုံးသွားနိုင်သော ခါးတစ်လက်ဖြစ်သည်။

သည်မြွေခါးနှင့် ရန်သူပေါင်းများစွာ အသက်ဇီဝိန်ပေါင်း များစွာကို ကျင်စွံကြီး ခြွေခဲ့ပြီးဖြစ်၏။

သည်ခါးချက်ဖြင့် ကျဆုံးခဲ့သူတို့မှာ သိုင်းပညာကို တတ်ကျွမ်းကြသည့် တကယ့်သိုင်းသမားများသာလျှင် ဖြစ်ကြ၏။

ယခုနှယ် လက်နက်ကိုင်တတ်ရုံ အရိုင်းအစိုင်းလူမျိုးများ၊ သိုင်းပညာမဲ့သောလူများ တစ်ဦးတစ်ယောက်မျှမပါ။

သည်အတွက် သူက သတ်ရ ဖြတ်ရမှာ ဝန်လေးလှ၏။ ကိုယ့်စိတ်ကိုယ် မယုံတဲရှိသည်။ အားအင် ကြီးမားလှသည့်



တောဘုရင်ခြင်္သေ့ကြီးနှင့် ကြောက်တတ်သည့် ယုန်အငယ်တို့ ရင်ဆိုင်သတ်ပုတ်ရမည့်အလုပ်ကို သူ မလုပ်ချင်။

ထို့ကြောင့် သည်ခေါင်းတုံးလူမျိုးစုအား ခါနာပြီး သူ့အား ရန်မမူနိုင်အောင် ကြောက်လန့်၍ ထိတ်သွားအောင်သာ တိုက်ခိုက်နေမိသည်။

သူ့လက်ချက်နှင့် ခေါင်းတုံးပြောင်များမှာ မြေပေါ်တွင် ဖရိုဖရဲပြိုလဲနေကြကာ ညည်းညူနေကြကုန်သည်။

ကျင်စွံကြီးကတော့ ဟိုမှသည်မှ ခုန်ကာပျံကာ လှုပ်ရှားကာဖြင့် ... လေးကိုပိုက်လျက် တိုက်ခိုက်နေလေသည်။

ဝတ်ရုံနက်ဝတ်မိန်းမများ၏ အော်ဟစ်သံများကလည်း တိုက်ပွဲကြားဝယ် နားကွဲလုမတတ် ဆူညံနေပြန်သည်။

နတ်ဆရာများနှုတ်က တဖွဖွရွတ်ဆိုလျက်။ တစ်နေရာမှာ ကျင်စွံကြီးအား ကျိန်ဆဲနေခဲ့လေသည်။

အတန်ကြာသောအခါ မီးပုံနား ပတ်ဝန်းကျင်တစ်ဝိုက်ဝယ် ခေါင်းတုံးကြီးများမှာ တစ်ဦးတစ်ယောက်မျှမကျန်အောင် ဒဏ်ရာကိုယ်စီရလျက် ကစဥ့်ကလျား လဲနေကြပြီဖြစ်သည်။

မြေပြင်ထက်၌ မတ်တတ်ရပ်ကျန်ရစ်ခဲ့သူဆို၍ ရွတ်ဖတ်ကျိန်ဆိုနေသည့် နတ်ဆရာတစ်ဦးသာလျှင် ကျန်တော့သည်။

သူကား ကျင်စွံကြီးအား မည်သို့မှ ဝင်ရောက်တိုက်ခိုက်ခြင်း မပြု။ နှုတ်မှ တတွတ်တွတ်သာ ရွတ်ဆိုနေခဲ့သည်။

ကျင်စွံကြီးက သူ့ရှေ့၌ သွားရောက် ရပ်တန့်လျက်။

'ဒီမှာ ခင်ဗျားပါးစပ် ပိတ်မလား မပိတ်ဘူးလား ပြောစမ်း'

နတ်ဆရာမှာ သူ့စကားအား မကြားသကဲ့သို့ မည်သို့သော အမူအရာမှ မပြောင်းမလဲရှိသည်။ ပါးစပ်ကိုလှုပ်ကာ ရွတ်မြဲဆိုမြဲနေသည်။

ကျင်စွံကြီး ဒေါသထွက်သွားမိသည်။

ထို့ကြောင့် မြွေခေါင်းရိုးနှင့် သူ၏မျက်နှာအား ဖြတ်ရိုက်ချလိုက်သည်။

'ဖောင်း'

'အား....အား'

နတ်ဆရာခမျာ ကန့်လန့်ဖြတ် လဲကျသွားရှာသည်။

သို့သော် သူက အံပြုံးမပျက် အရယ်မပျက်။ ကျင်စွံကြီး အံလွန်ဒေါပွသွားပြန်သည်။ သူ့မျက်နှာအား ခြေနှင့် ခတ်ကန်လိုက်မိပြန်သည်။

'ဖြောင်း'

'အီး'

နတ်ဆရာ နောက်ပြန်လဲကျသွားပြန်သည်။ ပါးစောင်မှလည်း သွေးများ ယိုစီးကျလာသည်။

သူ့မျက်လုံးအစုံက မီးဝင်းဝင်းတောက်နေသည်။

မီးကျည်ခဲနှစ်ခဲပမာ ရဲလျက်ရှိသည်။ ကျင်စွံကြီးအား စူးစူးရဲရဲ ကြည့်နေလေသည်။

ထို့နောက် လှဲနေရင်းမှ လက်ညှိုးထိုးကာ နှုတ်မှရွတ်ဆိုသည်။



'သင် မကြာမီ အသေဆိုးနဲ့ သေရလိမ့်မယ်'

'ဘာ'

ကျင်စွံကြီးစိတ်ထဲ မည်သို့ ဖြစ်သွားသည်တော့ မသိ။ နတ်ဆရာ၏ ယင်းစကားကြောင့် ကြက်သီးမွေးညင်းထကာ ထိတ်လန့်သွားမိသည်။

'ကျုပ် ဘာကြောင့် သေရမှာလဲ၊ သေမယ့်သေ မင်းပဲ သေဖို့ ရှိတယ်ကွ'

မခံချင်စွာ ကျင်စွံကြီးက ကြိမ်းဝါးလိုက်သည်။

'သင် ငါ့ရဲ့ အဆိပ်ခွက်ရည်ကို သောက်ထားခဲ့ပြီပဲ'

ကျောက်ရုပ်ကဲ့သို့သော အေးစက်စက် အမူအရာနှင့် နတ်ဆရာက ပြောလိုက်ရာ ကျင်စွံကြီးမှာမျက်လုံးအစုံပြူးကြောင်သွားမိပြန်သည်။

'ဘာ....အဆိပ်ခွက် ဟုတ်လား'

'ဟုတ်တယ် ငါ့အဆိပ်ရည်ကြောင့် သင်သေရလိမ့်မယ်'

သည်တစ်ခါတော့ မြွေဆေးရှင် ကျင်စွံကြီး အမှန်တကယ် စာနုလှုပ်သွားမိတော့သည်။

သူ့ရင်၌ မီးစဖြင့် ထိုးလိုက်သည်သို့ စစ်ခနဲ ပူလောင်သွားသည်။

မျက်လုံးအမြင်များလည်း တုန်ခါ ဝေဝါးလာသလို ရှိသည်။ နတ်ဆရာအား သူ လှမ်းကြည့်ရှုသည်။ မြင်ကွင်းက တရိပ်ရိပ်နှင့် မသဲမကွဲ။ သူ့စိတ်ထဲ ကျေနပ်အားရနေသည့် နတ်ဆရာဖြစ်သူ၏ အပြုံးများကို မြင်ရသလိုရှိသည်။

မြွေခေါင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

လက်တစ်ဖက်ကလည်း မွေးကင်းစကလေးကို ဆုပ်ထားသည့် အဝတ်ထုပ်အား ပိုက်ထားသည်။

သည်ကလေးကိုတော့ နတ်ဆရာထံ ချန်ထားလို့ခဲ့။ မိမိနှင့်အတူ နတ်ဆရာကိုပါ ခေါ်ဆောင်သွားလိုပေသည်။

ထို့ကြောင့် မြွေဓားနှင့် နတ်ဆရာဖြစ်သူအား မုန်းတီးစက်ဆုတ်စွာ သူ ပိုင်းချလိုက်သည်။

သို့ရာတွင် သူ၏ ဓားချက်က နတ်ဆရာဖြစ်သူထံ တိတိကျကျ ရောက်မသွား။ နတ်ဆရာက လွယ်လွယ်ကူကူပင် ရှေ့ပြောင်း ရှောင်တိမ်းသွားနိုင်ခဲ့လေသည်။

'ဟား ဟား ဟား'

နတ်ဆရာ၏ ရယ်မောသံများက ကျယ်လောင်စွာ ပေါ်ထွက်နေခဲ့၏။ ကျင်စွံမှာ ဒေါသူပုန်ဖြင့် နတ်ဆရာအား ဒေါသကြီးစွာ လိုက်လံ တိုက်ခိုက်နေခဲ့သည်။

'ဟား ဟား ဟား'

နတ်ဆရာ ရယ်မောသံကြီးက သူနှင့် တဖြည်းဖြည်း ဝေးလံသွားခဲ့၏။ မြွေဓားရှင် ကျင်စွံကြီး မြင်းပေါ်သို့ ရအောင် တက်လိုက်သည်။ ထို့နောက် နတ်ဆရာ၏ ရယ်မောသံနောက် မြွေဓားကြီးကိုမြှောက်ကာ ထိုးလိုက်နေပြန်သည်။

'အျဲ အျဲ အျဲ'

'ဟား ဟား ဟား'

'ခွပ် ခွပ် ခွပ်'

ရှေ့မှာ တဟားဟား အော်ဟစ်ရယ်ကာ နတ်ဆရာက ပြေးနေ၏။





မြင်းကြီးကား ခွာသံတခွပ်ခွပ်နှင့် နောက်မှလိုက်၏။ မွေးကင်းစ ကလေးငယ်လေးကလည်း စူးရှစွာ အော်ဟစ်ငိုကြွေးနေ၏။

ကျင်စွံကြီးကမူ ရင်ထဲ မီးလောင်မြိုက်နေသည့် ဝေဒနာတစ်ရပ်ကို ခံစားရလျက် မျက်လုံးအစုံမှာလည်း မြင်ကွင်းများကို ကြည်ကြည်လင်လင် မမြင်ရခြင်းမှ တဖြည်းဖြည်း ဝေးကွာကာ အမှောင်ဘက်သို့ ချဉ်းကပ်လာနေခဲ့သည်။

မြွေဓားကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားလျက် မွေးကင်းစ ကလေးငယ်ကို မြဲမြံစွာ ဆုပ်ကိုင်ထားသော မြွေဓားရှင် ကျင်စွံကြီးသည် မြင်းထက်၌ ခေါင်းစိုက်ကာတစ်စတစ်စ ငိုက်ငိုက်ကျလာနေသည်။

မြင်းကြီးကမူ ခြေကျမ္ဗန်စွာ ပြေးနှင်နေဆဲပင်။

'ခွပ် ခွပ် ခွပ်'

[ ၂ ]

**ထံစ်ခကာင်ကြွက်**

ချန်ယီသည် ယူနန်နယ်သားတစ်ဦး ဖြစ်၏။

မိဘမဲ့သော လူငယ်ဖြစ်သည့်အလျောက် ပညာလည်း မတတ်ချေ။ အသက်မှာ ဆယ့်ရှစ်နှစ်ထဲသို့ ဝင်ပြီဖြစ်သော်လည်း ယောကျ်ားတို့ တပ်အပ်သည့် အဋ္ဌာရသ ဆယ့်ရှစ်ရပ်ဟူသော ပညာရပ်များကိုလည်း သူ နားမလည်ပေ။

သူ့အား မွေးဖွားပြီးချင်း မီးတွင်း၌ပင် အသက်ဆုံးရှုံးခဲ့ရသော မိခင်၏ အစ်မတစ်ဦးဖြစ်သူ ကြီးတော်နှင့် [illegible]နေထိုင် ကြီးပြင်းခဲ့ရသူလည်း ဖြစ်၏။

အပျိုကြီးတစ်ဦးဖြစ်သူ ကြီးတော်က သူ့အား ဆယ့်နှစ်သားအရွယ်ခန့်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့ပြီး လူ့ဘဝကို စွန့်ခွာသွားသောအခါ၌ ချန်ယီမှာ တစ်ကောင်ကြွက်ဘဝဖြင့် လူငယ်လေးတစ်ဦးအဖြစ် လောကဓံအား ရင်ဆိုင်ခဲ့ရလေသည်။

တကယ်တော့ ချန်ယီ၏ မိခင်သည် သူ့အား ဖခင်မဲ့သော ကလေးတစ်ဦးအဖြစ် လူ့လောကထဲ ထားရစ်ခဲ့ခြင်း ဖြစ်သည်။

တစ်မြို့တစ်နယ်သား ယောကျ်ားနှင့် ရည်ငံချစ်ကြိုက်ပြီး လွန်လွန်ကျူးကျူး ဖြစ်ခဲ့ရာမှ ထိုယောကျ်ားမှာ သူ့မြို့ဒေသဝယ် သိုင်းသမားချင်း ယှဉ်ပြိုင်တိုက်ခိုက်ရာမှ ရှုံးနိမ့်ပြီး သေဆုံးခဲ့ရသောကြောင့် ချန်ယီ၏ မိခင်ထံပြန်မလာနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ချန်ယီအား ကိုယ်ဝန်ဆောင်လျက် အစ်မဖြစ်သူ၏ ပြုစုစောင့်ရှောက်မှုဖြင့် ကလေးအား မွေးဖွားပြီး ချန်ယီမိခင် ဆုံးပါးသွားသောကြောင့် ချန်ယီမှာ အပြစ်မဲ့စွာ ရပ်ရွာမှ ကဲ့ရဲ့ အပြစ်တင်စရာကလေးတစ်ဦး ဖြစ်ခဲ့ရ၏။

ဖခင် အမည်မဖော်နိုင်သော ကလေးတစ်ဦးဖြစ်သည့်ပြင် မိခင်ကိုယ်တိုင်ကလည်း မိခင်ကိုယ်တိုင်ကလည်း မီးတွင်းထဲ သေဆုံးခဲ့ပြန်သဖြင့် ချန်ယီမှာ မကောင်းဆိုးဝါးကောင်လေး တစ်ဦး ဖြစ်ခဲ့ရလေသည်။

ကြီးတော် ကွယ်လွန်ပြီး ရပ်ရွာတွင် ထမင်းတစ်လုတ်စားရဖို့ ချန်ယီအတွက် အလွန်ခက်ခဲသွားခဲ့သည်။



မည်သူမှ သူ့အား စေတနာမေတ္တာမထားကြဘဲ မိမဲ့ဖမဲ့ ဆွေမျိုးမဲ့ တစ်ကောင်ကြွက်အဖြစ် ဥပေက္ခာပြုလျစ်လျူရှု ထားကြလေသည်။

ကြီးတော်သေဆုံးပြီး တစ်နှစ်နီးပါး ရိုးသားကြိုးစားစွာ နေထိုင်ခဲ့သော်လည်း ရပ်ရွာတွင် ချန်ယီမှာ မျက်နှာသာမရ ရှာဘဲ လူတိုင်း၏ ဖိနှိပ်အထင်သေးမှုကို ခံခဲ့ရရှာ၏။

ထို့ကြောင့် အသက်ဆယ့်ရှစ်နှစ် ပြည့်မြောက်သည့်အချိန်၌ ချန်ယီမှာ တစ်နယ်မပြောင်း သူကောင်းမဖြစ်ဟူသည့် ထုံးကို နှလုံးမူကာ ရပ်ရွာမှ စွန့်စားထွက်ခွာခဲ့ခြင်း ဖြစ်လေသည်။

မိမိလို ဖခင်နာမည်မရှိ၊ မိခင်မဲ့ ဆွေမျိုးမရှိသူ တစ်ဦးအဖို့ ယူနန်နယ်မှာ မသင့်လျော် မနေအပ်သောအရပ်ဒေသ တစ်ခုသာဖြစ်သည်ဟု ချန်ယီမှာ ရိုးရိုးကလေး စဉ်းစား တွေးတောမိလေသည်။

လူငယ်စိတ်နှင့်လည်း မခံချင်သော ဝေဒနာများ စုဝေးများပြားလာသည့်အခါ တစ်ရပ်တစ်ကျေးသို့ ထွက်ခွာသွားလိုစိတ်က တဖွားဖွား ပေါ်ပေါက်လာခဲ့၏။

သူ့၌ ကျေနပ်စရာဆို၍ တောင့်တင်းကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် ခြေပြစ်ချောမောသော ရုပ်ရည်အဆင်းသာလျှင် ရှိသည်။

မိဘ နှစ်ဦးအနက် မည်သူနှင့် တူသည်ဟု ပြောဆိုရန်လည်း မိဘနှစ်ဦးစလုံး မမြင်မတွေ့ဖူးခဲ့သောကြောင့် သူ့အဖို့ မပြောတတ်နိုင်အောင်ပင် ဖြစ်ခဲ့လေသည်။

မိမိဘဝကို ကြီးတော်ဖြစ်သူက မသေမီ ပြန်လည်ပြောပြခဲ့သဖြင့်သာ သိခဲ့ရသော်လည်း ပတ်ဝန်းကျင် ချိုးနှိမ်ပြစ်တင်ခြင်းတို့အား သူလည်း မခံနိုင်ခဲ့ပေ။

ကလေးဘဝမှစလျက် လူငယ်ဘဝတိုင်အောင် ရပ်ရွာ၏ အနှိမ်ခံလူသားတစ်ဦးအဖြစ် ချန်ယီ ခံခဲ့ရလေသည်။

သို့ဖြင့် ချန်ယိ တစ်ယောက် မိမိ၏ဇာတိချက်မြှုပ်ရာအရပ်ဒေသကို စွန့်ခွာလာခဲ့လေတော့သည်။

သူ့၌ ခရီးထွက်ရန် မြင်းမရှိ။ ကိုယ့်ကိုကိုယ် ကာကွယ်ရန် လက်နက်အဖြစ် ဓားလည်းမရှိ။ သို့သော်သူ့တွင်ဦးထုပ်အစုတ်တစ်လုံးနှင့် ဖိနပ်အစုတ် တစ်ရန်သာ ရှိသည်။ တို့ပြင် လွယ်အိတ် အပြဲတစ်လုံးလည်း ရှိသေး၏။

မည်သို့ဖြစ်စေ ချန်ယိ ရွာမှ ထွက်ခွာခဲ့၏။

ရောက်လိုရာရောက် ပေါက်လိုရာပေါက် ခြေဦးတည့်ရာသို့ လျှောက်လာခဲ့ခြင်း ဖြစ်သည်။ တောင်တစ်တောင်တွေ့ရသဖြင့် တောင်ပေါ်သို့ တက်ရောက်ခဲ့၏။

စိတ်ပျက်လက်ပျက်နှင့် ထွက်လာခဲ့ခြင်း ဖြစ်၍ ခြေလှမ်းတိုင်း အဓိပ္ပာယ်မဲ့နေခဲ့လေသည်။

ရှေ့ဆက်သွားလိုစိတ် မရှိလျှင် ရောက်ရာအရပ်၌ ရပ်တန့်ကာ အိပ်ချင်အိပ်စက်နေတတ်သည်။ ထိုင်ချင်ထိုင်နေတတ်၏။ ငေးချင်ငေးနေတတ်သည်။

သူရူးတစ်ဦးလို ခရီးစဉ်မဲ့ မရေမရာနှင့် လျှောက်လှမ်းလာခဲ့ခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတော့လည်း လူစော်အား



နာကြည်းပြီး တစ်ဦးတည်း ဟားတိုက်ရယ်မောနေမိပြန်သည်။

တစ်ကောင်ကြွက် ချန်ယိဟု ခေါ်ဆိုကြသည့် လူတွေအားလုံးကို သူ မုန်းတီးရွံရှာမိခဲ့သည်။

သူ့အား တစ်ကောင်ကြွက်ဟု ခေါ်ဝေါ်သမုတ်ကြသည့် လူတွေများ တရားမရှိကြဟု ထင်မိသည်။

တကယ်တော့ လူ့ဘဝဆိုတာ တစ်ယောက်တည်းရောက်လာပြီး တစ်ယောက်တည်းပဲ ပြန်သွားတာကို လူတွေမေ့နေကြခြင်း ဖြစ်သည်။

သူ့နှယ် တစ်ကောင်ကြွက်လည်း သေဆုံးသောအခါ တစ်ယောက်တည်း၊ ဆွေနှင့်မျိုးနှင့် ခြံရံသင်းပင်းနှင့် ရွှေအချင်းစားပြီး မွေးဖွားခဲ့သူလည်း သေဆုံးသောအခါ တစ်ယောက်တည်းပင်။

မိဘမောင်နှမ ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းအသင်း မည်သူမှ လိုက်ပါကြသည်မဟုတ်ပေ။

ထို့ကြောင့် ချန်ယိက ထိုသူတွေကို နာကြည်း၏။ ရွံမုန်း၏။ လူလူချင်း ရွေးပြီးဆက်ဆံကြသည်၊ ခွဲခြားပြီး နေရာပေးကြသည်။

ဥစ္စာပစ္စည်း ငွေကြေးချမ်းသာသူများဆို တစ်မျိုး၊ သူဆို တစ်မျိုး၊ ပညာဂုဏ်ဒြပ်ကြီးသူများကို တစ်မျိုး၊ သူတို့လိုမျိုး ဆွေမျိုးခြံရံ အပေါင်းအသင်းများသူကို တစ်မျိုး သူ့ဆို တစ်မျိုး သည်လိုခွဲခြားဆက်ဆံခြင်း ခံရပါများလာတော့ ချန်ယိက နာလာသည်။

ကိုယ့်ကိုယ်ကိုလည်း သိမ်ငယ် သေးမွှားလာသည်။ တွေးရင်း စဉ်းစားရင်း နာကြည်းရှုံ့ရှာခြင်းတွေသာ တဖွားဖွား ပေါ်လာခဲ့၏။

ရက်ပေါင်းလပေါင်း နှစ်ပေါင်း ရှည်ကြာသောအခါ သူ့မှာလည်း အတွေးအမြင်အသစ် အကြားတွေက ရင့်သန်သောအခါ ပေါက်ကွဲလာခဲ့သည်။

သို့ဖြင့် ဖြစ်လိုရာဖြစ်စေဟု ဆုံးဖြတ်ခါ ရွာမှထွက်လာခဲ့တော့၏။

ထိုနေ့က သူ့ဦးခေါင်းကိုမော့လျက် တောင်ပေါ်လမ်းအတိုင်း လျှောက်လှမ်းလာခဲ့မိ၏။

ပြာလွင်သော မိုးကောင်းကင်ကြီး၏ ကြီးမားကျယ်ပြန့်ခြင်းအား အံ့သြငေးမောလာမိ၏။

မိုးကုပ်အဆုံးအောက်မှ ချန်ယိဆိုသောတစ်ကောင်ကြွက် မိမိမှာ အင်မတန်သေးမွှားသိမ်ငယ်သည့် လူသားသတ္တဝါ အညတရတစ်ဦး ဖြစ်သည်ဟု တွေးနေမိ၏။

'ဟင်း....ငါဆိုတဲ့ကောင်ဟာ ဘာကောင်မှလဲ မဟုတ်ပါလားနော်၊ ဘာသံယောဇဉ်မှလဲ ရှိတဲ့သူမဟုတ်ဘူး၊ လူ့အဝကြီးဟာ အဓိပ္ပာယ်လဲ မရှိတော့ပါဘူးလေ'

တုံးတိုက်တိုက် ကျားကိုက်ကိုက်ပေါ့၊ ဖြစ်ချင်ရာဖြစ်ပါစေ။

တစ်ကောင်ကြွက်ချန်ယိရေ....ဟေး ဟေး ဟေး သူ့ဘာသာ သူ သုံးသပ် သူ့ဘာသာသူဆုံးဖြတ်ကာ သူ့ဘာသာသူ တဟေးဟေး တဟားဟားနှင့် ရယ်မောနေမိသည်။



လေပြင်းများက တဟူးဟူးနှင့် ရိုင်းရိုင်းစိုင်းစိုင်း တိုက်ခတ်နေ၏။

သူ့ဦးထုပ်အစုတ်က လေထဲတွင် ပါသွားသဖြင့် ကမန်းကတန်း လိုက်လ ကောက်ယူရသေး၏။ သူ့ကိုယ်၌ ပစ္စည်းဥစ္စာ ဟူ၍ အစုတ်သုံးမျိုးသာ ရှိလေသည်။

ဦးထုပ်အစုတ် လွယ်အိတ်အစုတ် ဖိနပ်အစုတ်များသာ ဖြစ်သည်။

သူ့ပစ္စည်းများထဲမှ တစ်စုံတစ်ခုမှ အဆုံးရှုံးမခံချင်ပါ။ ထို့ကြောင့် ဦးထုပ်ကို ခေါင်း၌ဖိကာ လေထဲမလွင့်သွားရအောင် သတိထားသွားနေခဲ့ရ၏။ ချန်ယိသည် တောင်စောင်းထက်ဝယ် တစ်လှမ်းချင်းခြေလှမ်းများကိုလျှောက်ရင်း စဉ်းစားတွေးတောလာခဲ့မိလေသည်။

'ချန်ယိ ကကယ်တော့ မင်းဟာ ပညာမရှိ၊ ဥစ္စာမရှိ၊ ဂုဏ်ဒြပ်မရှိတဲ့ကောင်၊ ရှိတာဆိုလို့ တစ်ကောင်ကြွက်ချန်ယိနာမည်နဲ့ မင်းရဲ့ကိုယ်ခန္ဓာပဲ ရှိတယ်လေ၊ အေး....အဲဒီ ခန္ဓာလေးနဲ့ ရှိုးရှိုးသားသား ကြိုးကြိုးစားစား လောကကို ရင်ဆိုင်စမ်း'

မိမိကိုယ်ကိုမိမိ အားပေးရင်း ချန်ယိရှေ့သို့ ခရီးဆက်၏။

သို့ဖြင့် ချန်ယိ ရှေ့တူရူသို့ လှမ်းမျှော်ကြည့်မိသည်။

'ဟင်'

မျက်နှာချင်းဆိုင်မှာ မြင်းတစ်စီး တစ်လှမ်းချင်းလျှောက်လှမ်းလာသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

မြင်းပေါ်၌ ခရီးသည်မှာ ခေါင်းငိုက်စိုက်ပါလာသည်အား တွေ့ရှိရသည်။ ထို့ပြင် ခရီးသည်၌ထူးခြားမှုကို သူ သတိထားမိပြန်၏။

လက်တစ်ဖက်တွင် အထုပ်တစ်ထုပ်ကို ပိုက်ထားလျက် အခြားလက်တစ်ဖက်တွင်မူ ဓားတစ်လက်အား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသဖြင့် ယင်းခရီးသည်မှာ သတိမလစ်သေးကြောင်း သူသိရှိနိုင်ခဲ့သည်။

သူအိပ်ပျော်နေခဲ့တာလား၊ ဒါမှမဟုတ် အရက်မူးလာတာလား၊ ချန်ယီ စိုးရိမ်ထိတ်လန့်စွာ အပြေးကလေး သွားရောက်မိသည်။ မြင်းကြီးကား တစ်လှမ်းချင်းပင် ခြေကျမှန်စွာ လျှောက်လှမ်းလာ၏။

ထိုခရီးသည် အနီးသို့ရောက်ရှိသည်နှင့် ခေတ္တ အကဲခတ်လိုက်မိလေသည်။ အပါးသို့လည်း ချက်ချင်း မချဉ်းကပ်ရဲချေ။

သူ့လက်၌ ရှည်လျားသော ဓားကြီးတစ်ချောင်းက ကိုင်လျက် ဟန်းလန်း။

'ဗျို့...ဦးကြီး၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ ခင်ဗျာ'

ခပ်လှမ်းလှမ်းမှ အသံကို အနည်းငယ်မြှင့်ကာ မေးမြန်းလိုက်သည်။ ခရီးသည်ကြီးက တုတ်တုတ်မျှမလှုပ်။ ခေါင်းငိုက်စိုက်ကျလျက်ရှိနေမြဲ။ ချန်ယီ ခေတ္တ တွေဝေသွားကာ စဉ်းစားနေလိုက်သည်။



'အင်း...သတိမရတာဖြစ်ရမယ်၊ လက်ထဲမှာလဲ အထုပ်တစ်ထုပ်နဲ့ ပြုတ်ကျတော့မှာပဲဟင်'

တစ်ကိုယ်တည်း ရေရွတ်နေမိ၏။

'ကျွန်...ကျွန်တော်...ကူညီရမလားဗျ'

ဒုတိယအကြိမ် ခရီးသည်ကြီးအား မေးမြန်းလိုက်ဒိပြန်သည်။

သည်တစ်ခါလည်း မည်သို့မှ မတုံ့ပြန်ပါချေ။ သို့နှင့် ချန်ယီ အနီးသို့ အရဲစွန့်ကပ်သွားမိသည်။

'ဦးကြီး...ဦးကြီး အိပ်ပျော်နေလား ခင်ဗျာ'

သူ တီးတိုးခေါ်လိုက်မိသည်။ မည်သို့မျှမထူးချေ။ ချန်ယီသည် ခရီးသည်ကြီးလက်နှင့် ပွေ့ထားသည့် အထုပ်အား ပြုတ်ကျမည်စိုးသဖြင့် အသာကလေး ဖေးမ,ကိုင်တွယ်လိုက်မိ၏။

'အျူဝဲ အျူဝဲ အျူဝဲ'

ထိတ်လန့်စွာ သူနောက်သို့ခုန်ဆုတ်လိုက်ဖြစ်သည်။

မွေးကင်းစကလေးငယ်ကား အိပ်ပျော်နေရာမှ လှုပ်နိုးလိုက်သကဲ့သို့ ဖြစ်သွားကာ စူးရှစွာအော်ဟစ်ငို၏။

ချန်ယီသည် အံ့ဩလွန်းစွာ မျက်လုံးအစုံ ပြူးကျယ်လျက် ကြည့်ရှုနေမိသည်။

ကလေးငိုသံကြောင့် ခရီးသည်ကြီး၏ လက်တစ်ဖက်က လှုပ်လာသည်။ ထိုလက်ကား ဓားကိုင်သောလက် ဖြစ်လေသည်။

လူးလွန့်ရုံ လူးလွန့်လာခြင်းဖြစ်၏။ ချန့်ယီ နောက်တွန့်ပြီး ဆုတ်လိုက်မိ၏။

'ဦး....ဦးကြီးရဲ့ကလေး ကျသွားမှာစိုးလို့ပါခင်ဗျာ'

သူက တောင်းပန်လိုက်ရာ ငိုက်နေသော ခရီးသည်ကြီး၏ ခေါင်းမှာ တဖြည်းဖြည်းထောင်လာပြီး ချန့်ယီအား ရီဝေစွာ လှမ်းကြည့်၏။ သို့ရာတွင် သူ့မျက်ဝန်းက မှေးစင်းစွာဖြင့် ကြည့်ရှုနေခြင်းသာ ဖြစ်သည်။

'မင်း....မင်း.... ဘယ်သူလဲ'

ခရီးသည်ထံမှ မပီမသ ဗလုံးဗထွေးဖြင့် မေးမြန်းသံက တိုးသက်စွာ ထွက်ပေါ်လာ၏။

'ကျွန်....ကျွန်တော် ချန့်ယီပါခင်ဗျာ'

ချန့်ယီကလည်း ကမန်းကတန်း ပြန်လည်ဖြေ၏။

'ချန်....ချန့်ယီဆိုတာ ဘာဖြစ်သလဲကွာ'

လေးလံသော ဖြေးညင်းသော အသံတချို့ ထွက်ပေါ်လာပြန်သည်။

'တစ်ကောင်ကြွက် ချန့်ယီပါ'

'အူဝဲ အူဝဲ အူဝဲ'

ချန့်ယီ၏ ပြန်လည်ဖြေကြားသံနှင့် ခတ္တ ကလေးငယ် စူးရှစွာ အော်ဟစ်သံလည်း တစ်ပြိုင်နက် ထွက်ပေါ်လာသဖြင့်....

'ဘာ တစ်ကောင်ကြွက် ဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ၊ တစ်ကောင်ကြွက် ချန့်ယီပါ'

'ဟက် ဟက် ဟက် တစ်ကောင်ကြွက်တဲ့....ဟက် ဟက်'



ခရီးသည်ကြီးကသူ၏ တစ်ကောင်ကြွက်နာမည်ကိုသဘောကျစွာ ရေရွတ်ရင်း တဟက်ဟက်နှင့် ခြောက်ကပ် တိုးသက်စွာ ရယ်၏။

'တစ်ကောင်ကြွက်ဆိုတော့ မင်းနဲ့ငါ စကားပြောရဦးမယ် ထင်တယ်'

လူကြီးက ပြောပြောဆိုဆို မြင်းထက်မှ ဆင်းရန်ကြိုးစားနေသဖြင့် ချန့်ယီက ကူညီရန်လုပ်၏။

'ငါ....ငါ့ကို မထိန်းနဲ့၊ ရတယ် ရော့....ရော့ ကလေးသေးသေးလေးကို ယူစမ်းကွာ'

ခရီးသည်ကြီးက လှမ်းပေးနေသဖြင့် ချန့်ယီကို အဝတ်ထုပ်နှင့် ပတ်ပွေ့ထားသည့် ကလေးအား ယူလိုက်ရလေသည်။

'အူငဲ အူဝဲ အူဝဲ'

ကလေးက အော်ဟစ်ပြန်သည်။

ချန့်ယီသည် ကလေးငယ်အား ငုံ့ကြည့်လိုက်မိသည်။

ကလေးမှာ နီတာရဲကလေးဖြစ်သည်။ ရက်သားလေးမျှပင် ရှိဦးမည်။

ယောကျ်ားကလေး တစ်ယောက်သာဖြစ်၏။

ကလေးက သူ့အား မြင်သည်လား, မမြင်သည်လား မသိ။ ပြူးရှုတော့ ကြည့်နေသည်။ အငိုလည်း တိတ်သွားသည်။ ချန့်ယီလည်း ကလေးအား မြင်လျှင်မြင်ချင်း ရင်ထဲကြင်နာစိတ်များ တဖွားဖွား ပေါ်ပေါက်သွားမိလေတော့သည်။

ကလေးက ချစ်ခင်စဖွယ် မျက်နှာဒလေးရှိသည်။ မျက်လုံးဝိုင်းဝိုင်းနက်နက်ကလေးများက သူ့အား ရင်ထဲ လှုပ်ခတ်လေတော့သည်။

ကလေးအား ချန်ယ^ိ စိတ်ဝင်စားပြီး စိုက်ကြည့်နေစဉ်၌ လူကြီးသည် မြင်းထက်မှ မည်သို့ဆင်းလိုက်သည်မသိချေ။

ဦးခေါင်းကမူ သေရည်မူးသမားများလို စိုက်မြဲ ငိုက်မြဲပင်။ မျက်လုံးအစုံကလည်း မှေးစင်းရီဝေနေဆဲ၊ နှုတ်ကမူ တစ်စုံတစ်ခုအား ရေရွတ်ပြောဆိုနေသလို ရှိသည်။

ချန်ယိက အံ့သြစွာဖြင့် နားစွင့်ရင်း လူကြီး ပြောဆိုနေသည့် စကားအား ကြားသိလိုသဖြင့် အနီးသို့ ချဉ်းကပ်ကာ....

'ဦးကြီး ဘာပြောနေတာလဲဟင်၊ ကျွန်တော် မကြားဘူး ကျွန်တော် ဘာကူညီရမလဲ၊ ပြောပါခင်ဗျာ၊ ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ်'

သူ့စကားများအား လူကြီးကကြားသိသကဲ့သို့ ဦးခေါင်းကို တညိတ်ညိတ်လုပ်ပြီး ပို၍ကျယ်သော အသံနှင့် မြင့်၍ အားတင်းပြော၏။

'ငါ....ငါ အဆိပ်မိနေတယ်၊ သေတော့မယ်၊ မသေခင်မင်းနဲ့ စကားနည်းနည်း ပြောဆိုချင်တယ်၊ ငါ့ကို ကူညီပါ'

'ခင်ဗျာ'

လူကြီး၏နှုတ်မှ စကားများက သူ့အား ထိတ်လန့် တုန်လှုပ်သွားလေတော့သည်။



လက်ထဲမှ ကလေးမွေးကင်းစလေးကိုလည်း သူငုံ့ကြည့်မိပြန်သည်။ သူက စိတ်မကောင်းစွာ စိုးရိမ်ပူပန်သောအသံနှင့် တုံ့ပြန်အားပေးစကား ဆိုလိုက်သည်။

'ဦးကြီးအဆိပ်မိနေတယ်ဆိုရင် ကျွန်တော် အဆိပ်ပြေအောင် လုပ်ပေးနိုင်ပါတယ်ခင်ဗျာ၊ အချိန်လေးတော့ နည်းနည်း ပေးပါ၊ ဒီယွန်နန်ပြည်နယ်မှာတော့ အဆိပ်ပြေဆေးရွက်တွေ ပေါပါတယ်'

လူကြီးမှာ စိတ်ဝင်စားသွားပြီး ခေါင်းထောင်လာပြန်သည်။

## [ ၃ ]

သို့ရာတွင် သူ့ဇက်မှာ ကျိုးကျသွားပြန်၏။ သူ့ခေါင်းကို သူ ပြန်မထောင်နိုင်ရှာချေ။

'အဆိပ်ဖြေဆေးဂက်ရှိတယ် ဟုတ်လား'

'ဟုတ်တယ် ခင်ဗျာ၊ ကျွန်တော် ရှာဖွေပေးနိုင်တယ်'

'အိမ်း....ဒါဖြင့် ငါ့ကို အဲဒီအရွက် ရှာဖွေပေးစမ်းပါဦးကွယ်။

'သေရမှာထက် လုပ်စရာ မှာစရာလေးတွေ ရှိသေးတယ်

၄ လေ၊ သေဖို့အချိန်နည်းနည်းလေးရရင် တော်ပါပြီကွာ'

'ဒါဆို ကျွန်တော် အမြန်ဆုံးလိုက်ရှာလိုက်ပါမယ် ဦးကြီးရယ်'

ချန်ယီက သူ့လက်ထဲမှ မွေးကင်းစအရွယ်လေးကို လှမ်းပေးရင်း ထိုင်နေရာမှ ထွက်ခွာရန်ဖြစ်၏။

'ဦးကြီး ဒီနေရာမှာ ခဏစောင့်နေပါခင်ဗျာ၊ ဆေးရွက်တွေ့တာနဲ့ ချက်ချင်း ကျွန်တော်ပြန်လာပါမယ်'

ချန်ယီသည် ခရီးသည်ကြီးအား နှုတ်ဆက် အားပေးလျက် ကမန်းကတန်း ထွက်သွားလေသည်။

'အင်း...ကူညီရိုင်းပင်းစိတ် အင်မတန်ရှိတဲ့သူငယ်ပဲ'

လူကြီး၏ နှုတ်မှ ဖွဖွလေး ကိုးသက်စွာ ရေရွတ်လိုက်သံ ကြား၏။

'အဲ့ အဲ့ အဲ့ အဲ'

မွေးကင်းစကလေးကလည်း အဲ့ခနဲ ငိုကြွေးလိုက်သဖြင့် ခရီးသည်ကြီးမှာ ကလေးကို လှုပ်ယမ်းချော့မြူရပြန်သည်။

'မငိုပါနဲ့ကလေးရယ်၊ မင်းဟာ မျက်ရည်နဲ့ဘဝကို စခဲ့ပေမယ့် ငိုကြွေးခြင်းနဲ့ လောကကို ရင်ဆိုင်သူကွ၊ ဘဝဆိုတာ အရှုံးပေးခြင်း မဟုတ်ဘူးလေ။

'ခု ငါ ပေါက်ခနဲ သေသွားတာနဲ့ မင်းလေးဟာ တစ်ကောင် ကြွက်ကလေး တစ်ဦးအဖြစ် ကျန်ခဲ့မှာကွယ့် သိလား'

ပါးစပ်ကို လှုပ်ရှုံ့လှုပ်နေသဖြင့် သူ့စကားအား သူပဲ ကြားနိုင်၏။ သို့ရာတွင် ကလေးလေးကား တအဲ့အဲ့နှင့် ငိုကြွေးခြင်းအား ရပ်တန့်သွားရှာသည်။



ပြီးတော့ မျက်နှာတွင် ပြုံးယောင်သမ်းလာကာ နှုတ်ခမ်းလေးအား တွန့်လျက်နေတော့သည်။

'ဟင်း...မြင်းပေးလိုက်ရင် သွားရလာရ မြန်သွားမှာ၊ ဒီကောင့်ကြည့်ရတာလဲ ရိုးအလိုက်တာ လွန်ပါရော၊ ငါ့ဆီက မြင်းယူသွားရမှာ အားနာနေတဲ့ပုံစံပဲ'

မသွားမီ မြင်းကို လှမ်းလှမ်းကြည့်နေတာ သတိတော့ ပေးပါရဲ့။ ငါ့ကိုယ်ဥ္စာကလည်း သူ့ကို မယုံနိုင်တဲ့စိတ်က တားနေသလားမှ မသိဘူး။ ခုတော့ မကြာသင့်ဘဲ ကြာနေရပြီလေ။

ခရီးသည်ကြီးကား တကယ်တော့ မြေခွေးရှင်ကျင်စွံကြီး သာလျှင်ဖြစ်၏။

သိုင်းသမားခရီးသည်တစ်ဦးအဖြစ် ယူနန်နယ်ထဲ ရောက်လာရာမှ မထင်ရှားသော လူနည်းစု၊ ရှေးရိုးလူမျိုးစုတစ်စုနှင့် တွေ့ရှိကာ အရှင်လတ်လတ် မီးသင်္ဂြိုဟ်ခံရတော့မည့် မွေးကင်းစ ကလေးငယ်အား သနားကြင်နာကာ ကယ်တင်ခဲ့မိလေသည်။

ထို့ကြောင့် သူကိုယ်တိုင်ကမူ နတ်ဆရာ၏ အဆိပ်ရည်ကို သောက်မိကာ အဆိပ်ဖောက်သင့်လျက်ရှိ၏။

သို့ရာတွင် မြေခွေးရှင် ကျင်စွံကြီးမှာ သာမန်သိုင်းသမားတစ်ဦးမဟုတ်ဘဲ အတွင်းအား ကောင်းမွန်လှ၍ သာခံနိုင်ရည်ရှိ သိုင်းပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သောကြောင့် သည်မျှ အသက်ရှည်နေနိုင်ခဲ့ခြင်းဖြစ်သည်။

သူ့အဖို့က သေလို့မဖြစ်သေး၊ တစ်စုံတစ်ယောက်အား မှာကြားခဲ့ဖို့၊ သူ့၌ ရှိသောအရာအချို့အား ပေးပစ်ခဲ့ဖို့ လိုအပ်သေးသည်။

သို့ဖြင့် သူ့မှာ အားတင်းလျက် အသက် မသေနိုင်ဘဲ လှုပ်ရှားနေမိသေး၏။

'အင်း....ငါသေလို့မဖြစ်သေးပါဘူးလေ၊ တစ်ယောက် ယောက်ကို စောင့်ရဦးမယ်ကွာ'

သည်လိုနှင့် မြွေခါးရှင် ကျင်စွ ိကြီးမှာ ကလေးတစ်ဖက် ခါးတစ်လက်နှင့် ကျောက်တုံးတစ်တုံးပေါ်ဝယ် ပင်ထိုင်ချ ပြီး စိတ်အေးလက်အေးနှင့် စောင့်နေလေသည်။

မကြာမီ ချန်ယီတစ်ယောက် ချေးသံ ရွှဲ ရွှဲဖြင့် မြွေခါးရှင် ကျင်စွ ိကြီးထံ ပြန်လည်ရောက်ရှိလာခဲ့လေသည်။

သူ၏အမူအရာမှာ ကျင်စွ ိကြီးအတွက် စိုးရိမ်ပူပန်သည့် ဟန်မန်မျိုးနှင့် ဖြစ်၏။ ကျင်စွ ိကြီးအား ကောင်းမွန်စွာ တွေ့ရှိသွားသဖြင့် ချေးစိုရွှဲနေသော သူ၏မျက်နှာဝယ် ဝမ်း မြောက် ရွှင်လန်းသော အရိပ်များ ဖြစ်ပေါ်သွားရှာလေ သည်။

'အင်း....တော်ပါသေးရဲ့ ဦးကြီးရယ်၊ ဦးအတွက်စိုးရိမ်ပြီး ကျွန်တော် မနားတမ်း ပြေးလွှားလာခဲ့ရတာခင်ဗျာ'

ထို့နောက် သူ၏ လက်ထဲ၌ ပါလာသည့် ခရမ်းရောင် သုံးမြွှာင့်အရွက်များကို လုံးချေပြီး အရည်များကို ကျင်စွ ိ ကြီး ပါးစပ်ထဲသို့ ညှစ်ချလေသည်။



'အ အ အ အ'

ကျင်စွ ိကြီးမှာ အဆိပ်ပြေရွက် အရည်များ ပါးစပ်ထဲသို့ ဝင်ရောက်သွားသည်နှင့် တစ်ပြိုင်နက် တအားအားနှင့် အော် ညည်းနေရှာတော့၏။

'မီးစနှင့် ထိုးလိုက်သလို ပူလောင်သွားလိမ့်မယ် ခင်ဗျာ၊ အတော်လေးကြာရင် ရေခဲကို ငုံထားရသလို အေးသွားလိမ့် မယ်'

သူက ကျင်စွ ိကြီးလက်ထဲမှ မွေးကင်းစကလေးကို ချီပွေ့ ပြီး နှစ်သိမ့် အားပေးနေပြန်သည်။

'ဟူး....ခါးလိုက်တာ လွန်ရော ထို့'

ကျင်စွ ိကြီးက မျက်နှာကြီးကို ရှုံ့မဲ့လျက် ရေရွတ်လိုက် သည်။

'တော်ကြာ ထန်းလျက်နဲ့တောင် ချိုမြတဲ့ အရသာ ပေါ် လာမယ် ခင်ဗျ'

ချန်ယီက ချက်ချင်း ပြောကြားရပြန်သည်။

ကျင်စွ ိကြီးမှာ ပူကလည်းပူ၊ ခါးကလည်းခါးလှသဖြင့် ရှုံ့မဲ့နေရာမှ ...

'မင်းကွာ အဆိပ်ပြေရွက်ကော ဟုတ်ရဲ့လား၊ အဆိပ်တက် ရွက်တွေ ဖြစ်နေပြီထင်တယ်၊ ဟကောင်....သေကော....သေချာ ရဲ့လားကွ'

ချန်ယီက ကျင်စွ ိကြီး စကားကြောင့် ပြုံးလိုက်မိလေ သည်။

'ဒီအရွက်က ဒီလိုပဲခင်ဗျာ၊ ဦးကြီး မျက်လုံးတွေ ပိတ်ပြီး ဝေ့ပါးသွားလိမ့်မယ်၊ ခန္ဓာကိုယ်ကလဲ အလျင်ထက် ပင်ပန်းနွမ်းနယ်သွားမယ်၊ နှုတ်လဲ လေးလံ နားလဲ ထိုင်းမှိုင်းကုန်ကြမယ်၊ ဒါပေမယ့် မစိုးရိမ်ပါနဲ့ ဦးကြီးရယ်၊ အဲဒီလို ဦးကြီးဖြစ်သွားကတည်းက အဆိပ်မြွေရှက်ရဲ့ အစွမ်းအာနိသင်တွေ ကိုယ်ထဲမှာ ဆက်ရောက်ကုန်တာ သေချာသွားပြီပေါ့၊ ဟဲ... မကြာခင်မှာ ဦးကြီး ဝေဒနာတွေ သက်သာသွားတော့မယ် ခင်ဗျာ'

ချန်ယီက ပြုံးဖြဲဖြဲနှင့် ဝမ်းသာအားရ ပြောကြားလေသည်။

'အူဝဲ အူဝဲ အူဝဲ အူဝဲ'

မွေးကင်းစ ကလေးငယ်က လက်ထဲမှ ထအော်ပြန်သဖြင့် ချန်ယီမှာ ပျာယီးပျာယာ လှုပ်ခါ ချော့မြူရ ပြန်လေတော့သည်။

'အေး အေး အေး ကလေးရေ မင်းဘိုးဘိုး သက်သာတော့မှာပါကွ၊ မငိုနဲ့တော့ဟေ့ ပြုံးစမ်းကွယ်'

ပါးစပ်ထဲ တွေ့ရာ ချော့မော့ ပြောလိုက်သေးရာ ကျင်စွံကြီးက သူ့အား မျက်လုံးကြီး ဖြဲကြည့်တော့သည်။

'ဟေး ဟေး ဟေး ဟုတ်တယ်ကွ၊ ပါးစပ်ထဲမှာ အေးမြနေတာပဲ၊ ချိုလဲ ချိုလိုက်တာကွ၊ အင်အားတွေလဲ တဖြည်းဖြည်း ပြည့်လာနေတယ်'

မြွေဓားရှင် ကျင်စွံကြီးမှာ ရှင်လန်း ပျော်မြူးသွားသော အမူအရာနှင့် ဝမ်းသာအားရ ပြော၏။



ချန်ယီမှာမူ မွေးကင်းစ ကလေးအား ပွေ့ပိုက်လျက် ကြည်နူးမိ ဖြစ်စွာ ကျင်စွံကြီးအား ငေးမော ကြည့်ရှုနေလေသည်။

'ဟဲ ဟဲ သေချာသွားပြီ ဦးကြီးရေ၊ ကျွန်တော် ပြေးလွှားရကျိုး နပ်ပါတယ် ခင်ဗျာ'

'ကျေးဇူးပါပဲ မောင်ရင်ရယ်'

မြွေဓားရှင် ကျင်စွံကြီးမှာ သူ၏ ဓားရှည်ကြီးအား ကျစ်ကျစ်ပါအောင် ဆုပ်လျက် ရှေ့သို့ ဆန့်တန်းလိုက်သည်။

'ကဲ... ကဲ မင်းနာမည် ဘယ်သူ၊ ဩော်....တစ်ကောင်ကြွက် ဟုတ်လား'

'တစ်ကောင်ကြွက် ချန်ယီပါ ခင်ဗျာ'

ချန်ယီက သွက်လက်စွာ ဖြေကြားလိုက်ရ၏။

'အဲ....အဲ တစ်ကောင်ကြွက် ချန်ယီရေ၊ စကားလေး ဘာလေး ပြောကြရတာပေါ့'

'ကောင်းသားပဲ ဦးကြီး'

သို့ဖြင့် သူတို့နှစ်ဦးသည် နေနှင့် လေအား အကာအကွယ်ရမည့် ကျောက်တုံးကြီး တစ်တုံးနှင့် တောင်နံရံနှစ်ခုကြားထဲရှိ ကွက်လပ်နေရာ၌ ဝင်ရောက် နားခိုကြလေသည်။

ချန်ယီသည် မြွေဓားရှင် ကျင်စွံကြီးအား ကျောက်ခုံ ပစ်ခုသက်တွင် နေရာပေးပြီး မြင်းကိုမူ ကျောက်စွန်း တစ်စွန်းနှင့် သွားရောက် ချည်နှောင်ထားခဲ့လေသည်။

မွေးကင်းစ ကလေးငယ်အား ကျောက်စွန်းကဲ့သို့ ဖြစ်နေသည့် နေရာ၌ အသာအယာပင် သွားရောက် ချထားလိုက်ပြန်သည်။

ထို့နောက် ကျင်စွံကြီးရှေ့ မြေကြီးပေါ်တွင် ဖင်ထိုင်ချလျက်....

'လိုအပ်တာရှိရင် ကျွန်တော့်ကို ခိုင်းပါ ဦးကြီး၊ အားမနာပါနဲ့၊ ခရီးသွားချင်းပေမယ့် ကျွန်တော်က လူလွတ်တစ်ကောင်ကြွက်ဆိုတော့ ကူညီစရာရှိရင် ကူညီချင်ပါတယ် ခင်ဗျာ'

ကျောက်ခုံထက်မှ ကျင်စွံကြီးက ချန်ယီ အပြုအမူများအား အစအဆုံး တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်ရှုနေရာမှ ပွင့်လင်းစွာ ပြောဆိုလိုက်သည်။

'အေး....ငါလိုအပ်နေတာကတော့ ငါပြောပြမယ့် စကားတွေကို သေသေချာချာစိတ်ဝင်တစားနားထောင်ပေးမယ့် လူသား တစ်ဦးပဲကွ'

ကျင်စွံကြီးစကားကြောင့် ချန်ယီမှာ အံ့အားကြီးသင့်သွားပြီး ထူးခြားနေသော ခရီးသည်ပုဂ္ဂိုလ်ကြီးအား ငေးမောကြည့်ရှုနေခဲ့မိလေသည်။

'ဘယ်နှယ်လဲ တစ်ကောင်ကြွက်ချန်ယီရေ၊ ငါ့ရဲ့အကြောင်းတွေကို မင်းနားထောင်ပေးနိုင်ပါ့မလားကွယ်'

'နားဆိုတာထောင်ဖို့ပဲဦးရဲ့၊ ဦးကြီးပြောတဲ့စကားတွေကို ဘာလို့နားမထောင်နိုင်ရမှာလဲခင်ဗျာ'



'အေး....ဒါဆိုရင်တော့ ဟန်ကျသေးရဲ့ကွာ၊ ကဲ....ကဲ....ငါ့မြင်းကုန်းနှီးပေါ်က အထုပ်တစ်ထုပ်ကို ယူချပေးစမ်းကွာ'

ချန်ယီကလည်း မြင်းထက်မှ အဝတ်အိတ်တစ်အိတ်ကို သယ်ချပေးလိုက်သည်။

ကျင်စွံကြီးက ထိုအဝတ်အိတ်ကြီးထဲမှ ပစ္စည်းအချို့ကို ထုတ်ယူလိုက်၏။ ပေချပ်ကြီးများဖြစ်သည်။ အပေါ်ဆုံးချပ်၌ စာလုံးကြီးနှင့် နာမည်တစ်ခုကို ရေးခြယ်ထားသည်။

ကျင်စွံကြီးမှာ ထိုပစ္စည်းများအား ချန်ယီရှေ့၌ ချထားလိုက်ကာ ချန်ယီအား အကဲခတ်ကြည့်ရှုသည်။

ချန်ယီကမူ မည်သို့မျှထူးခြားမှုရှိသော မျက်နှာနှင့် နားမလည်စွာ သူ့အားမော့ကြည့်နေသည်ကို တွေ့ရသည်။

'အဲဒါ တရုပ်ပြည်မမှာ အင်မတန်ထင်ရှားကျော်ကြားတဲ့ ရေ လေမီးသေ....သိုင်းကြေ....ကျမ်းမဟာပဲကွယ်၊ ဒီသိုင်းကြေကျမ်းကြီးကြောင့် လူတွေသေခဲ့ကြရတယ်၊ လူအသက်ပေါင်းများစွာ သေကျေပြီး တန်ဖိုးမဖြတ်နိုင်ခဲ့တဲ့ ကျမ်းကြီးကို သိုင်းဂိုဏ်းပေါင်းများစွာ သိုင်းသမားပေါင်း များစွာကို အနိုင်ယူ ကျော်ဖြတ်လို့ ငါ့လက်ထဲ အခုရောက်ရှိလာခဲ့ပြီလေ'

မြွေဓားရှင် ကျင်စွံကြီး၏ စကားကြောင့် တစ်ကောင်ကြွက် ချန်ယီမှာ မျက်လုံးအစုံ ပြူးကျယ်လျက် အံ့သြခြင်းကြီးစွာဖြင့် သိုင်းကျမ်းမဟာပေချပ်များအား ငုံ့ကြည့် နေမိ၏။

ထို့နောက် မြွေဓားရှင် ကျင်စွံကြီးအား မော့ကြည့်လျက်....

'ဒါ...ဒါဖြင့်ဦး...ဦးကြီးဟာ သိုင်းဆရာကြီး တစ်ဦးပေါ့နော်'

ကျင်စွံကြီးက ပြုံးလျက် ခေါင်းညိတ်ပြလိုက်ပြီး...

'ငါ့နာမည် မြွေခါးရှင် ကျင်စွံတဲ့၊ဟာဒီ လက်စွဲတော်ခါးကြီးကြောင့် မြွေခါးရှင်ဆိုတဲ့ဘွဲ့ကို ရခဲ့တာပဲ'

သူက ပြောပြောဆိုဆို အနီးရှိ ကျောက်တုံးကြီးတစ်တုံးအား မြွေခါးကြီးနှင့် လွှဲခုတ်ချလိုက်လေသည်။

'ဝုန်း'

ချန်ယိခမျာ ထိတ်လန့်ကြောက်ရွံ့စွာ နောက်သို့ ခုန်ဆုတ်လိုက်မိ၏။ကျောက်တုံးကြီးမှာ ထက်ခြမ်းကွဲ ကျသွားခဲ့လေသည်။

ထို့ပြင် အရောင်အဆင်းအဖြူမှ အပြာရောင်သို့တဖြည်းဖြည်း သန်းကာ ပြောင်းလဲလာခဲ့ပေသည်။

ချန်ယိမှာ အံ့ဩလွန်းစွာ အရောင်ပြောင်းလဲလာသည့် ကျောက်တုံးကြီးအား အနီးကပ် အသေအချာ ကြည့်ရှုနေမိသည်။

'ဒီ...ဒီကျောက်တုံးကြီးဟာ ဘာဖြစ်လို့ အပြာရောင် ပြောင်းသွားလဲ ဆရာကြီး'

'အေး...အဲဒါ အဆိပ်တွေ ကျောက်တုံးထဲ ဝင်ရောက်သွားလို့ပဲကွ။

'ဒီခါးဟာ မြွေလိုပဲအဆိပ်ရှိတယ်၊သာမန်လူသားဖြစ်ဖြစ် ဘယ်လိုသတ္တဝါဖြစ်ဖြစ် ငါ့ခါးဦးနဲ့ အသားကိုခြစ်မိတာနဲ့တင်



တုံးခနဲ အဆိပ်တက်ပြီး သေသွားနိုင်တယ်၊ဒါကြောင့်လဲ မြွေခါးလို့ ခေါ်ကြတာပဲလေ'

'ဟာ...လန့်စရာကြီးပါလား'

ချန်ယိက ပခုံးကိုတွန့်လျက် ထိတ်လန့်စွာ ပြောလိုက်မိသည်။

'ပြောပြရရင်တော့ ထိတ်လန့်စရာကြီးတွေပဲပေါ့ကွယ်၊ငါလဲ မင်းလိုပဲ တစ်ကောင်ကြွက်ဘဝနဲ့ ကြီးပြင်းလာပြီး တစ်ကိုယ်တော် သိုင်းသမားတစ်ဦးအဖြစ် သိုင်းလောကမှာ ထိတ်လန့်ကြောက်ရွံ့စရာ ကျင်လည်လို့ ဒီသိုင်းကြေကျမ်းမဟာကို အရယူဆောင်လာခဲ့တာပဲကွ'

'အဲဒီအကြောင်းတွေကို ဆရာကြီးက ပြောပြမှာလား ခင်ဗျာ'

'အေးပေါ့...အဲဒီ ထိတ်လန့်စရာ အကြောင်းရာတွေကို ပြောပြဖို့ မင်းကို လိုအပ်နေတာပေါ့ကွ၊ မင်း နားထောင်မှာလား'

'ဟာ...နားထောင်ရမှာပေါ့ ဆရာကြီးရယ်'

သို့ဖြင့် မြွေခါးရှင်ကြီးမှာ သူ၏ အတိတ်ပန်းချီကားချပ်ကို ချန်ယိအား ဖွင့်ဟလှစ်ပြပါတော့သည်။

[ ၄ ]

## မြွေသခင်လူလေး

ကျင်စွိ သည် တရုတ်ပြည် မြောက်ပိုင်းသားတစ်ဦးဖြစ်၏။ သူ့ဖခင်သည် မြွေအလမ္မာယ်ဆရာတစ်ဦးဖြစ်ကာ မြောက်ပိုင်းဒေသ၌ နာမည်ကျော်ကြားထင်ရှား၏။

မိခင်ကမူ သိုင်းဆရာကြီးတစ်ဦး၏ သမီးဖြစ်ကာ သိုင်းပညာရပ်၌ ကျွမ်းကျင်နှံ့စပ်သည်။

မြောက်ပိုင်းဒေသ၌ မြွေနှင့်ပတ်သက်၍ ကျင်စွိ၏ဖခင် မြွေဘုရင် ကျင်ဖုန်းက ကုသ ပြေရှင်းပေးတတ်၏။

မြွေသတ္တဝါများ ပေါများသော အရပ်ဒေသဖြစ်၍ မြွေပေါက်ခြင်းအား မကြာခဏ ခံကြရလေသည်။

ထိုအခါ မြေဘုရင် ကျင်ဖုန်းထံ မြေဆိုင်ပြီးအောင် ပို့ဆောင်၍ ကုလျှင်ဖြစ်စေ၊ မြေဘုရင် ကျင်ဖုန်းက လိုက်လံကုသ၍ဖြစ်စေ အသက်ချမ်းသာရတတ်ကြ၏။

ထို့ကြောင့် မြေဘုရင်ကျင်ဖုန်းမှာ ထိုဒေသတစ်ဝိုက်ဝယ် အသက်သခင် ကျေးဇူးရှင်ဖြစ်နေသောကြောင့် အလွန်မှပင် မျက်နှာပွင့်လန်း မိတ်ဆွေသင်္ဂဟ ပေါလှ၏။

ကျင်စွ ်လေး မွေးဖွားပြီးမှ မြေနှင့် ပတ်သက်၍ ကျင်ဖုန်းမှာ အစွမ်းထက်လာသဖြင့် သူ့ဖခင်က သူ့အား မြေသခင် လူလေးဟူ၍ ချစ်စနိုး ခေါ်ဝေါ်ခဲ့သည်။

မြေဘုရင် ကျင်ဖုန်းမှာ မြေများပေါသည့်အရပ်မှ မြေများကို ဖမ်းဆီးလေ့ရှိသဖြင့် သူ့၌ မြေမျိုးပေါင်း နှစ်ရာကျော်ခန့်အထိ စုဆောင်း ရရှိခဲ့လေသည်။

ဘီကောင်အရွယ်ခန့်ရှိမြေမှ လူကိုယ်လုံးခန့်ပမာဏ ရှိသည့် မြေကြီးများအထိ ဖမ်းဆီးနိုင်ခဲ့သလို သတ္တဝါ မပြောနှင့် သစ်ပင် ပန်းပင်များကို ပေါက်မိလျှင်ပင် ချက်ချင်းညှိုးရော် သေဆုံးသွားနိုင်သည့် အဆိပ်ပြင်းထန်သော မြေဆိုးမျိုးများလည်း သူ့တွင် ရှိ၏။

အရောင်အဆင်း များမှာလည်း ဖြူနီပြာဝါအရောင် အမျိုးမျိုးရှိသည့် မြေများလည်း ထူးထူးခြားခြား သူ့၌ရှိလေသည်။

အလင်းထွက်သည့်မြေ၊ သီချင်းဆိုသည့်မြေ၊ ငိုကြွေးသည့်မြေ၊ ကခုန်သည့်မြေ၊ သိုင်းသမားမြေ စသည်ဖြင့် ထူးထူးဆန်းဆန်း ရှိကြ၏။



ထိုဆန်းပြားထူးခြားသည့် မြေများကို မြို့ရွာအနှံ့မိသားစုမှာ လှည့်လည်ပြသရင်း ဆေးကုသရာ ငွေအမြောက်အမြား ရရှိလေ့ ရှိလေသည်။

ထို့ကြောင့် မြေသခင် ကျင်စွ ်လေး မွေးဖွားမှ သူတို့မိသားစုများစီးပွားလေးအလွန်ကောင်းမွန်ကာ စုမိဆောင်းမိ အိမ်ကြီးရခိုင်နှင့် တင့်တင့်တယ်တယ် နေထိုင်စားသောက်နိုင်ခဲ့ကြလေသည်။

သူတို့အိမ်ဂေဟာကိုလည်း "မြေနိုင်ဟူ၍ သမုတ်ကာ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြလေသည်။

ဖခင်က မြေအတတ်ဆေးပညာကို သင်ကြားပြသကဲ့သို့ မိခင်ကလည်း အခြေခံ သိုင်းပညာရပ်များအား သားဖြစ်သူ ကျင်စွ ်ကို လေ့ကျင့်ပေးတတ်သဖြင့် သူ့မှာ ငယ်စဉ်ကပင် မြေအတတ်ပညာရော သိုင်းပညာရပ်ပါ ရင်းနှီးကျွမ်းဝင်ခဲ့ရသူ ဖြစ်လေသည်။

ကျင်စွ ်၌ သူ့မိခင်ထံဝယ် ရှိနေသည့် မြေမြောက်မြားစွာအနက် သူ အလွန်ချစ်ခင်သော ရွှေအိုးလုံင် မြေတစ်ကောင် ရှိလေသည်။

ထိုမြေလေးမှာ တစ်တောင်သာသာခန့်ရှိပြီး လုံးပတ်မှာလည်း သူ့လက်သန်းမျှသာ ကြီးမား၏။

သူက ယင်းမြေလေးအား ရွှေသတ္တဝါလေးဟု ချစ်စနိုး ခေါ်လေ့ရှိလေသည်။

ရွှေသတ္တဝါလေးကလည်း အစဉ်အမြဲပင် ကျင်စွ ်နှင့်သာ ပူးလီမ်ဝေ့ပြနေတတ်သည်။

ကျင်စွ ဆိုင်းကစားနေသောအခါ ရွှေသတ္တဝါလေးက ရှေ့မှ ပါးပျဉ်းလေးထောင်လျက် ယိမ်းထိုးလှုပ်ရှားလေ့ရှိလေသည်။

အသက်အားဖြင့် ကျင်စွနှင့် မတိမ်းမယိမ်းပင် ရှိမည်ဟု ကျင်ဖုန်းက ပြောဖူးသည်။

ကျင်စွ မွေးဖွားပြီးရက်များမကြာမီမှာ ရွှေသတ္တဝါလေးအား ဖမ်းဆီးရရှိသည်ဟု ပြောသည်။

အခြားရပ်ရွာဒေသများ၌ လိုက်လံရှာဖွေ၍ ဖမ်းခဲ့သည် မဟုတ်။ သည်သတ္တဝါလေးက ထူးထူးခြားခြား အိမ်ခေါင်မိုးခေါင်းရင်းမှ လျှောဆင်းလာခဲ့ခြင်း ဖြစ်သည်။

ထိုနေ့က ခုနစ်ရက်သားသာ ရှိသေးသော ကျင်စွအား မိခင်ဖြစ်သူက အိမ်အတွင်းခန်း ခေါင်းရင်းဘက်၌ သိပ်ထားခဲ့ရာ ရွှေရောင်မြွေလေး အိမ်ထိုင်မှဆင်းသက်လာသည်ကို မြင်ပြီး အော်ဟစ်ကာ ခင်ပွန်းဖြစ်သူ ကျင်ဖုန်းအား အိမ်ရှေ့ ဧည့်ခန်း၌ သွားရောက်ခေါ်ငင်၏။

လင်မယားနှစ်ဦး အိပ်ခန်းတွင်းသို့ ဝင်ရောက်လာသော အခါ သားကျင်စွလေးအပါးဝယ်ပါးပျဉ်းလေးထောင်ကာ ယိမ်းထိုးလှုပ်ရှားနေသည်ကို တွေ့ရှိရလေသည်။

သို့ဖြင့် ကျင်ဖုန်းက ရွှေရောင်မြွေလေးအား ဖမ်းဆီးလိုက်သည်။ ထိုအခါ ကျင်စွလေးက စူးစူးဝါးဝါးအော်ဟစ်ငိုကြွေးလေတော့၏။

လင်မယားနှစ်ဦးစလုံးမှာထိုအဖြစ်ကြောင့် အံ့သြမှင်တက်သွားကြကာ တစ်ဦးကို တစ်ဦး ကြည့်ရှုမိလိုက်ကြသည်။





'သားက ဘာဖြစ်လို့ ငိုတာလဲမသိဘူး၊ မြွေလေးကို ပြန်လွှတ်ကြည့်စမ်းပါဦး ကိုကျင်ဖုန်းရယ်'

ကျင်ဖုန်းက လက်ထဲမှမြွေလေးအား ဇနီးသည်တိုက်တွန်းသည့်အတိုင်း ပြန်လည်လွှတ်ပေးလိုက်ရာ ကျင်စွကလေးမှာ ချက်ချင်းပင် အငိုတိတ်သွားသဖြင့် မိဘနှစ်ဦးလည်း အံ့အားမှင်တက်စွာ ကြည့်မိကြပြန်သည်။

## [ ၅ ]

တစ်ဖန် ကျင်ဖုန်းက မြွေငယ်လေးအား ပြန်လည်ဖမ်းဆီး လိုက်ပြန်သည်။ ရုတ်တရက် ကျင်စွိကလေးထံမှ ငိုကြွေးသံစူးရှစွာ ထွက်ပေါ်လာလေသည်။

'တွေ့လား ကိုကျင်ဖုန်း၊ တော့်သားက ထူးခြားတဲ့ ကလေးပဲရှင့်'

'အေး....ငါလဲ အဲဒါပဲ စဉ်းစားနေတာ၊ ဒီရွှေမြွေလေး နဲ့ သားဟာ အဆက်အသွယ် တစ်စုံတစ်ခုရှိရမယ်ကွ'

ကျင်ဖုန်းအား မြွေလေးနှင့်သူ၏သားတို့ ဆက်ဆံရေးကို နားလည်သွားပြီ ဖြစ်သောကြောင့် ရွှေမြွေငယ်လေးအား အသာအယာပွတ်သပ်ကာ ကျင်စွိနားကို ပြန်လည်ချထား ပေးလိုက်တော့၏။

သည့်အခါမှ ကလေးငယ်က ချက်ချင်းပင် အငိုတိတ်သွားလေတော့သည်။

'ကဲ…မိန်းမရေ၊ ခင်းသားအတွက် လုံးဝမပူနဲ့တော့ ဒီမြေဟာ သားရဲ့မိတ်ဆွေဟောင်း တစ်ဦးဆိုတာ စိတ်ချယုံကြည်ရပြီကွယ့်'

'ကျွန်မလဲ ဒီလိုပဲထင်ပါတယ် အစ်ကိုကျင်ဖုန်း'

သည်လိုနှင့် ကျင်စွီနှင့် ရွှေသတ္တဝါလေးတို့မှာ ခုနစ်နှစ်တိုင်တိုင် အတူတကွ ကြီးပြင်းခဲ့ကြရလေသည်။

ထိုလအတွင်း မြေအလမ္ဘာယ်ကျင်ဖုန်းမှာ မြေနှင့် ပတ်သက်ပြီး တစ်ရှိန်ထိုး နာမည်ကျော်ကြားလာခဲ့တော့သည်၊

လာဘ်လာဘလည်း အလျှံအပယ် ဝင်ရောက်လာသဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြရသည်။

သို့ရာတွင် ကံဆိုးချင်တော့ မြောက်ပိုင်းဒေသရှိ ကျန်အင်းမြို့စားကြီး၏ မိသားစုက ကျင်ဖုန်း၏ မြေအလမ္ဘာယ်ပြပွဲ တစ်ခုအား ကြည့်ရှုမိကြလေသည်။

ကျင်စွီအရွယ်ခန့်ရှိ မြို့စားကြီး၏သားဖြစ်သူ ကျန်ရဲတင်လေးက ကျင်စွီ၏မြေဖြစ်သည့် ရွှေသတ္တဝါလေးအား လိုချင်လှသည်ဟု ဆိုကာ ပူဆာလေတော့သည်။

ထိုမှစလျက် ကျင်ဖုန်းတို့မိသားစု၏ ကံကြမ္မာမှာ မှုန်တိုင်းထန်လေသည်။

ကျန်ရဲတင်လေးမှာ မြို့စားပီပီ အလွန်မုစရိုက်ကြမ်းတမ်းသည့်ပြင် လိုချင်ကာပူဆာ၍မရလျှင် ကလေးအရွယ်နှင့်မလိုက်အောင် သောင်းကျန်းတတ်သူတစ်ဦး ဖြစ်သည်။



ထိုနေ့ကလည်း ကျင်ဖုန်းတို့မိသားစု ပြသသည့် မြေပွဲတော်သို့ မမျှော်လင့်ဘဲ မြို့စားကြီး ကျန်ရောက်ဖူးတို့ အခြံအရံများနှင့် ရောက်လာကြသည်။

မြို့စားကတော်ရှုဖူးလွမ်နှင့် သားတော် ကျန်ရဲတင်တို့ သားအမိလည်း လိုက်ပါလာခဲ့ကြ၏။

ကျင်ဖုန်းတို့လင်မယားကလည်း ကျန်အင်းမြို့တော်ဝယ် ပြသသည့် မြေပွဲတော်ဆိုသည့်အတိုင်း မြေများစုံစုံလင်လင်ယူဆောင်ပြသခဲ့ကြ၏။ မြေပေါင်းမြောက်မြားစွာ ပြသဖြင့် မြို့သူမြို့သားများမှာလည်း ရင်သပ်ရှုမော အံ့သြငေးမောကြည့်ရှုကြကုန်သည်။

နာမည်ကြီး မြေအလမ္ဘာယ်ဆရာဖြစ်၍ မြို့စားကတော်ရှုဖူးလွမ်က ကြည့်လိုလှသဖြင့် မြို့စားကြီး ကျန်ရောက်ဖူးကိုယ်တိုင် သူ့လက်ယာသိုင်းသမားများနှင့်အတူ လာရောက်ကြည့်ရှုကြလေသည်။

မြေဘုရင်ကျင်ဖုန်းက မြေမျိုးပေါင်းများစွာကို တစ်မျိုးချင်း တစ်ယောက်ချင်း ထုတ်ဖော်ပြလေ၏။

ထိုမြေများ၏ ထူးခြားဆန်းပြားသည့် အရည်အသွေးများကိုလည်းတစ်ကောင်ချင်းထုတ်ပြခဲ့လေသည်။

ပရိသတ်များ အလွန်သဘောကျလှသဖြင့် သြဘာလက်ခုပ်တဖြောင်းဖြောင်းတီးကာ အားပေးကြည့်ရှုကြ၏။

ငွေစများကိုလည်း မြေများပေါ်သို့ ကြဲပေါက်ပစ်ချပေးကြ၏။

ကျင်ဖုန်းကလည်း ပရိသတ်များကို သနားကြင်နာအောင် ထူးထူးဆန်းဆန်း ထွက်ဖော်ပြသ၏။

သီချင်းဆိုသည့်မြွေက တရှုံရှုံနှင့် လေချွန်သကဲ့သို့ အဆက်မပြတ် ဟိုကျူးမြည်တွန်နေစဉ် ထိုမြွေနှင့်အတူကခုန်တတ်သည့် မြွေတစ်ကောင်က ပါးပျဉ်းကိုထောင်လျက် ယိမ်းထိုး လှုပ်ရှားပြသရာ ပရိသတ်မှာ နှစ်ခြိုက်ပျော်ရွှင်စွာ ရယ်မော အားပေးကြလေသည်။

ထို့အတူ မြွေတုတ်ပေါနှင့် မြွေညှပ်စိတို့၏ သိုင်းပြိုင်ပွဲကလည်း မြို့သားများ၏ တဟေးဟေး တဟားဟားနှင့် ခုန်ပေါက် အော်ဟစ်အားပေးခြင်း ခံကြရလေသည်။

မြွေအလမ္ပာယ်ဆရာ ကျင်ဖုန်းကလည်း လူ့ခန္ဓာခန့်ရှိ မြွေကြီးနှင့် လက်သန်းလောက်ပင် လုံးပတ်မရှိသော အလွန်သေးငယ်လှသည့် မြွေနှစ်ကောင်အား ခိုက်ရန် ဖြစ်ပွားခိုင်းခြင်း ဖြစ်၏။

မြွေကြီးက ပါးပျဉ်းကြီးထောင်ကာ ယိမ်းထိုးနေသကဲ့သို့ မြွေညှပ်စိကလည်း သူ့ပါးပျဉ်းလေးနှင့်မြွေကြီးကိုအန်တုဖက်ပြိုင်ကာ မာန်ဖီနေခဲ့၏။

မြွေကြီးက အရှိန်ပြင်းစွာ သူ့အားပေါက်ချလိုက်သောအခါ မြွေညှပ်စိက လျင်မြန်သွက်လက်စွာ လျှောခနဲ ရှောင်ထွက်သွားနိုင်ခဲ့သဖြင့် ပရိသတ်က ဝေါခနဲရယ်မောလိုက်ကြကာ လက်ခုပ်သံဖြောင်းဖြောင်းတီး၍ အားပေးကြတော့သည်။



ဝုန်းခနဲမြည်သံကြီးနှင့်အတူ မြွေကြီးကိုပေါက်မိသွားသော မြွေဘီလူးကြီးမှာ အလွန် ဒေါသထွက်သွားပြီး တရှူးရှူး တရှဲရှဲဖြင့် ဖြစ်နေလေတော့သည်။

မြွေညှပ်စိလေးက တစ်နေရာ၌သွားရောက်ပါးပျဉ်းထောင်ပြနေကာ မပီမပြင် လုပ်ပြနေပြန်၏။

ထို့ကြောင့် မြွေဘီလူးကြီးမှာ သူ့ခန္ဓာကြီးကိုတရွေ့ရွေ့ ခက်ခက်ခဲခဲ လှုပ်ရှားလျက် မြွေညှပ်စိထံသို့ ရွေ့ရှားသွားခဲ့သည်။

မြွေညှပ်စိကမူ လုံးဝ ဂရုမစိုက်သည့်အသွင်နှင့် မာန်ဖီနေဆဲ ရှိ၏။ မြွေကြီးက ပိုမို၍ ဒေါသထွက်သွားဟန်ရှိပြီး မြွေငယ်လေးအား ထပ်မံ၍ ပေါက်ချပြန်သည်။

ထိုအခါ မြွေငယ်လေးက အမြီးကိုထောင်လျက်ခုန်ရှောင်လိုက်ရာ မြွေဘီလူးကြီး၏ ကိုယ်ပေါ်သို့ ရောက်ရှိသွားခဲ့၏။

မြွေဘီလူးကြီးမှာ သူ့ကိုယ်ထက်မှ မြွေလေးအား မည်သို့မျှ ပြန်လည်ရန်မူနိုင်ခြင်းမရှိဘဲ မြွေညှပ်စိလေး၏ တဖတ်ဖတ်နှင့် ပေါက်ချနေခြင်းကို ခံနေရတော့သည်။

သို့ဖြင့် မြွေဘီလူးကြီးက သူ့ခန္ဓာကိုယ်ကို လှုပ်ခါလိုက်သောကြောင့် မြွေညှပ်စိမှာ မြွေကြီးပေါ်၌ လျှောကျသွားလေသည်။ သို့သော်မြွေကြီးက သူ၏ခန္ဓာနှင့်ပိချသေးသဖြင့် မြွေညှပ်စိအမြီးများ ပိနေသဖြင့် ကောက်နှင့်ရုန်းမထွက်နိုင်ဘဲ ထွန့်ထွန့်လူးနေတော့၏။

မြွေဘီလူးကြီးက သူ၏ဦးခေါင်းကို မြွေညှပ်စိထံ နောက်ပြန် အလှည့်တွင် ကိုယ်ခန္ဓာလျှော့သွား၍ ရုတ်တရက် မြွေညှပ်စိလေးက လွတ်ထွက်သွားရှာတော့သည်။

လွတ်လျှင်လွတ်ချင်း မြွေညှပ်စိမှာ သူတို့အားထည့်လှောင်ပိတ်ထားသည့် ပခြုပ်တစ်လုံးအတွင်းသို့ လျင်မြန်စွာ ဝင်ပြေးလေတော့သည်။

မြွေဘီလူးကြီးက ယင်းပခြုပ်အား အပြင်မှတဝုန်းဝုန်းနှင့် ပေါက်ချလိုက် အမြီးနှင့်ရိုက်ချလိုက် ပြုလုပ်နေလေရာ ပရိသတ်ကြီးမှာ တဟေးဟေးတဟားဟားနှင့် ရယ်မောမဆုံးအောင် ရှိကြလေတော့သည်။

ထို့နောက် မြွေဘုရင်ကျင်ဖုန်းက အခြားပြကွက်တစ်ခုကို ပြသရန် ထွက်လာ၏။ ထိုပြကွက်ကိုပြသမိခြင်းက သူတို့မိသားစု အတင် ကြမ္မာဆိုးအား အစုလိုက်အပြုံလိုက် ဝင်ရောက်လာစေရန်ဖိတ်ခေါ်မြှူဆွယ်လိုက်မိခြင်းဖြစ်ကြောင်း နောက်မှ သူတို့သိရှိကြရတော့သည်။

ထိုပြကွက်ကား ရွှေရောင်အဆင်းရှိသော ကျင်စွမ်၏မြွေ ရွှေသတ္တဝါလေးကို ထုတ်ပြသမိခြင်းပင် ဖြစ်တော့သည်။

'အခုဆက်လက်ပြသမယ့် ပြကွက်အစီအစဉ်ကတော့ မြွေသူတော်ကောင်းလေးတစ်ကောင် သို့မဟုတ် မြွေဘုန်းကြီးလေး တစ်ပါးပေါ့ခင်ဗျာ၊ အဲဒီသတ္တဝါလေးကို ပရိသတ်ကြီးထံ ထုတ်ဖော် ပြသပေးပါ့မယ်၊ ပရိသတ်ကြီးမြင်လိုက်ရ ယုံနိုင်ဖွယ်မရှိအောင် သံသယတွေ ပွားများသွားကြပါလိမ့်မယ်။



'ဘာဖြစ်လို့လဲဆိုတော့ ဒီသတ္တဝါလေးကို ကျွန်တော်တို့လူသားတွေက ပြုပြင်ဖန်တီးထားတာလို့ ထင်ရအောင် သူ့ကိုယ်ခန္ဓာအဆင်းက ရွှေရောင်ဝင်းလက်တောက်ပြောင်နေလို့ပါပဲခင်ဗျာ။

'သူ့ကို ကျွန်တော်တို့ ရွှေပြားလေးတွေနဲ့ မကပ်ထားပါဘူး ခင်ဗျာ၊ ရွှေဆေးတွေနဲ့လဲ မသုတ်လိမ်းထားပါဘူး၊ ရွှေမချထားပါဘူး ခင်ဗျာ။

'ပြာရွှေရောင်အဆင်းရှိသော မြွေတွေနဲ့အတူ ကွဲပြားခြားနားစွာ တွေ့ရှိရပါလိမ့်မယ်၊ အနီးကပ် လေ့လာကြည့်ရှုအကဲခတ် နိုင်ကြပါတယ်။

'သူတော်ကောင်း ဘုန်းကြီးမြွေဆိုတော့ အဆိပ်ဆိုလို့ တစ်စက်တစ်ပေါက်မျှတောင် မရှိပါခင်ဗျာ၊ ရဲရဲဝံ့ဝံ့သာ လာရောက် လေ့လာနိုင်ကြပါတယ်'

ကျင်ဖုန်းက ရွှေသတ္တဝါလေးရဲ့ ပခြုပ်လေးကို နောက်တွင် လက်နှင့်ကိုင်ပြီး ဝှက်ထားသည်။ ရှေ့သို့ဆန့်တန်းထုတ်လိုက်၏။

'သူ့တော်စင်လေး ကိန်းအောင်းသီတင်းသုံးနေတဲ့ ရွှေပခြုပ်လေးပါပဲ၊ ပရိသတ်ကြီးခင်ဗျာ'

သူ၏လက်ဝါးနှစ်ဖက်ပေါ်တွင် ရွှေရောင်တဖျပ်ဖျပ်လက်နေသည်။ လက်တစ်ဆုပ်သာရှိသောရွှေပခြုပ်လေးအားပြသလိုက်ပါတော့သည်။

'ဟာ'

'ဟင်'

‘ဟင်’
‘အို’

ပရိသတ်ကြီးအတွင်းထဲမှ အံ့သြသော အာမေဍိတ်သံများက အလျှိုလျှိုထွက်ပေါ်လာသံကို ကြားရလေသည်။

မျက်လုံးအစုံပြူးလျက် ပါးစပ်ကြီးများ ဟဖွင့်လျက် ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ဖိလျက်ကိုင်ထားရာမှ မတ်တတ်ရပ်မိလျက် အသီးသီးအံ့အားသင့်ပြီး ကြည့်ရှုငေးမောကုန်ကြလေသည်။

ရွှေပခြုပ် သေးသေးလေးထဲမှ ရွှေသတ္တဝါလေးက ပါးပျဉ်းလေးကို ထောင်ကာ ထွက်ပေါ်လာသောကြောင့် ဖြစ်၏။

မျက်လုံးအစုံက မဟူရာပုလဲနှစ်လုံးကဲ့သို့ စူးရှလင်းလက်နေခဲ့၏။ ရွှေသတ္တဝါလေးက ပခြုပ်သေးအတွင်းမှ ယိမ်းထိုးလှုပ်ခါနေ၏။ ပရိသတ်အချို့ ကျင်ဖုန်း၏သက်ပေါ်ရှိ ရွှေပခြုပ်လေးအတွင်းရှိ ရွှေသတ္တဝါလေးကို အနီးကပ် လာရောက် ကြည့်ရှုစစ်ဆေးကြ၏။

‘အေးကွ၊ တကယ့်ရွှေရောင်မြွေလေးပဲဟေ့’

‘ရွှေရောင်က ဝင်းလက်တောက်ပ နေတာပဲနော်’

ထိုလူများအထဲ မြို့စားကြီး၏သားတော် ကျန်ရဲတင်လေးလည်း တစ်ဦးအပါအဝင် ဖြစ်နေခဲ့လေသည်။

မြွေဘုရင် ကျင်ဖုန်း၏ဇနီး ဝမ်ပို့နှင့် သားလေးကျင်စွ တို့က ဖခင်၏ရွှေသတ္တဝါလေးနှင့် ပြကွက်အောင်မြ



မှုကို ကြည်နူးပျော်ရွှင်စွာ နောက်ပါးမှကြည့်ရှု ငေးမောနေကြ၏။

ထိုစဉ် ရွှေသတ္တဝါလေးက ရွှေပခြုပ်အတွင်းမှ ထွက်လာပြီး မြွေဘုရင်ကျင်ဖုန်း၏ လက်ဝါးမှလက်မောင်း၊ လက်မောင်းမှ လည်ပင်း၊ လည်ပင်းမှ ဦးခေါင်းထက်သို့ တက်ရောက်သွားပြီး ကိုယ်ခန္ဓာကို ဖွဲ့ခွေနေရာ ကျင်ဖုန်း၏ အနက်ရောင် ဆံကေသာဝယ် ထိုးညှပ်ထားသည့် ရွှေရောင်ဆံညှပ်တစ်ခု သို့မဟုတ် အလှစိုက် ရွှေရုပ်ကလေးတစ်ရုပ်နှင့် တူနေလေတော့သည်။

‘ဖြောင်း ဖြောင်း ဖြောင်း’

‘ရှီး ရှီး ရှီး’

လက်ခေါက်မှုတ်ကြသူ လက်ခုပ်တီးသူ အော်ဟစ် အားပေး သူများကြောင့် ပွဲခင်းမှာ ဆူညံသွား၏။

‘မြွေသူတော်ကောင်းဟေ့’

‘မြွေဘုရင်ကွ’

‘ရွှေမြွေလေးကွနော်’

အစရှိသဖြင့် တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြလေသည်။

ထိုစဉ် မြို့စားကြီး၏မိသားစုမှာ ပြဿနာတက်နေခဲ့လေပြီ ဖြစ်သည်။

ကျန်ရဲတင်က သူ့မိဘများကို ထိုရွှေမြွေလေးအား ယူပေးရန် ပူဆာနေသောကြောင့် ဖြစ်၏။

'မိခင်....သားကို အဲဒီမြွေလေး ယူပေးပါ သားလိုချင်တယ်'

မြို့စားကတော်ကြီး ရှုဖူးလွှမ်းက လင်ဖြစ်သူမြို့စားကြီးအား မော့ကြည့်၏။ ယင်းကြောင့် မြို့စားကြီးကျန်ရောက်ဖူးမှာ သူ့ခေါင်း ငြိမ့်ပြလိုက်လေသည်။

ထို့နောက် သူ့လက်ရုံးသိုင်းသမားနှစ်ဦးအား လှည့်ကြည့်ကာ....

'ဟေ့....မင်းတို့နှစ်ယောက် သားတော်နဲ့ လိုက်သွားကြစမ်း'

ကျန်ရဲတင်လေးက ပွဲခင်းထဲ ဗိုင်စိုးဗိုင်နင်း ချဉ်းနင်းဝင်ရောက်သွား၏။ သူ့လေးနောက်က သိုင်းသမားကြီးနှစ်ဦးက မျက်နှာကြောတင်းမာစွာ လိုက်ပါသွားကြသည်။

ကျန်ရဲတင်လေးက ပွဲခင်းထဲ၌ မြွေဘုရင် ကျင်ဖုန်းရှေ့ဝယ် ခါးကိုထောက်ပြီး မောက်မာစွာ ပြောလိုက်၏။

'ဟိတ် မြွေဆရာကြီး၊ ခင်ဗျားလက်ထဲက ရွှေပခြုပ်လေးကို ပေးစမ်း'

နောက်မှ သိုင်းသမားနှစ်ဦးကို တွေ့လိုက်ကတည်းက မြွေဘုရင် ကျင်ဖုန်းမှာ မြို့စားကြီး၏သားတော် ကျန်ရဲတင်မှန်းသိလိုက်ပြီး ရင်ထဲမှာသည်း ထိတ်ခနဲဖြစ်သွားကာ စိုးရိမ်စိတ်များက ငယ်ထိပ်ရောက်ရှိသွား၏။

ရွှေသတ္တဝါလေးရှိသည့် ရွှေပခြုပ်လေးကို ကိုင်ဆောင်ထားသည့် လက်များမှာလည်း အလိုအလျောက် နောက်သို့တွန့်သွားပျက် ကျောဘက်သို့ ရောက်ရှိသွားလေသည်။



သို့သော် ကျန်ရဲတင်၏ နောက်ပါးမှ ခါးရှည်များကို ကျောတွင်လွယ်ထားသည့် သိုင်းသမားကြီးနှစ်ဦး၏ မျက်လုံးလေးလုံးက သူ့အပေါ် အေးစက်စွာ ကျရောက်လာလေရာ ကျင်ဖုန်းလက်မှာ တဖြည်းဖြည်းရှေ့သို့ ပြန်လည်ထွက်လာရတော့သည်။

'ဟေ့လူ....သားတော်လေးတောင်းတဲ့ ပခြုပ်ပေးလိုက်လေဗျာ'

'ဟုတ်....ဟုတ်ကဲ့ ခင်ဗျာ'

သူက လက်ဝါးပေါ်တွင်ပခြုပ်လေးအား အသာအယာ ဆုပ်ကိုင်လျက် တင်ပေးလိုက်သည်။

ထိုအခါ ကျန်ရဲတင်က ဖျတ်ခနဲ ပခြုပ်လေးကို ဆွဲယူလိုက်သည်။

'ဒီမြွေလေးက ခင်ဗျားတို့နဲ့ မတန်ပါဘူးဗျာ'

သူက ကလေးနှင့် မတူစွာပင် မြွေဘုရင် ကျင်ဖုန်းအား ကျီစယ်လှောင်ပြောင်လိုက်ကာ ရွှေပခြုပ်လေးအား ဝှေ့ယမ်းနေလိုက်သေး၏။

ထို့နောက် သူက အောင်မြင် ဝံ့ကြွားစွာ လှည့်ထွက်လိုက်ပါသည်။

သို့ရာတွင် မမျှော်လင့်သည့် လှုပ်ရှားမှု တစ်ခုက ကျန်ရဲတင် ပွဲခင်းမှမထွက်သွားမီပင် လျှပ်တစ်ပြက် ဖြစ်ပေါ်လာခဲ့သည်။

'ဟိတ်'

မာန်သွင်းလိုက်သံကြောင့် ကျန်ရဲတင်က ရုတ်တရက် လှည့်ကြည့်လိုက်မိသည်။

'ခွပ်'

ကျန်ရဲတင်၏ မေးရိုးအား ခုန်ဝင်လာခဲ့သည့် ကျင်စွံ လေး၏ ခြေဖျားက မိမိရရကြီး ထိမိသွားသည်။

ကျန်ရဲတင်ခမျာ နောက်ပြန်လန်ကျသွားရှာ၏။

'ဟာ'

'ဟင်'

မြို့စားကြီး၏ လက်ရုံးသိုင်းသမားနှစ်ဦးမှာ အာမေဋိတ် သံ ပြိုင်တူပေါ် ထွက်သွားကြလေသည်။

မြို့စားကြီး ကျန်ရောက်ဖူး၏ တစ်ဦးတည်းသော သား တော် ဖြစ်သူ ကျန်ရဲတင်တစ်ယောက် တစ်စုံတစ်ခု ဖြစ်သွား လျှင် သူတို့၌ တာဝန်မကင်း။

မြို့စားကြီး၏ ပြစ်ဒဏ်က ယနေ့ သူတို့ထံကျရောက်လာမည် မှာ မုချပင်။

ထို့ကြောင့် စိုးရိမ်ထိတ်လန့်ပြီး ပျာယီးပျာယာပင် တစ်ဦးက ကျန်ရဲတင်အားသွားရောက်ပွေ့ထူမစဉ် တစ်ဦးက ရန်မူသူ ကျင်စွံလေးအား ဆုံးမရန် ချဉ်းကပ်သွားလေ သည်။

'မင်းလို ဘောသားတစ်ယောက်က သားတော်ကို ရန်မူဝံ့ တာ သေဖို့သာပြင်'



မျက်နှာကြီးက ခက်ထန်သုန်မှုန်စွာ ကြိမ်းဝါးလိုက်ပြီး ကြီးမားသော လက်ဝါးကြီးနှစ်ဖက်ကို ဆုပ်လိုက် ဖြန့်လိုက် ပြုလုပ်ကာ ရှေ့တိုးသွား၏။

ကျင်စွံလေးကလည်း လုံးဝကြောက်ရွံ့ ထိတ်လန့်သည့် အမူအရာမပြ။ သိုင်းသမားကြီးအား ခုခံကာကွယ်ရန်သာ စဉ်းစားထားပြီး ရင်ဆိုင်၏။

[ ၆ ]

ကျင်စွံက သိုင်းသမား၏ ပေါင်ခွကြားကို ငုံးစိုက်ကြည့်လျက်နေ၏။

ထိုလူကြီး လှုပ်ရှားသည်နှင့် ထိုနေရာအား ဦးခေါင်းသို့မဟုတ်ခြေဖြင့် တစ်ချက်ချက်ရအောင်သာ တိုက်ခိုက်ဖို့လိုအပ်ကြောင်း သူသိ၏။

သိုင်းသမားကြီးက ခေါးပင်မထတ်သေးတဲ့ ကျင်စွံလေးအား ကိုင်ဆွဲပစ်ရန်ကြံလျက် အနီးသို့ တိုးလာနေသည်။

'ကဲကွာ'

'ဗွိုး'

သိုင်းသမားကြီးက သူ့လက်ဝါးကြီးများကို ဖြန့်ကာ ဘယ်လက်ကိုပြုပြီး ယာလက်ဝါးနှင့် လှဲရိုက်လိုက်ရာ ကျင်စွံ လေးခမျာ မျက်စိလည်သွားလျက် မျက်ခွက်အား ထိမှန် တော့မည့် အနေအထား၌ ထိုလက်ဝါးကြီးအား တစ်စုံ တစ်ရာက လျှပ်တစ်ပြက် အချိန်မီ တားဆီးလာလေသည်။

'ဖောင်း'

ကျင်စွံမိခင်ကြီးမှာ ခုန်ပျံလာလျက် သိုင်းသမားကြီး ၏ လက်ဝါးစောင်းအား ခြေဖျားနှင့် ခတ်ကန်လိုက်ခြင်းသာ ဖြစ်သည်။

'အ....အ...အ'

မြို့စားသိုင်းသမားကြီး၏ လက်များ တွဲလောင်းကြီး ဖြစ်သွားသည်။

လက်ဖျံရိုးကျိုးသွားခြင်းပင် ဖြစ်၏။

သို့ရာတွင် သူက ဘယ်လက်နှင့် လွယ်ထားသောဓားကို ထုတ်ယူလိုက်သည်။

ကျန်တစ်ယောက်ကလည်း သူ့လူတစ်ယောက် ထိမှန် ဒဏ်ရာရသွားသဖြင့် ဒေါသကာ ဓားရှည်ကိုထုတ်လျက် ပြေး ဝင်လာပြန်သည်။

ပရိသတ်ကြီးက မမျှော်လင့်ဘဲ မြွေပွဲတော်မှ တစ်ဖြစ်လဲ သိုင်းပြိုင်ပွဲကို ကြည့်ရှုရသဖြင့် မျက်လုံးကြီးများ ပြူးကျယ် နေကြကာ ထိတ်လန့်အံ့သြနေကြလေသည်။

အထူးသဖြင့် မြွေဘုရင် ကျောင်ဖုန်း၏ဇနီး ဝမ်ပို့၏ သိုင်း စွမ်းကို တွေ့ရှိကြရသောကြောင့် ကျေနပ်အားရ ဖြစ်ကြကာ



တဖြောင်းဖြောင်း တရှဲရှဲနှင့် ဩဘာလက်ခုပ် ပေးနေကြ လေသည်။

ဝမ်ပို့၏ သိုင်းစွမ်းမှာလည်း ကျန်အင်း မြို့သားများ အံ့သြချီးကျူးမည်ဆိုလည်း ချီးကျူးလောက်ပေ၏။

အဆင့်မြင့်သိုင်းသမားကြီးနှစ်ဦး ဆိုရာ၌လည်း သာမန် သိုင်းသမားများမဟုတ်ကြ။ ကျန်အင်းမြို့စားကြီးကျန်ရောက် ဖူး၏ ဝဲယာလက်ရုံးများဖြစ်၏။

တိုက်ပွဲ စလျှင်စချင်း သိုင်းသမားတစ်ဦး၏လက်မှာ ဝမ်ပို့ ၏ ခြေကန်ချက်ဖြင့် ထက်ပိုင်းကျိုးသွားခဲ့၏။

ဓားများနှင့် တိုက်ခိုက်သော အခါ၌လည်း ဝမ်ပို့၏ လက်နက်မဲ့ သိုင်းပညာ၌ မိန်းမသားတစ်ဦး၏ လျင်မြန် ဖျတ်လတ်သွက်လက်မှုမှာ မယုံကြည်နိုင်စရာ ကောင်းလောက် အောင် ဖြစ်နေခဲ့ရလေသည်။

ဓားကိုင် ဓားသမားတစ်ဦးအား လက်နက်မဲ့နေသည့် မိန်းမသားတစ်ဦးက အပေါ်စီးမှ ပိုင်ပိုင်နိုင်နိုင်တိုက်ခိုက်နေ သည်အား ပရိသတ်ကြီးမှာ အားရကျေနပ်စွာ အားပေး ကြည့်ရှုနေကြ၏။

သူတို့မြို့စားကြီး၏ သားတော်နှင့် လက်ရုံးသိုင်းသမား နှစ်ဦးဘက်မှ ရှုံးနိမ့်နေခဲ့သော်လည်း မြို့သားများမှာတရား သောဘက်မှသာ အော်ဟစ်အားပေးခဲ့ကြသည်။

ဝမ်ပို့၏ ပြင်းထန်သည့် ခြေကန်ချက်နှင့် လျင်မြန်တိကျ သည့် လက်ဝါးရိုက်ချက်များက ဓားသမားများ၏ဓားချက် များကို ဖြတ်သန်းကျော်လွှားကာ ထိမှန်လျက်ရှိသည်။

ထို့ကြောင့် ဓားသမားများ လေးမှာ ဝှေ့ယမ်းလျက် အချည်းနှီးဖြစ်ကာ ပျက်ပြယ်သွားရပြီး ဓားများနှင့် တိုက်ခိုက်ရသည်ထက် မိန်းမသားတစ်ဦး၏ လက်နက်မဲ့သိုင်းကွက်များအား ထိတ်ထိတ်ပျာပျာနှင့် ခုခံကာကွယ်နေကြရတော့သည်။

တိုက်ပွဲက များစွာ မကြာလှသေး။ တစ်ယောက်သော ဓားသမားမှာ လက်တစ်ချောင်း သွင်သွင် ကျိုးသွားခဲ့သည့်နှယ် တစ်ဦးသော ဓားသမားမှာလည်း ဝမ်ပို့၏ လက်ဝါးစောင်း ရိုက်ချက် လည်ကုပ်အားကျရောက်ကာ လည်ပင်းမှာ လှုပ်ခရ၊ လှည့်မရသည့်အခြေအနေသို့ ရောက်ရှိနေကြရှာလေသည်။

'ဝုန်း'

'အင့်'

ဝမ်ပို့၏ခြေကန်ချက်တစ်ချက်က လည်ပင်းလှည့်မရသော ဓားသမား၏ နောက်ကျောကို အရှိန်ပြင်းစွာဖြင့် သွားရောက် ထိမှန်သဖြင့် ထိုဓားသမားမှာ ရှေ့သို့ဟပ်ထိုးသဲကာ ပြန်လည်ထမလာနိုင်တော့သလို သူမ၏လွဲရိုက်ခဲ့သော လျင်မြန်သွက်လက်လှသည့် လက်ဝါးစောင်းရိုက်ချက်ကလည်း လက်ယက်ပိုင်းကျိုးနေသည့် ဘက်က လျှပ်တစ်ပြက်ဝင်ရောက်လာသဖြင့် ယင်းဓားသမားမှာလည်း မခုခံနိုင်ဘဲ စင်းပြီးခံလိုက်ရရှာ၏။

'ဖြောင်း'

'အီး'



ရင်ဘတ်တည့်တည့်သို့ တိုက်ရိုက်ထိမှန်သွားသဖြင့် ထိုလူလည်း နောက်သို့ လန်ကျသွားလေသည်။

မိခင် ဝမ်ပို့က ဓားသိုင်းသမားနှစ်ဦးအား အနိုင်ရလိုက်သည့်နည်းတူ ကျင်စူလေးကလည်း မြို့စားကြီး၏ သားတော် ကျန်ရဲတင်နှင့် ကလေးချင်း ထိုးကြိတ်ရာ၌ အနိုင်ရရှိနေခဲ့သည်။

တကယ်တော့ ကျင်စူလေးမှာ မိခင်သိုင်းသမားဖြစ်သူက သေသေချာချာ ကျကျနန သင်ကြား လေ့ကျင့်ပေးထားသဖြင့် အခြေခံ သိုင်းပညာအား ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်နေခဲ့ပြီဖြစ်သည်။

ထို့ကြောင့်လည်း မြို့ကြီးသား၊ မြို့စားကြီး၏သားဖြစ်သူ ကျန်ရဲတင်အား အလွယ်တကူပင် မထနိုင်အောင် ထိုးကြိတ်တိုက်ခိုက်ထားနိုင်ခဲ့လေသည်။

ကျန်ရဲတင်မှာမူ ဖခင်၏လက်ရုံးသိုင်းသမားလူကြီးများကို အားကိုးပြီး ကြမ်းတမ်းဆက်ဆံနေသူ ဖြစ်လေရာ အမှန်တကယ် သူကိုယ်တိုင် တိုက်ခိုက်ထိုးကြိတ်ရသော အခါတွင် တောသားလေးတစ်ဦး၏ တိုက်ခိုက်မှုအား မခုခံကာကွယ်နိုင်ဘဲ အချိန်ကာလတိုတိုလေးမှာပင် မြေပြင်ထက်သို့ လဲကျသွားရရှာလေသည်။

ဒါတောင် ကျင်စူက လက်တစ်ဖက်မှ ငွေပခြုပ်လေးကို ကိုင်ဆောင်ထားရသဖြင့် ကျန်လက်တစ်ဖက်နှင့်သာ တိုက်ခိုက်ထိုးကြိတ်ခဲ့ခြင်းဖြစ်သည်။

လူငယ်ကလေးဖြစ်သော်လည်း အရွယ်နှင့် မလိုက်အောင် လျင်မြန်ဖျတ်လတ်လှန်းသဖြင့် သာမန်သိုင်းသမား လူရွယ်တစ်ဦးပင်လျှင် ကျင်စွံအား အနိုင်တိုက်နိုင်ဖို့ မလွယ်ကူလှပေ။

သို့ဖြင့် သားအမိနှစ်ဦးစလုံး၏ သိုင်းစွမ်း ထက်မြက်မှုက မြို့စားကြီး၏ ဝဲယာလက်ရုံးသိုင်းသမားနှစ်ဦးနှင့် ကျန်ရဲတင်တို့အား အောင်ပွဲဆင်နိုင်ခဲ့ကြလေသည်။

သို့ရာတွင် သူတို့သားအမိ၏ အောင်ပွဲမှာ တဒင်္ဂသာလျှင် ကြာမြင့်ရှာ၏။

အဘယ်ကြောင့်ဆိုသော်သူတို့မြင်တွေ့လိုက်ရသည့်မြင်ကွင်းက နှစ်ဦးစလုံးအဖို့ မည်သို့မှ မလှုပ်ရှားဝံ့အောင်ဖြစ်ရသည့် အခြေအနေမျိုးပင်ဖြစ်သည်။

မြွေဘုရင် ကျင်ဖုန်းအား မြို့စား၏ ရဲမက်တစ်ဦးက လည်မျိုအား ဓားဦးချွန်နှင့် ထောက်ထား၍ မြို့စားကြီး ကျန်ရောက်ဖူးက မီးဝင်းဝင်း တောက်သော မျက်လုံးအစုံနှင့် သူတို့သားအမိအား ခါးထောက်လျက် ကြည့်ရှုနေသည်ကို တွေ့ရှိကြရလေသည်။

'ဟဲ ဟဲ ဟဲ သိုင်းစွမ်းထက်လှတဲ့ သားအမိ၊ ကဲ…ဘာတတ်နိုင်သေးသတုံးကွ ဟင်'

မြို့စားကြီး ကျန်ရောက်ဖူးက နှုတ်ခမ်းမွေး သဲ့သဲ့ကို ပွတ်သပ်ရင်း မျက်လုံးအစုံကို ကောက်ကျစ်စွာ စင်းမေ့လျက် မေးမြန်းလိုက်သည်။



'မိန်းမကျင့် မိန်းမကြံ ဒါသူ့ရဲ့ဘောကြောင်တဲ့ ဉာဏ်ပဲရှင့်၊ သတ္တိရှိရင် ကျုပ်ကို ယောကျ်ားတန်မဲ့ ဝင်တိုက်ကြပါလား ဟင်'

ဝမ်ပို့က သူ့ခင်ပွန်းအား မတရား ဓားထောက်လျက် အနိုင်ယူရန် ကြံစည်ကြသော မြို့စားကြီးနှင့် သူ၏ ရဲမက်အား မကျေမနပ်ဖြင့် လှောင်ပြောင် ပြက်ရယ်ပြုကာ စိန်ခေါ်လိုက်သည်။

'ဟေ့ မြွေမ စကားအပို မပြောနဲ့၊ နင့်ယောကျ်ားလည်မျိုထဲ ဓားဦးဝင်သွားမယ်ကွယ့်၊ ဒါ သေတတ်တဲ့ ဓားတစ်လက်ကွ၊ မြွေတစ်ကောင် မဟုတ်ဘူး၊ နားလည်လား'

မြို့စားက ဝမ်ပို့အား လက်ညှိုးကြီးထိုးလျက် ခြိမ်းခြောက်လိုက်သည်။ ဝမ်ပို့ကမူ မြို့စား၏ ခြိမ်းခြောက်ခြင်းအား ကြောက်ရွံ့ခြင်းမရှိဘဲ ခက်ထန်စွာ တုံ့ပြန်ကြည့်ရှု၏။

မိခင်နည်းတူ ကျင်စွံကလည်း မြို့စားကြီးနှင့် ရဲမက်တို့အား ဂရုမစိုက်သည့် အမူအရာဖြင့် မျက်မှောင်ကုတ်၍ စိုက်ကြည့်နေခဲ့သည်။

'ဟော ဟော ဟေး ဟေး'

မြို့သူ မြို့သားများက မတရား အနိုင်ကျင့်နေကြသော မြို့စားကြီးတို့အား ခုခံ ကာကွယ်နေကြသည့် ကျင်စွံတို့သားအမိကို အားပေးအားမြှောက် ပြုကာ တဟေး ဟေး အော်ဟစ်လျက် ရှိသည်။

ထို့ကြောင့် မြို့စားကြီး ကျန်ရောက်ဖူးက ပရိသတ်ဘက်သို့ ခေါင်းငဲ့ ကြည့်လိုက်လေရာ အော်ဟစ်နေကြသော ပရိသတ်

ကြီးမှာ မီးကို ရေနှင့် ဖျန်းသတ်လိုက်သည့်သို့ ငြိမ်သက် တိတ်ဆိတ်သွားလေသည်။

ကျန်အင်း မြို့စားကြီးကား ခက်ထန် ကြမ်းကြုတ်သည့် မြို့စားကြီးတစ်ဦး ဖြစ်လေရာ သူ့မျက်စိထဲ ကြည့်မရသော မည်သည့် မြို့သားကိုမဆို တရားမရှိ ဥပဒေမရှိ ဖမ်းဆီး နှိပ်စက်လေ့ ရှိ၏။

ယုတ်စွအဆုံး သူ၏ သားတော် လူမမည် ကလေးအရွယ် ကျန်ရဲတင်ကဲ သူနှင့် မတည့်သော သူကြည့်မရသော အမှုထမ်း အရာထမ်းများကို ဖခင်အား ငိုယို တိုင်ကြားသည်နှင့် ထိုသူအား မြို့စားကြီးက ဖမ်းဆီး၍ ရိုက်နှက်သည်။

ထို့ကြောင့်ပင် မြို့စားကြီး စံအိမ်၌ သားတော် ကျန်ရဲတင်အားလည်း အမှုထမ်းများက ရှံကြောက်ကြီးဖြစ်လျက် ရှောင်ကြဉ်ကြကုန်သည်။

ယခုလည်း မတရားမှုကို မြင်နေကြရသဖြင့် ပရိသတ်က မြွေဘုရင် ကျင်ဖုန်းတို့ မိသားစုဘက်မှ အားပေးအားမြှောက် ပြုနေကြသော်လည်း မြို့စားကြီး၏အငြိုးအတေးကိုမူ ကြောက်၍ တုန်လှုပ်ကြလေသည်။

'ဟိတ် မှင်စာလေး မင်းလက်ထဲက ရွှေပခြုပ်လေး ပေးစမ်း'

ကျင်စွိလေးအား ဂေါက်ငမ်းကာ ရွှေပခြုပ် တောင်းလိုက်သော်လည်း ကျင်စွိကမူ မြို့စားကြီးအား ရွှေပခြုပ်ကို မပေးချေ။



မျက်လုံးအစုံကို ပင့်လှန်ရင်း ဆုန်မှုန်စွာ ပြန်လည် ကြည့်ရှုသည်။

'ဘြော် မင်းလေးက ငါ့အမိန့်ကို အာခံတယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'

ကျင်စွိလေးဆီမှ တုံ့ပြန်သံ ပေါ်ထွက်လာသဖြင့် မြို့စားကြီး ဒေါပွသွားလေတော့၏။

မြို့စားကြီးက ရဲမက်အား လှမ်းကြည့်လိုက်ရာ ရဲမက်က လက်ထဲမှ ဓားဦးအား မြွေဘုရင် ကျင်ဖုန်း လည်မျိုထဲ ဖိသွင်းလိုက်သဖြင့် လည်ပင်းတစ်ဝိုက်၌ သွေးများ ယိုစီးကျဆင်းလာလေသည်။

'အ အ အ'

မြွေဘုရင်က နာကျင်စွာ ညည်းညူရှာသည်။

'ဟဲ ဟဲ ဟဲ မင်းသားက ငါ့စကားကို ကလန်ကဆန်လုပ်နေတယ်ဟော့၊ ကဲ...ကဲ မင်းပြောကြည့်စမ်းပါဦးကွ၊ ပြောမရရ တော့ မင်းလည်မျိုလဲ ဒီတစ်ခါဆို ထုတ်ချင်းခတ်ပေါ့ကွာ'

မြို့စားကြီး ကျန်ရောက်ဖူးက မြွေဘုရင်အား အကျပ် င်လိုက်၏။

'မြို့စားကြီးတောင်းတဲ့ဟာ ပေးလိုက်ပါ သားရယ်'

မြွေဘုရင် ကျင်ဖုန်းက သားဖြစ်သူအား ဖျောင်းဖျလိုက်တော့မှ ကျင်စွိက သူ့မိခင်အား မော့ကြည့်သည်။

မိခင်ဖြစ်သူ ဝမ်ပို့ကလည်း သက်ပြင်း တစ်ချက်ကို ချ လျက်....

'ပေးလိုက်ပါသား'

မီဘာနုစ်ပါး၏ သဘောထားကို ရရှိလေမှ ကျင်စွီလေးက လက်ထဲဝယ် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသော ရွှေပချိုပ်လေးအား လက်ကို ဆန့်တန်းပြီး လှမ်းပေးလိုက်လေသည်။

ပေးစမ်း'

ကျန်ရဲတင်က လျှင်မြန်စွာ လုယူလိုက်သည်။

ပြီးတော့ ကျင်စွီလေးအား ခြေထောက်တစ်ဖက်နှင့် လှဲကန်လိုက်သည်။

'ဖြောင်း'

'အ် အ အမယ်လေး'

ကျင်စွီလေး၏ အော်ဟစ်သံတော့ မဟုတ်ပါလေ။

မြို့စားကြီး၏ သားတော် ကျန်ရဲတင်၏ နာကျင်စွာ အော်လိုက်သော အသံသာလျှင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သူ၏ အရှိန်ပြင်းစွာ လှဲကန်လိုက်သော ခြေထောက်အား ကျင်စွီလေးက လျှင်မြန်စွာ လမ်းခုလတ်မှာ ခြေဖဝါးနှင့် ထောက်ပြီး ဆီးခံလိုက်သောကြောင့် နာကျင်စွာ အော်ဟစ် ညည်းညူလိုက်ခြင်းပင် ဖြစ်သည်။

'ဟား ဟား ဟား ဟား'

'ဟေး ဟေး ဟေး ဟေး'



ပရိသတ်ကြီးက ထိုအဖြစ်အား ကျေနပ် အားရစွာဖြင့် အော်ဟစ် လှောင်ပြောင် ရယ်မောလိုက်သဖြင့် မြို့စားကြီးမှာ သားဖြစ်သူအတွက် ရှက်သွားပြီး ကျန်ရဲတင်အား ဆွဲခေါ်ရင်း ကျင်စွီလေးအား လက်ပြန် ရိုက်ချလိုက်သဖြင့် လွင့်စဉ်ကျသွား၏။

မြို့စားကြီးအား ဝမ်ပို့က ဝင်ရောက် တိုက်ခိုက်မည်ပြုရာ မြွေဘုရင် ကျင်ဖုန်းက ဆွဲလျက် တားဆီးထားလိုက်သည်။

'ဟေး ဟေး ဟေး ဟေး'

မြို့စားကြီး ကျန်ရောက်ဖူးနှင့် မိသားစုမှာ ပရိသတ်ကြီး၏ ပြက်ရယ် လှောင်ပြောင်မှုကြားမှ လက်ရုံးနောက်လိုက်များနှင့် အတူ လျှင်မြန်စွာ ထွက်ခွာသွားကြလေသည်။

ကျန်ရဲတင်လေးက ရွှေပချိုပ်လေးအား ဖော့ယမ်းလျက် အားရဝမ်းသာဟန်နှင့် ကျင်စွီလေးအား မခံချင်အောင် ပြုမူသွားခဲ့ပေသည်။

'ဘောက်'

သားအမိ နှစ်ယောက်ထံမှ မကျေမနပ်ဖြင့် ခံပြင်းကြသော တောက်ခေါက်သံတို့က တစ်ပြိုင်နက်တည်း ထွက်ပေါ်လာလေသည်။

'သူတို့က မင်းစိုးရာဇာတွေပဲကွယ် ဖက်ပြိုင်မဖြစ်ချင်ကြပါနဲ့၊ ကိုယ်ပဲ နစ်နာဆုံးရှုံးမှာ မဟုတ်လား'

မြွေဘုရင်ကျင်ဖုန်းက သားအမိနှစ်ယောက်အား ဖျောင်းဖျနှစ်သိမ့်သည်။ သိမ်းဆည်းစရာရှိသည်များအား သူကား သိမ်းဆည်းနေသည်။

သားအမိနှစ်ယောက်ကမူ ဒေါသများ နာကြည်းရှုံ့မှုန်းမှုများ မခံမရပ်နိုင်ဖြစ်မှုများကြောင့် အားကတာဆတ်ဆတ်တုန်လျက် ကျန်ရစ်ခဲ့ကြသည်။

ပရိသတ်အချို့က သူတို့အား လာရောက်အားပေးကြ၏။

သူတို့ကလည်း ဤမတရား အနိုင်ကျင့်မှုကို တွေ့မြင်နေကြရသော်လည်း မည်သို့မျှ မတတ်နိုင်ကြကြောင်း ပြောပြ၏။

သူတို့က ကျန်အင်းမြို့သားများကိုယ်တိုင် ထိုသို့ အနိုင်ကျင့် နှိပ်စက်နေခြင်းအား ခံနေရသည်ဟု ပြောကြလေ၏။

ထိုစဉ် အရွယ်နှင့်မလိုက်အောင် စိတ်ကြီးမားသော ကျင်စွံလေး၏ ကြိမ်းဝါးပြောဆိုလိုက်သောစကားကြောင့် ပရိသတ်အများမှာ အံ့သြထိတ်လန့် သွားကြလေတော့သည်။

မြေသင်လူလေးအမည်ရှိ ကျင်စွံလေး ကြိမ်းဝါးလိုက်သောစကားမှာ အလွန်အန္တရာယ်ရှိနေသော စကားတစ်ရပ်ဖြစ်နေသောကြောင့်ပင်။

"ကျုပ် ရွှေသတ္တဝါလေးကို မတရားယူသွားကြတဲ့ မြို့စားမိသားစု အသေဆိုးနဲ့ သေကြပြီသာမှတ်ဗျို့"

**အထီးကျန်ကျင်စွံ**

ကျန်အင်းမြို့၌ မြေပွဲတော်ကို ပြသခဲ့သော မြေဘုရင်ကျင်ဖုန်းတို့မိသားစုမှာ မြို့စားကြီး ကျန်ရောက်ဖူးတို့ မိသားစု၏ မတရားအနိုင်ကျင့်မှုကြောင့် ဆက်လက်မပြသတော့ဘဲ ထိုမြို့မှ စိတ်မကောင်းစွာ ထွက်ခွာခဲ့ကြလေသည်။

သူတို့၌ မြင်းတစ်စီးနှင့် မြေသတ္တဝါများ မြေအိတ်များ၊ မြေပခြုပ်များ၊ မြေလှောင်အိမ်များ တင်ဆောင်သည့် မြင်းရထားလှည်းတစ်စီးသာ ပါလာကြသည်။

အပြန်ခရီးဝယ် မြေတုရင် ကျင်ဖိုန်းက သူစီးနေကျ မြင်းအား ဝမ်းနည်းကြေကွဲနေရှာသော သားဖြစ်သူ မြေသခင်လူလေး ကျင်စွံအား စီးနင်းစေခဲ့သည်။

သူကမူ စိတ်မကောင်းဖြစ်လာခဲ့သော ဇနီးသည်ဖြစ်သူ ဝမ်ပို့အား ဖျောင်းဖျနှစ်သိမ့်ရန် မြင်းလှည်းကို မောင်းကာ လာသည်။

ဇနီးဖြစ်သူ ဝမ်ပို့က သူ့အနီး၌ စကားတစ်လုံးမျှ မပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာသည်။

ကျင်စွံလေးကမူ မိခင်၏မြင်းကို စီးနင်းလျက် ဒုန်းစိုင်းစီးလိုက် တစ်နေရာရောက်လျှင် ဖခင်နှင့်မိခင်၏ မြင်းလှည်းကို စောင့်လိုက်နှင့် ခရီးနှင်နေခဲ့လေသည်။

ကျန်အင်းမြို့သို့ အလာခရီး၌မူ သူနှင့်မိခင်က မြင်းလှည်းကို မောင်းနှင်လာခဲ့ကြသည်။

ယခု အပြန်ခရီး၌ သူ၏ မြေသတ္တဝါလေး ရှုံးဆုံးခဲ့ရသဖြင့် ကြေကွဲဝမ်းနည်းနေရှာသော သူ့အား ဖခင်က မြင်းလှည်းမောင်းခွင့် မပြုတော့ဘဲ လွတ်လပ်စွာ မြင်းကို စီးနင်းခွင့် ပြုခဲ့သည်။

ကျင်စွံကား မြင်းတစ်ကောင်အား ငါးနှစ်အရွယ်ခန့်မှစလျက် တက်ရောက်စီးနင်းလာခဲ့သူတစ်ဦးဖြစ်သည်။

ယခုနှစ် အသက် ခုနစ်နှစ်အရွယ်၌မူ လူကြီးတစ်ဦးနှယ် ကျွမ်းကျင်နိုင်နင်းစွာ စီးနေနိုင်ပြီ ဖြစ်သည်။

ထို့ကြောင့်လည်း ဖခင်ဖြစ်သူက သူ့အား စိတ်ချလက်ချ မြင်းကို အပ်နှံခဲ့ခြင်း ဖြစ်သည်။



သို့ဖြင့် သူတို့မိသားစုလေးမှာ ကျန်အင်းမြို့မြင်ကထွက်လာမိကြ၍ အနောက်ဘက်ရှိ နက်ရှိုင်းသော တောအုပ်ကြီးဖြစ်သည့်မိုးမခ တောအုပ်ကြီးကိုပင် အဝေးက စိမ်းမြည့်မှိုင်းစွာ မြင်တွေ့နေကြရပြီ ဖြစ်သည်။

‘ရှေ့က အစိမ်းတောကြီးဟာ မိုးမခတောကြီးမဟုတ်လား အဖေ’

‘အေးကွယ့် ငါ့သားက မှတ်မိသားပဲကွ၊ ဘာဖြစ်လို့လဲ သားရဲ့’

‘သား အဲဒီ မိုးမခတောက စောင့်နေပါမယ်နော်အဖေ’

‘အေးလေ၊ သားသွားချင်ရင်လဲ သွားပေါ့ကွာ တောထဲတော့ မဝင်နဲ့ဦးကွယ့်၊ တောကောင်တွေဘာတွေနဲ့ တိုးနေဦးမယ် ကြားလား’

‘ဟုတ်ကဲ့ပါ၊ အဖေ၊ တောစပ်ကပဲ စောင့်နေမှာပါ’

မြေသခင်လူလေး ကျင်စွံက ဖခင်အား ခွင့်တောင်းပြီး မိုးမခတောအုပ်ကြီးဆီသို့ ဦးတည်လျက် မြင်းကို ဒုန်းစိုင်းနှင်သွားလေတော့သည်။

မြို့စားကြီး ကျန်ရောက်ဖူး ဦးဆောင်လျက် ကျန်အင်းမြို့စောင့်တပ်မှ ရဲမက်တစ်စုနှင့် သူ၏ လက်ရွေးစင် သိုင်းသမား ငါးဦးတို့သည် မြင်းများကို ဒုန်းစိုင်းကာ ကျန်အင်းမြို့ အနောက်ပေါက်မှ တစ်ရှိန်ထိုး ထွက်ပေါ်လာကြသည်။

သူတို့လူစု မြင်းများကို စိုင်းနှင်သွားကြသည့်ပုံမှာ ရေးကြီးသုတ်ပျာနိုင်လှ၍ ရှေ့ဆုံးမှ မြို့စားကြီး ကျန်ရောက်ဖူး၏

မျက်နှာမှာလည်း ဒေါသများဖြင့် နီမြန်းနေကာ မျက်လုံး အစုံမှာလည်း မီးကျီးခဲနှစ်ခဲအသွင် နီရဲလျက်ရှိ၏။

ဒေါသများဖြင့် နှုတ်ခမ်းမွှေးသဲ့သဲ့များပင် ထိုးထိုး ထောင်ထောင်နှင့် ဖြစ်နေရသည်ထင်၏။ သူ၏မျက်လုံး ရဲရဲ တို့က ရှေ့တူရူသို့ ဒေါသကြီး လှမ်းမျှော်ကြည့်ရှုရန် မြင်း၏အင်ပါးကို တဖြန်းဖြန်းရိုက်ကာ မြန်သထက်မြန်အောင် စီးနှင်းနေလေသည်။

'သူတို့မှာ မြင်းလည်းပါတယ်ဆိုတော့ သိပ်ဝေးဝေးတော့ ခရီးပေါက်လိမ့်ဦးမယ်မထင်ဘူး မြို့စားကြီး'

မြို့စားကြီး၏ မြင်းနှင့် ယှဉ်လျက် ပြေးနှင်နေသူ ရဲမက် တပ်ဗိုလ်တစ်ဦးဖြစ်သည့် မိစ္ဆာလောင်လီက အော်ပြော လိုက်၏။

'အေး....မိုးမချုပ်ခင် မဝင်မီ သူတို့ကို မှီဖို့လိုတယ်'

မြို့စားကြီးက အံကိုကြိတ်လျက် တုံ့ပြန်ပြောသည်။

'ဟာ....သူတို့ မိုးမချုပ်ခင် ရောက်နိုင်မယ်မထင်ပါဘူး။

'မြို့ပေါက်ဝကပြောတော့ သူတို့ထွက်သွားတာ မွန်းတည့် ချိန်လောက်ကပဲဆိုတော့ ဘယ်နည်းနဲ့မှ မရောက်ဘူး မြို့စား ကြီး။

'နောက်ပြီး သူတို့ကမြေသတ္တာတွေ တနင့်တပိုးနဲ့ဆိုတော့ ခရီးမတွင်နိုင်ပါဘူး'

မြို့စားကြီး၏ လက်ရွေးစင် သိုင်းသမားတစ်ဦးဖြစ်သူ ငါးမန်းစွယ် ဝေကျန်ရှင်းက သူ၏ ငါးမန်းစွယ်ဖြူဖြူကြီး အား မြင်းကုန်းနှီးစယ် ဆွဲချိတ်ရင်း အာမခံလိုက်ပြန်သည်။





'အို....ဘာမဲဖြစ်ဖြစ် မတွေ့မချင်း လိုက်ကြမှာပဲ။

'သူတို့မြေတွေပါ တစ်ပေါင်မကျန် သတ်ပစ်လိုက်ကြတာ ပေါ့'

လူ့ဘီလူးကြီး လျူဖွေ့ကြိုက စိတ်မရှည်စွာ ကြားမှ ဝင်ရောက်အော်ပြော၏။ သူ၏လက်နက် ခက်ရင်းခွကြီးကို လည်း တဝှီးဝှီးနှင့် ယမ်းလိုက်သေးသည်။

'ဟုတ်တယ်မြို့စားကြီး၊ ဒီမြေလင်မယားကို မတွေ့ တွေ့အောင်ရှာ... မွှေပစ်တော့မယ်၊ ... ပါတော့ယတိ... ...ဖြူဖြူကြီး ထွက်လာခဲ့တာပဲဗျို့၊ သူတို့လင်မယား... ခေါင်း တွေ့မှ ကျန်အခင်းကိုပြန်တော့မယ်ဗျ၊ ဟား ဟား ဟား'

ခေါးပြားကြီးကို တရှမ်းရှမ်းနှင့် ဘယ်ညာယမ်းခါ စိတ်ထက်သန်နေသူ သိုင်းသမားမှာ ခေါးတစ္ဆေကြီး တိတ် လျှောင်သာ ဖြစ်၏။

သူကား မြို့စားကြီး၏လက်ရုံးတစ်ဦး...သူ တိတ်ချောင် ၏ အစ်ကိုတော်စပ်သူ ဖြစ်၏။

[ ၈ ]

မြေပွဲတော်ဝယ် ညီဖြစ်သူအား မြေဘုရင်ကျင်ဖုန်း၏ဇနီး စမ်ပို့က လက်ကို ခြေနှင့် ကန်ချိုးခဲ့သဖြင့် အလွန်မှုယင် နာကြည်းလက်စားချေချင်နေသူ ဖြစ်၏။

ထို့ကြောင့်လည်း သူက မြို့စားကြီးနှင့်အတူ စိတ်ရော ကိုယ်ပါ လိုက်ပါခဲ့ခြင်းဖြစ်သည်။ မြေဘုရင်လင်မယားအား သူ့စားပြားကြီးနှင့် ဦးခေါင်းကိုဖြတ်ရန် ကြိမ်းဝါးသော သူ ဖြစ်လေသည်။

ထို့အတူ မိုးခေါးရှင်လျှန်စု ရွှေလှံပျံတော်လုံးစသည့် လက်ရွေးစင်၏ နာမည်ကျော် သိုင်းသမားများလည်း လိုက်ပါလာကြ၏။

မြို့စားကြီးကျန်ရောက်ဖူး၏ မျက်စိထဲဝယ် မြင်းကို ဒုန်းစိုင်း စီးနှင်းရင်း ဇနီးဖြစ်သူ ရှုဖူး သားတော် ကျန်ရဲတင် တို့၏ မျက်နှာကို မြင်ယောင်လာခဲ့သည်။

'တောက်'

သူက အံကိုကြိတ်လျက် တောက်ခေါက်လိုက်ရာ အပါး၌ ရဲတပ်ဗိုလ် မိခ္ခာစာလောင်လီက စိတ်လန့်ပြီး ခေါင်းငုံ့ ကြည့်၏။

'စိတ်ကိုလျှော့ထားပါ မြို့စားကြီး၊ ကျုပ်တို့ဒီလင်မယား ကို လွှတ်ပေး လက်စားချေနိုင်ကြမှာပါ၊ မိုးမခတောထဲ မရောက်ခင်မှာတင် မီမှာ သေချာပါတယ်၊ ဟဲ ဟဲ ဟဲ ဟဲ အဲဒီခါမှသာ ကျုပ်ရဲ့ခါးချက်ကို မြင်ကောင်းမ ကောင်း ကောင်း သိရပါစေမယ်ခင်ဗျာ'

ရဲတပ်ဗိုလ်သောင်လီမှာ သူ၏မြို့စားကြီး အားရကျေနပ် အောင် အားပေးနှစ်သိမ့်လိုက်သည်။

'ကဲ...ပါးစပ်တွေပိတ်ပြီး မြင်းကိုသာ အမြန်ဆုံးနှင်ကြ စမ်း၊ ဒီလင်မယားကို မီဖို့အရေးကြီးတယ်'

မြို့စားကြီးက စိတ်ကို မထိန်းနိုင်တော့ဘဲ အော်ဟစ် အမိန့်ပေးလိုက်သဖြင့် ရဲတပ်ဗိုလ်နှင့် လက်ရွေးစင်သိုင်းသမား များမှာ တိတ်ဆိတ်ငြိမ်သက်သွားပြီး မြင်းများကို တရကြမ်း စိုင်းနှင်လိုက်ရတော့သည်။

★



မြို့စားကြီး ကျန်ရောက်ဖူး၊ သားတော် ကျန်ရဲတင်မှာ ရွှေရောင် မြေသတ္တဝါလေးကို ကျင်စွတ်တို့ မိသားစုထံမှ အနိုင် ကျင့် ရယူသွားခဲ့ပြီး ကျန်အင်းစံအိမ်တော် သူ၏အိပ်ခန်း၌ အလုံချိတ်ဆွဲထားလေသည်။

မြို့စားကတော် ရှုဖူးလွမ်ကလည်း သူ၏သားတော်အား ထိုးကြိတ် တိုက်ခိုက်သွားခဲ့သည့် ကျင်စွတ်တို့ မိသားစုအား မသတ်ဖြတ်၊ မဖမ်းဆီးရကောင်းလားဟူ၍ မြို့စားကြီးကို မြူဆွ ဖြစ်တင်နေခဲ့၏။

'ရှင်ဟာလေ အတော်နေနိုင်တဲ့လူပဲ၊ ကျုပ်သားတော်လေး ကို မြေမှာလဲကျသွားအောင် ထိုးကြိတ်ခဲ့တဲ့ တောသား မြေကဝေမိသားစုကို ရှင်မို့လို့ အရေးမယူ အပြစ်မပေးဘဲ ပြန်လာခဲ့တယ်၊ နောက်ပြီး ကျန်အင်း မြို့သူမြို့သားတွေရှေ့မှာ အစော်ကားခံခဲ့ရတယ်လို့၊ ဟင်း....'

'မင်းက အပြစ်တင်ဖို့ပဲ သိတာပဲကွ၊ ငါကိုယ်တိုင် အဲဒီ တောသားလေးကို ဖြတ်ချိုက်ပစ်ခဲ့တာ မင်း မတွေ့ဘူးလား၊ သူတို့တွေကို အရမ်းကာရောလုပ်လို့ မဖြစ်ဘူးကွ၊ မြို့သားတွေ က သူတို့ဘက်ကရှိနေတာ မင်း မျက်မြင်ပဲ၊ ဖရိုသတ်တွေ ပါလာရင် တို့မိသားစုရဲ့ အသက်အန္တရာယ်ပါစိုးရိမ်ရတယ်ကွ၊ တို့မှာက ရဲမက်တပ်စု ခေါ်လာတာမဟုတ်ဘူး၊ လက်ရွေး သိုင်းသမားနှစ်ဦးနဲ့ ရဲတပ်သားတစ်ယောက် နှစ်ယောက်သာ ပါလာကြတာ၊ ဒါကြောင့် ငါက အသာ အချိုသတ်ပြီး လွှတ်ခဲ့ရတာပေါ့၊ ကိုယ့်လူတွေကလဲ သူတို့သားအမိကို မနိုင်တဲ့ အလူးအလဲ ခံခဲ့ရတာကိုက ရှက်စရာဖြစ်နေခဲ့တာ'

'ဘာပဲဖြစ်ဖြစ် ရှင် တစ်ခုခုလုပ်ခဲ့ဖို့ကောင်းတယ်၊ ခုတော့ ကျန်အင်း မြို့သားတွေက ကျေနပ်အားရနေကြပြီရှင့်၊ ကျုပ်တို့လို မြို့စား မိသားစုကို တစ်နယ်တကျေးက တောသား မိသားတစ်စုက ကိုယ်ထိလက်ရောက် စော်ကားခံရတာ အင်မတန် ရှက်ဖို့ကောင်းတယ်'

'ကဲကဲ...တော်ပါ ရွှေဖူးလွှမ်းရယ်၊မင်း ဒီလောက်တောင် မုန်းတီးနေရင် ငါကောင်တွေကို ရှာခိုင်းပြီး ဆုံးမရတာပေါ့မှာ ပဲ....'

နောက်ဆုံးတော့ မြို့စားကြီး ကျန်ရောက်ဖူးမှာ မိန်းမဖြစ်သူ၏ အလိုဆန္ဒကို လိုက်လျောလျက် မြေဘုရင့် မိသားစုအား ဖမ်းဆီးနှိပ်စက်ရန် ကတိပေးလိုက်ရတော့သည်။

သည်တော့မှ မြို့စားကတော်ကြီးမှာလည်း ရယ်ရယ်ပြုံးပြုံးနှင့် နေသာထိုင်သာ ရှိသွားလေသည်။

'ရှင့်သားကတော့ ရွှေရောင်မြွေလေးရလို့ ပျော်ရွှင်နေလေရဲ့....။

'အိပ်ခန်းထဲမှာ ရွှေပခြုပ်လေးကို ချိတ်ထားတယ်၊ သွားကြည့်လိုက်ပါဦး'

'သူ စိတ်ချမ်းသာရင် ပြီးတာပါပဲကွာ၊မင်းသားကို မင်းပဲ ကြည့်ပြီး သွားကြည်နူးလိုက်ပါ၊ ငါကောင်တွေကို ဟိုလင်မယားနောက် လိုက်ခိုင်းဖို့ သွားပြောလိုက်ဦးမယ်'

မြို့စားကြီး ကျန်ရောက်ဖူးက ရွှေဖူးလွှမ်းအားနှုတ်ဆက်ကာ စံအိမ်တော်မှ ထွက်ခွာသွား၏။



ထိုအခါ မြို့စားကတော် ရွှေဖူးလွှမ်းမှာ ကျန်ရဲတင်၏ အိပ်ခန်းဆောင်သို့ အားရကျေနပ်စွာ လျှောက်လှမ်းလာခဲ့သည်။

ကျန်ရဲတင်ကား အိပ်ခန်းထဲ၌ လဲလျောင်းနေလေ၏။

မိခင်ဖြစ်သူအား တွေ့ရှိလိုက်ရသောအခါ သူက ထထိုင်သည်။

ရွှေဖူးလွှမ်းက သားဖြစ်သူအား ပြုံးရယ်ပြလိုက်ကာ....

'ခုပဲ သားခမည်းတော်နဲ့ ရန်ဖြစ်ခဲ့သေးတယ် သားတော်ရဲ....'

'ဟင်....ဘာဖြစ်လို့လဲ မေမေ'

'ဟိုမြွေလင်မယားကို မဖမ်းဆီးဘဲ လွှတ်ပစ်ခဲ့လို့ပေါ့'

'ဟုတ်တယ် သားကို ရန်မူတဲ့ကောင်တွေ ဖမ်းပြီးတော့ချုပ်ရမှာ'

ကျန်ရဲတင်ကလည်း မိခင်နှင့်အတူ ဆန္ဒတစ်ထပ်တည်း ကျသည်။

'ဟင်း ဟင်း သားဆန္ဒပြည့်ရမှာပေါ့ သားရယ်၊ သားခမည်းတော် ခုပဲ ရဲမက်တွေကို အဲဒီလင်မယား လိုက်ရှာဖမ်းဖို့ အမိန့်သွားပေးပြန်ပြီလေ၊ဘယ်ရမလဲ သားမေမေပဲကွ၊ သားခမည်းတော်ကို အတင်းတွန်းရတာပေါ့'

'ဟား ဟား ဟား ဒါမှ တို့မေမေကွ'

ကျန်ရဲတင်လေးမှာ ကျင်စွယ်တို့ မိသားစုအား ဖခင်ကြီးက ဖမ်းဆီးရန် ဆုံးဖြတ်လိုက်ခြင်းအတွက် အလွန်ပင် အားရကျေနပ်သွားလေသည်။

'ဒါနဲ့ သားတော်ရလာကဲ့ ရွှေရောင်မြွေလေး အမေ့ကို ပြပါဦးကွယ်'

ကျန်ရဲတင်က ရွှေပခြုပ်လေးကို သူအိပ်စက်သည့် ခုတင်ထိုင်ခုံ၌ ချိတ်ဆွဲထားခဲ့သည်။

သူက ရွှေပခြုပ်လေးကို ဖြုတ်ယူလိုက်သည်။

'သား မြွေလေးက ကိုက်များကိုက်မလား မသိဘူးကွယ်'

'ဟ....မေမေကလဲ မြွေသူတော်စင်လေးပဲဟာ၊ ဟိုလူကြီး လက်ထဲမှာ လျှောက်သွားပြီး ခေါင်းမှာတက်ခွေနေတဲ့ကောင်ပဲ....'

ထို့နောက် ကျန်ရဲတင်က ရွှေပခြုပ်လေးအား သူ၏ လက်ဝါးပေါ်တွင် မြွေဘုရင် ကျင်ဖုန်းကဲ့သို့ တင်ထားသည်။

'ကဲ....မေမေ သေသေချာချာကြည့်နော် သားအဖုံးဖွင့်ပြမယ်၊ ရွှေမြွေလေး ထွက်လာလိမ့်မယ်'

သူ့မိခင်အား မြွေဘုရင်လုပ်ပြသည်သို့ ကျန်ရဲတင်လေးက ဟန်အမူအရာနှင့်လုပ်ပြကာ ရွှေပခြုပ်အဖုံးလေးအား အသာဖွင့်လိုက်၏။

'ဟင်'

သို့သော် ရွှေပခြုပ်လေးထဲမှ ရွှေသတ္တဝါလေးက ထွက်ပေါ်မလာခဲ့ပေ။

'ဟေ့....ဟေ့....ရွှေမြွေလေး ထွက်ခဲ့လေ'

ကျန်ရဲတင်မှာ ရွှေပခြုပ်လေးထဲမှ မြွေလေးထွက်မလာသဖြင့် နှုတ်မှ တတွတ်တွတ်ခေါ်နေခဲ့သည်။



သူ့မိခင်ကလည်း သားဖြစ်သူ၏ အမူအရာကို ကြည့်ရှုလျက် သဘောကျစွာ ပြုံးရယ်နေလေ၏။

'ဟေ့ ဟေ့ကောင် ထွက်ခဲ့စမ်း၊ ငါ ကောင်းကောင်းမွန်မွန် ခေါ်နေတယ်နော် ဟင်း'

မိခင်ရှေ့၌ အမူအရာနှင့် မြွေဘုရင်အတိုင်း လုပ်ပြနေခဲ့သော်လည်း မြွေလေးက ထွက်မလာသောကြောင့် ကျန်ရဲတင်လေးမှာ စိတ်ဆိုးလာပြီး ကြိမ်းဝါးလျက် ခေါ်ငင်နေပြန်သည်။

'ဟေ့....မြွေစုတ်၊ ဒီတစ်ခါခေါ်လို့မှ ထွက်မလာရင် မင်းရွှေအရေခွံကို ဆုတ်ပစ်မယ် နားလည်လား'

မည်သို့ခေါ်ခေါ် ရွှေမြွေလေးမှာ ပခြုပ်အပြင်သို့ထွက်လာဟန်မပြ၊ မလှုပ်မယှက် ငြိမ်သက်လျက် ရှိသည်။

ကျန်ရဲတင်ကလည်း ရွှေပခြုပ်လေးကို လက်ဝါးထက်တင်ထားရာမှ လှုပ်ခါကြည့်၏။

'သား၊ မြွေလေးက ရှိမှရှိသေးရဲ့လားကွယ်'

ရှုဖူးလွမ်းက သားဖြစ်သူအား သံသယနှင့် မေးမြန်းသဖြင့်....

'ဟာ....ဒီမြွေစုတ်မြွေမဲ့ ရှိပါတယ် မေမေရဲ့။

တစ်ခုပဲရှိတယ် သေများသေနေပြီလား မသိဘူး'

ကျန်ရဲတင်မှာ စိတ်မရှည်တော့ဘဲ ပခြုပ်တွင်းသို့ သူ၏ လက်သေးသေးလေးနှင့် နှိုက်ကြည့်လိုက်သည်။

'အား အား'

ရုတ်တရက် ကျွန်ရဲတင်လေးမှာ အော်ဟစ်ပြီး နောက်လန် လဲကျသွား၏။

'အို...သား သား ဘာဖြစ်တာလဲ'

မြို့စားကတော် ရှုဖူးလွှမ်းမှာလည်း စိုးရိမ်ထိတ်လန့်ပြီး နောက်လန်လဲကျသွားသော ကျွန်ရဲတင်အား ပွေ့ထူရန် လှုပ်ရှားလိုက်မိ၏။

'အား အ အ'

သူမမှာလည်း နာကျင်စွာ အော်ဟစ်ပြီး လဲကျသွားပြန်သည်။ တကယ်တော့ သူတို့သားအမိအား ရွှေသတ္တဝါလေးက ပြင်းထန်သော အဆိပ်များနှင့် ပေါက်လိုက်ခြင်းသာ ဖြစ်သည်။

ကျွန်ရဲတင်လေး၏ လက်အား ပခြုပ်တွင်းမှ ရွှေသတ္တဝါလေးက အစွယ်နှင့်ကိုက်လိုက်သဖြင့် နောက်လန်လဲသွားစဉ် ပခြုပ်တွင်းမှ ရွှေသတ္တဝါလေးလည်း အပြင်သို့ လွင့်၍ကျသွားသည်။

ထိုစဉ် ရှုဖူးလွှမ်းကလည်း သားသမီးစိတ်နှင့် မှန်ပြီး စိုးရိမ်ပူပန်စွာ ကျွန်ရဲတင်ထံပြေးသွားရာ ထွက်ကျနေသော ရွှေသတ္တဝါလေးကို နင်းမိပြန်၏။

ထို့ကြောင့် မရွှေမြွေလေးက ရှုဖူးလွှမ်း၏ ခြေမျက်စိကို ပေါက်ချလိုက်ခြင်း ဖြစ်လေသည်။

ရွှေသတ္တဝါလေးမှာ အလွန်အဆိပ်ပြင်းသော မြွေမျိုး ဖြစ်သော်လည်း ပေါက်လေ့ ပေါက်ထမရှိခဲ့။ စိတ်ကောင်း



ရှိသော မြွေဖြစ်ကာ ဒေါသထွက်လာစဉ် ပေါက်မိလျှင်မူ မည်သည့် ဆေးဆရာမှမမိနိုင်ပေ ဘော့ချေ။

အဘယ်ကြောင့်ဆိုသော် အပေါက်ခံရသူမှာ ချက်ချင်းပင် ပါးစပ်မှ အမြှုပ်ထွက်လျက် တစ်ကိုယ်လုံး ပြာနှမ်းကာ အဆိပ်ပြန့်ပြီး သေဆုံးသွားရ၏။

သို့ဖြင့် မြို့စားကတော် သားအမိမှာ အိပ်ခန်းထဲ၌ တဒင်္ဂ အချိန်လေးအတွင်းမှာပင် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွား ရလေတော့သည်။

ရွှေသတ္တဝါလေးကမူ လွတ်မြောက်သွားပြီဖြစ်၍ မြို့စားကြီး၏ စံအိမ်တော်မှ တရွေ့ရွေ့ ထွက်ခွာသွားလေတော့ သည်။ ကျွန်ရဲတင်၏ အိပ်ခန်းလေးအတွင်းဝယ် သားအမိ နှစ်ဦးမှာ ပါးစပ်မှ အမြှုပ်များထွက်လျက် အသေဆိုးနှင့် သေဆုံးသွားရရှာသည်။

တစ်ကိုယ်လုံး ပြာနှမ်းကာ ကျွန်ရဲတင်၏လက်ဖမိုးလေး ပေါ်မှ ရွှေသတ္တဝါလေး၏ အစွယ်ရာ နှစ်ပေါက်လေးသာ ကျန်ရစ်သကဲ့သို့ ရှုဖူးလွှမ်း၏ ခြေမျက်စိ၌လည်း သေးငယ်သော မြွေအစွယ်ပေါက်မှ သွေးစို့လျက်ရှိသည်ကို တွေ့ရှိရလေ သည်။

အပ်ဖျားထိပ်လေး စူးမိသောဒဏ်ရာမျှပင် ရှိကြလေသည်။

မည်သို့ပင်ဖြစ်စေ မြွေဘုရင်မိသားစုအား မတရား အနိုင် ကျင့်လျက် မကောင်းစိတ် မွေးကြသော သားအမိမှာ ရွှေသတ္တဝါလေး၏ ဒေါသကြောင့် ထွက်ပေါ်လာသည့် အဆိပ်တက်ပြီး သေဆုံးသွားကြရလေပြီ။

စံအိမ်ပေါ်ရှိ အမှုထမ်းများပင် မည်သူမှ သတိမထား လိုက်မိကြချေ။

မြို့စားကတော် သားအမိကား လူ့ဘဝမှ ထွက်ခွာသွားကြ ခဲ့လေပြီဖြစ်၏။

☆

မြို့စားကြီးကား သူ၏ရဲမက်တပ်ဗိုလ် မိစ္ဆာဓား လောင်လီ အား မနက်ဖြန်မှစ၍ မြေဘုရင်မိသားစုအား ကျုန်အင်းမြို့ တွင်း၌ လိုက်လံရှာဖွေ ဖမ်းဆီးရန် အမိန့်ပေးလိုက်လေ သည်။

မည်သည့်နည်းနှင့် ဖြစ်ဖြစ် ထိုမိသားစုအား အမိအရ ဖမ်းဆီးခဲ့ရန်နှင့် ဖမိက ပြစ်ဒဏ်ပေးခြင်း ခံရမည်ဟု ရဲမက် တပ်ဗိုလ်အား သူခြိမ်းခြောက်ခဲ့လေ၏။

ရဲမက်ဗိုလ် မိစ္ဆာဓား လောင်လီကမူ မြို့စားကြီးအား စိတ်ချလက်ချနေရန်နှင့် တစ်ရက်နှစ်ရက်အတွင်း မြို့စားကြီး ရှေ့မှောက်သို့ သူအရောက် ဖမ်းဆီးခေါ်ဆောင်လာခဲ့ပါမည် ဟု ကတိပေးလိုက်လေ၏။



သို့ဖြင့် မြို့စားကြီး ကျန်ရောက်ဖူးမှာ ဇနီးဖြစ်သူအား ဝပ် သားအားရ ပြောပြရန် စံအိမ်သို့ပြန်လာခဲ့သည်။ ရှူး လွမ်အား မတွေ့ရသဖြင့် အမှုထမ်းများအား မေးမြန်းရာ အမှုထမ်းများကလည်း မတွေ့မိကြောင်းကို ဖြေကြားကြလေ သည်။

'ဒါဖြင့် တစ်နေရာရာ ထွက်သွားလို့ပေါ့ကွ'

မြို့စားကြီးက စိတ်ဆိုးမာန်ဆိုးဖြင့် အော်ဟစ်သည်။

'အပြင်ထွက်သွားတာတော့ မတွေ့မိပါဘူး မြို့စားကြီး'

'အေး....ငါ မိဘ ဓားဆီ မသွားခင်တုန်းကတော့ သူ့ သားအခန်း သွားမယ်လို့ ပြောသေးတယ်၊ သွားကြည့်စမ်း၊ တစ်ယောက်ယောက် မြန်မြန်သွားဟေ့'

မြို့စားကြီးက စိုးရိမ်ပူပန်စွာ အမှုထမ်းတစ်ယောက်အား အမိန့်ပေးလိုက်၏။

'ထိုအမှုထမ်းများလည်း လျင်မြန်စွာ ကျန်ရဲတင်၏ အခန်း ဆက်သို့ ထွက်သွားတော့သတ်။

ကျန်အင်းမြို့စားကြီး၏ စံအိမ်တော်မှာ အလွန်ကြီးမား လှသည်ဖြစ်ရာ တစ်ခန်းနှင့်တစ်ခန်း အတော်လေး လှမ်းဝေး သည်။

မြို့စားကြီးက စံအိမ်တော် ဧည့်ခန်းမအလယ်တွင် အမှု ထမ်းများအား မေးမြန်းစုံစမ်းနေခြင်း ဖြစ် သည်။

လူက စိုးရိမ်ကြောင့်ကြစွာ လမ်းလျှောက်နေလေသည်။

မကြာမီ ကျန်ရဲတင်၏ အခန်းသို့ သွားရောက်ကြည့်ရှုသော အမှုထမ်းမှာ အပြေးအလွှား ရောက်ရှိလာလျက် ချောက်ချားစွာ အကြောင်းကြား၏။

'မြို့....မြို့စားကြီးကတော်နဲ့ သား....သားတော်လေးတို့ သေ....သေ သေနေကြပြီ ခင်ဗျာ'

'ဘာ'

'ပြောင်း'

'အား'

လာရောက် အကြောင်းကြားသော အမှုထမ်း အား မြို့စားကြီးက ဒေါသဖြစ်စွာ လက်ဝါးစောင်းနှင့်ရိုက်ချလိုက်မိ၏။

အမှုထမ်းများ ထိတ်လန့်ကြောက်ရွံ့ပြီး ထစ်သစ်အအနှင့် ထပ်မံပြောပြနသည်။

'မြို့....မြို့စားကြီးကတော်နဲ့ သားတော်လေးတို့ သေဆုံးကုန်ကြပြီ မြို့စားကြီးရယ်'

'ဟေ'

သည်တစ်ခါ တုန်လှုပ်ချောက်ချားမိသူက မြို့စားကြီးကိုယ်တော်တိုင် ဖြစ်လေသည်။

သူက လျှင်မြန်စွာ ကျန်ရဲတင်၏အခန်းကို ခြေလှမ်းကျဲကြီးဖြင့် လျှောက်လှမ်းသွားသည်။

သူ့နောက်မှ အမှုထမ်းများကလည်း ထိတ်လန့်စွာဖြင့် လိုက်ပါသွားကြကုန်၏။



ကျန်ရဲတင်၏ အိပ်ခန်းသို့ဝင်လိုက်သည်နှင့် မြို့စားကြီး၏ မျက်နှာမှာ ကြေကွဲဝမ်းနည်းမှုများနှင့်ရှုတ်ခြည်း ပြည့်လျှမ်းသွားတော့သည်။

## [ ၉ ]

### 'အို'

သူက အံ့ဩထိတ်လန့်စွာ ဇနီးနှင့် သားတို့၏အလောင်းများထံ ချဉ်းကပ်သွားကာ စစ်ဆေးသည်။

တစ်ကိုယ်လုံး ပြာနှမ်းနေပုံနှင့် အမြှုပ်များ ပါးစပ်မှ ထွက်ကျနေပုံများကို မျက်မှောင်ကုတ်ပြီး စဉ်းစားနေရာမှ အခန်းထောင့်တစ်နေရာရှိ ရွှေပခြုပ်လေးကို တွေ့ရှိသွားသဖြင့် အမြေပေါ် သွားရတော့သည်။

သူက ဇနီးနှင့် သားတို့၏ ကိုယ်ခန္ဓာမှာ မြေပေါက်ရာကို
ဂ လိုက်လံရှာဖွေရာ သားထံမှ လက်ဖမိုးတွင် တွေ့ရှိသကဲ့သို့ ဇနီး
သည် ထံမှ ခြေမျက်စေ့တွင် ရှာဖွေတွေ့ရှိရလေသည်။

'တောက်'

'ဟိုရွှေမြေလေးကိုကဲသွားတာပဲ ဖြစ်ရမယ်၊ လိုက်ရှာကြစမ်း၊ ဒီအခန်းထဲမှာပဲရှိရမယ်ကွ'

အမှုထမ်းများက ကျွန်ရဲဘင်၏ အိပ်ခန်းထဲ စုပြုံရှာဖွေကြတော့သည်။

သို့ရာတွင် ခြေရာများသာ ရှုပ်ပွကျန်ရစ်လျက် ရွှေမြေသေးကိုမူ မည်သူမှမတွေ့ရှိကြရချေ။

'ဟင်း'

နောက်ဆုံးတော့ မြို့စားကြီးမှာ ဒေါသများ ဒေါက်ကွဲကျယ်လောင်စွာ အော်ဟစ်လိုက်မိသည်။

'ဟေ့ ဒီမြေအလမ္ပာယ်မိသားစုကို ငါကိုယ်တိုင်လိုက်သတ်မယ်ကွ'

★

မြို့စားကြီး ကျွန်ရောက်ဖူးသည် မြင်းကို မိုးမခဒေတာအုပ်ကြီးဆီသို့ ဦးတည်စိုင်းနှင်နေရင်း ဇနီးနှင့် သားတော်တို့၏ကြမ္မာဆိုးအား စဉ်းစားတွေးတောလာမိနေလေသည်။



အဖေသဆုံးနှင့် သေဆုံးကြရမှာသော ဇနီးနှင့် သားအတွက် မြေဘုရင်မိသားစုအား နာကြည်း မုန်းတီးလျက်ရှိသည်။

မြေသူကောင်စင်တု ယုံကြည်မိပြီး ယူဆောင်လာခဲ့သောရွှေရောင်မြေလေးက အဆိပ်ပြင်းထန်သော မြေဘစ်ကောင်အဖြစ် သူတို့မိသားစုအား သပ်ဖြတ်သွားခဲ့လေပြီ ဖြစ်သည်။

'ဟိုးရှေ့မှာ ခရီးသွား မြင်းလှည်းတစ်စီးကို တွေ့နေရပြီမြို့စားကြီး'

မြို့စားကြီး ကျွန်ရောက်ဖူးမှာ မြင်းကိုဒုန်းစိုင်းရင်း တွေးတောငေးမောလာရာမှ သူနှင့်ယှဉ်ပြီး စီးနှင်းနေခဲ့သည့် ရဲတပ်ဗိုလ် မိစ္ဆာလောင်လီ၏စကားက သူ၏ အတွေးများကိုဖြတ်တောက်ပစ်လိုက်လေသည်။

'ဟေ....ဟုတ်လား'

သည်တော့မှ ရှေ့တူရူဆီသို့ လှမ်းမျှော်၍ ကြည့်ရှုမိလေသည်။

ဖုန်တထောင်းထောင်းထလျက် မြင်းလှည်းတစ်စီး တရွေ့ရွေ့ သွားနေသည်ကို ခပ်ဝေးဝေးပင် မြင်တွေ့လိုက်ရလေသည်။

'မြေလင်မယား မြင်းလှည်းထင်တယ်ကွ'

'ဖြစ်နိုင်ပါတယ် မြို့စားကြီး'

'ကဲ...ဒါဖြင့် ခပ်သွက်သွက်ကလေး ဒုန်းစိုင်းလိုက်ကြရအောင်ဟေ့'

မြို့စားကြီးအမိန့်ပေးလိုက်၍ သူ့လူများမှာ မြင်းများကို ဌာသံပေးကာ စိုင်းနှင်လိုက်ကြတော့သည်။

'ဟေး ဟေး ဟေး'

'ဟိုင်း ဟိုင်း ဟိုင်း'

မြို့စားကြီး၏နောက်လိုက်များမှ ဌာသံပေးအော်ဟစ်သံက လမ်းကြောင်းတစ်လျှောက် ဆူညံသွားခဲ့၏။

ဖုန်များကလည်း အလိပ်လိပ်တက်ကာမီးခိုးလုံးများသဖွယ် အမြင့်သို့ လွင့်တက်သွားကြသည်။

မြင်းခွာသံ တဖြောင်းဖြောင်းကလည်း ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

သူတို့လူစုက လူနှစ်ဆယ်ခန့် ရှိသဖြင့် မြင်းအုပ်ကြီးမှာလည်း ခေါခနဲ ခေါခနဲဖြင့် ဖြတ်သန်း ပြေးလွှားနေတော့သည်။

ရှေ့မှ ခပ်ရေးရေးမြင်ခဲ့ရသော မြင်းလှည်း၏မြင်ကွင်းမှာ တဖြည်းဖြည်းနှင့် နီးကပ်လာသဖြင့် ပီပြင်စွာ မြင်လာရသည်။

မကြာမီ ထင်ထင်ရှားရှား မြင်တွေ့ကြရလေတော့သည်။

'ဟုတ်တယ်ဗျို၊ အဲဒါ မြွေလင်မယားမြင်းလှည်းပဲ မြို့စားကြီး'

ရှေ့လူ ပုံက အော်ဟစ်လိုက်သဖြင့် မြို့စားကြီး၏ မျက်နှာမှာ ခက်ထန်မာကျောသွားလေတော့သည်။

သူ၏မြင်းမှာလည်း ရှေ့ကို လျှင်မြန်စွာ တိုးထွက် စိုင်းနှင်သွားခဲ့၏။



'ငါ့အကြောင်း သိရစေ့မယ်ဟေ့'

နှုတ်မှလည်း ကျယ်လောင်စွာ အော်ဟစ်ကြိမ်းဝါးသွားခဲ့သည်။

'ဟေး ဟေး ဟေး'

လက်ရွေးစင် သိုင်းသမားများမှာ မြို့စားကြီး၏နောက်မှ ဌာသံပေး၍ မြင်းများကို ဒုန်းစိုင်းနှင်ကာ လိုက်ပါသွားကြတော့သည်။

ထိုသို့ မြို့စားကြီး၏ လူများထံမှ ဌာသံပေးအော်ဟစ်နေခြင်းအား မြွေဘုရင်တို့ လင်မယားမှာ သဲ့သဲ့ကြားလိုက်သဖြင့် နောက်ဘက်သို့ လှည့်ကြည့်ရာ....

'ဟင်....နောက်မှာ မြင်းတစ်အုပ် ဒုန်းစိုင်းလိုက်လာပါလားကွ'

'မြို့စားတပ်တွေပဲရှင့်'

ဝမ်ပို့က သူမ၏ခေါ်ကို ဆုပ်ကိုင်လိုက်ကာ ဖြေသည်။

မြွေဘုရင် ကျင်ဖုန်းမှာ စိုးရိမ်ထိတ်လန့်လျက် မြင်းများကို ကျာပွတ်နှင့် တရှပ်ရှပ်ရိုက်ပြီး အပြင်းနှင်တော့သည်။

ဖုန်များက မြင်းရထားနောက်ဝယ် အလုံးလိုက် ထသွားခဲ့သည်။

မြို့စားနှင့် သူ၏နောက်လိုက်များကလည်း တစ်ရှိန်ထိုးလိုက်ပါခဲ့သဖြင့် မကြာမီ မီလုမီခင် အကွာအဝေးသို့ ရောက်ရှိခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် မြွေဘုရင်လင်မယား၏ မြင်းလှည်းမှာ မြွေသေတ္တာများ အပြည့်တင်ဆောင်ထားရသည့်ဟန်ဖြစ်သောကြောင့်တစ်ကြောင်း၊ ဆွဲသည့် မြင်းမှာ

လည်း နှစ်ကောင်မျှသော မြင်းများသာ ဖြစ်လေရာ မြို့စားကြီး၏ မြင်းများနောက် မပြေးနိုင်ခဲ့ချေ။

ထို့ကြောင့် မြို့စား၏မြင်းများက အမီလိုက်နိုင်ခဲ့ကြလေသည်။

မြို့စား၏မြင်းအုပ်၌ လက်ရွေးစင်သိုင်းသမား ငါးဦးအပြင် ရဲမက်တပ်သားများကလည်း ၁၅ ဦးခန့် လိုက်ပါလာကြ၏။

မြေဘုရင် ကျင်ဖုန်းက မြင်းလှည်းကို မြန်နိုင်သမျှ မြန်အောင် မောင်းနှင်နေစဉ် ဇနီးသည် ဝမ်ပို့ကလည်း သူမ၏ ဓားနှင့် ဒဘားမှယူ၍လိုက်ကာ တိုက်ခိုက်နေသော ရဲမက် တပ်သားများကို မတ်တတ်ရပ်လျက် ခုခံကာကွယ်နေခဲ့ရလေသည်။

'ဒုစ် ဒုစ် ဒုစ် ဒုစ်'

'ထန် ထန် ထန် ထန်'

'ရှပ် ရှပ်'

'အ အ'

'အီး'

'အား'

ခုတ်သံ ထစ်သံများက ဆူညံနေလေတော့သည်။

မြင်းအုပ်ကြီးက မြင်းလှည်းဘေးမှလည်းကောင်း၊ နောက်မှလည်းကောင်း လိုက်ပါလာကြကာ ဝိုင်းဝန်းတိုက်ခိုက်နေကြရာ သားကောင် တစ်ကောင်အား မြေခွေးများ စုပြုံ ပိုက်ခဲနေကြသည်နှင့်ပင် တူလေတော့သည်။



ဝမ်ပို့၏မြင်းလှည်းထက်မှ တုံ့ပြန်ခုခံချက်က ရဲမက် ဓားသမား သုံးလေးဦးကို မြင်းပေါ်မှ ကျကျန်ရစ်ခဲ့စေသည်။

သူမက သိုင်းဆရာကြီးသမီးပီသစွာ လျင်မြန်ဖျတ်လတ်သော ဓားချက်များနှင့် တုံ့ပြန်တိုက်ခိုက်နေသည့်သူမနားသို့ တိုးလျက် တိုက်ခိုက်လာမှုမှာ ရှုံ့သွားကြပြီး ဆုတ်ခဲ့ကြ၏။

သို့သော် တစ်ဖက်မှ လိုက်ပါတိုက်ခိုက်နေသည့် ဓားသမားများကမူ မြင်းလှည်းကိုသာ မြန်သထက်မြန်အောင် မောင်းနှင်နေခဲ့သည့် မြေဘုရင် ကျင်ဖုန်းကို အလွယ်တကူပင် ထိုးခုတ်လျက် မြင်းလှည်းထက်မှ ထိုးကျသွားစေခဲ့သည်။

'ရှမ်း....ရှမ်း....ရှမ်း'

'ဂွစ်....ဂွစ်'

'အား'

ကျ...ပွတ်ကို မနားတမ်းရိုက်လျက် တုန်လှုပ်စွာ မြင်းလှည်းအား မောင်းနှင်နေသော ကျင်ဖုန်းမှာ မြို့စားကြီး ကျန်ရောက်ဖူး၏ ဓားချက်နှစ်ချက်ကြောင့် မြေပြင်သို့ လွင့်စဉ်ကျရောက်သွားခဲ့စေတော့သည်။

ကျင်ဖုန်း၏ အသံနက်ကြီးက ကျယ်လောင်စွာ ပေါ်ထွက်သွားသဖြင့် ဝမ်ပို့မှာ လင်ဖြစ်သူဘက်သို့ လှည့်ကြည့်မိရာ မြင်းလှည်းပေါ်သို့ တက်ရောက်လာသည့် ဓားသမားနှစ်ဦးကို တွေ့ရှိရလေသည်။

လင်ယောကျ်ားဖြစ်သူ မြင်းလှည်းထက်မှ ကျသွားသဖြင့် သူ့မှာ ပို၍ ဒေါသများထွက်လျက် အစွမ်းကုန် တိုက်ခိုက်

လေတော့သည်။ မြင်းနှစ်ကောင်ကလည်း ခြေကုန်သုတ်၍ ပြေးနေဆဲရှိသည်။

'ဝှစ် .. ဝှစ်....ဝှစ်'

'ထန်....ထန်....ထန်'

'ရှုပ်'

'ဒုတ်'

မြင်းလှည်းပေါ် ရောက်ရှိနေသည့် ဓားသမားနှစ်ဦးနှင့် ဝမ်ပို့မှာ အပြင်းအထန် တိုက်ခိုက်နေရတော့၏။

ဓားသမားတစ်ဦး၏ ဓားချက်က သူ့ဓ ပခုံးစွန်းကို ရှပ်ထိမှန်ကာ မြင်းလှည်းအနီးကို ခုတ်မိစဉ် ဝမ်ပို့၏ ဓားချက်တစ်ချက်က လျင်မြန်စွာပင် ထိုဓားသမားတစ်ဦး၏ ရင်ညွန့်ကို ဖောက်ဝင်သွားခဲ့သည်။

'ရှမ'

'အား'

ဓားသမားမှာ မြင်းလှည်းပေါ်မှ နောက်လန်ကျကျန်ရစ်ခဲ့လေသည်။ ကျန်တစ်ဦးကိုလည်း ဝမ်ပို့က ထပ်မံတိုက်ခိုက်ရန် ရင်ဆိုင်လိုက်သည်။ ရဲမက်ဓားသမားကား ဝမ်ပို့၏ ဓားချက်ကို ခုခံရန် တုန်လှုပ်ကြောက်ရွံ့စွာ စောင့်ကြည့်သည်။

မြင်းလှည်းက တလှုပ်လှုပ်နှင့် ခုန်ပေါက်ကာ ပြေးနှင်နေဆဲပင်။ မြို့စားကြီး၏ လက်ရွေးစင် သိုင်းသမားများကား မည်သူမှ မြင်းလှည်းပေါ်သို့ တက်ရောက်လာကြခြင်းမရှိသေးပေ။



သူတို့က သိုင်းသမားကြီးများ ပီပီ ရန်သူ၏ ဓားကွက်ကို လေ့လာအကဲခတ်ရင်းသာ လိုက်ပါလာခဲ့ကြသည်။

ဝမ်ပို့၏ ဓားချက်များက မြင်းလှည်းပေါ် ဝယ် တပန်းသာနေသဖြင့် မည်သူမှ မတက်ဝံ့ကြချေ။

တက်လာသူအား ဝမ်ပို့က လျင်မြန်သွက်လက်စွာ ဓားချက်များ ပို့လွှတ်သဖြင့် ရှောင်တိမ်းရန် ခက်ခဲလှသည်ကို သိရှိထားကြသည်။

သို့ဖြင့် ဘေးမှနောက်မှသာ ဆက်လက် ဝိုင်းဝန်းတိုက်လာကြသည်။

မြို့စားကြီးကလည်း ရဲမက်ဓားသမားအချို့ သူ၏ မျက်စိရှေ့တွင် ပိုးစိုးပက်စက်အသက်ဆုံးပါးသွားကြသည်ကို မြင်တွေ့နေရသောကြောင့် သူ့လူများကို မြင်းလှည်းပေါ်သို့ မတက်ရောက်ရန် သတိပေးအော်ဟစ်လျက် ရှိသည်။

'ဟေ့....မြင်းလှည်းပေါ် မတက်နဲ့၊ မြင်းကိုသာ ဝိုင်းဝန်းထိုးခုတ်ကြစမ်း'

ထို့ကြောင့် လက်ရွေးစင် သိုင်းသမားများမှာ ရဲမက်တပ်သားများက ဝမ်ပို့အား ဝိုင်းဝန်းတိုက်နေစဉ် ရှေ့မှ ဒုန်းစိုင်းပြေးနေကြသည့်မြင်းလှည်းဆွဲ မြင်းနှစ်ကောင်အား ဝိုင်းဝန်း ထိုးခုတ်ကြရာ မြင်းလှည်းမှာ လမ်းဘေးသို့ ထိုးကျပြီး တိမ်းမှောက်သွားလေတော့သည်။

'ဝုန်း'

'ဟား....ဟား,...ဟား'

မြို့စားကြီးက အောင်မြင်စွာ ဟားတိုက် ရယ်မောလိုက်သည်။

မြင်းလှည်းဆွဲသော မြင်းနှစ်ကောင်မှာ မားဒက်ရှခက်ရှင်းဒက်ရှာ လှ ဒက်ရှာပေါင်းများစွာနှင့် သေလုမြောပါး ဖြစ်နေကြရှာသည်။

ဝမ်ပို့ကမူ မြင်းလှည်းတိမ်းမှောက်သည်နှင့် ခုန်ပျံထွက်သွားကာ မြေပြင်ပေါ်သို့ ခုန်ဆင်းချသွားသည်။

ထို့နောက် မြေသေတ္တာများ၊ မြေအိတ်များ၊ မြေပခြုပ်များ၊ မြေဘူးများအကြားသို့ ရောက်ရှိသွားခဲ့သည်။

မြို့စားကြီးနှင့် လက်ရွေးစင်သိုင်းသမားများက သူမအား တိုက်ခိုက်ရန် မြင်းများနှင့် ဝိုင်းဝန်း ထားခဲ့ကြသည်။

သူတို့၌လည်း လူ ဆယ်ယောက်သာသာခန့်သာ ကျန်တော့သည်။ ကျဆုံးခဲ့သူများမှာ ဓားတစ္ဆေလောင်လီ၏ ရဲမက်တပ်သား ဓားသမားများသာ ဖြစ်ကြသည်။

ရဲမက်သုံးလေးဦးမျှသာ ကျန်ရစ်ကြသည်။

'ဟေး ဟေး ဟေး'

'ဟား ဟား ဟား'

မြို့စားကြီးနှင့် သူ့နောက်လိုက်များက တဟေးဟေးတဟားဟားနှင့် ကျေနပ်အားရစွာ ရယ်မောနေခဲ့ကြ၏။

ဝမ်ပို့ကမူမြေသေတ္တာများအကြားဝယ် ငြိမ်သက်တည်ငြိမ်စွာ အသင့်စောင့်ကြိုနေ၏။

'ဘယ်နှယ်လဲ သူရဲကောင်းမကြီးရဲ့'



မြို့စားကြီးက အောင်မြင်သော လေသံနှင့် မေးမြန်းလိုက်ရာ...

'မေးမနေ စမ်းပါနဲ့၊ မိန်းမသား တစ်ဦးတည်းကို ယောကျ်ားဘသားကြီးတွေက ဝိုင်းဝန်းတိုက်တာတောင် မနိုင်ကြတာ။

ရှက်စရာရှင်၊ ရှင်တို့ မရှက်ကြဘူးလား'

ဝမ်ပို့စကားများက မြို့စားကြီး၏ နှုတ်ခမ်းများကို တွန့်သွားစေခဲ့၏။ သူက ဒေါသဖြစ်သွားသော မျက်နှာဖြင့် ဝမ်ပို့ကို စူးစူးဝါးဝါး စိုက်ကြည့်လျက်ရှိသည်။

'ဩော်....ဩော် နင်က တို့များကို စိန်ခေါ်တယ်ပေါ့။

'ကောင်းပြီ နင့်အသက်ကို ကာကွယ်ပေတော့'

မြို့စားကြီးထံမှ စကားလုံးအချို့က အေးစက်စွာ ထွက်ပေါ်လာသည်။ ကျန်ရောက်ဖူးမှာ သူ၏လူများအားတစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်လျှင် သိုင်းသမားများနှင့် ရဲမက်တို့မှာ ချက်ချင်း လှုပ်ရှားကြလေတော့သည်။

## ၁၀

'ဟိတ်'

'ယား'

ကျွန်ရောက်ဖူး အပါအဝင် သူ့လူ ဓားသမားများမှာ ဝမ်ပို့ထံသို့ စုပြုံ ဝင်ရောက် တိုက်ခိုက်ကြ၏။

'ဝှစ် ဝှစ် ဝှစ်'

'ထန့် ထန့် ထန့်'

'ဒုတ်'

'ဟေ့ ဟေ့ ဟေ့ ဟေး'

ဝမ်ပို့က သိုင်းသမားများ၏ တိုက်ကွက်များအား ရှောင်တိမ်းရင်း ဓားချက်တစ်ချက်က မြွေသတ္တဝါကြီးကို ခုတ်ချလိုက်၏။

'ဝုန်း'

သတ္တဝါကြီး ကွဲသွားပြီး မြွေမျိုးစုံ အရွယ်အစားမျိုးစုံပေါက်ကွဲထွက်ကျလာ၏။

ပါးပျဉ်းထောင်သောမြွေ၊ တွားသွားနေသောမြွေ၊ ခွေနေသောမြွေ စသည်ဖြင့် ပုံစံအမျိုးမျိုးနှင့် တွေ့ရှိကြရလေသည်။

ဝမ်ပို့ကလည်း ထိုမြွေများအလယ်မှ ဓားကိုင်လျက်အနီး ရောက်ရှိလာသည့် သိုင်းသမားများအား ခုခံကာကွယ်နေခဲ့၏။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

'ဝှီး'

'ဒုတ်'

'အိုး....'

'အိုး....'

ထို့ပြင် ဝမ်ပို့သည် ရန်သူတို့၏ ဓားကွက်များကို ခုခံကာကွယ်ရင်း မြွေလောင်အိမ်များ၊ မြွေအိတ်များ၊ မြွေပခြုပ်များကို တစ်ခုပြီးတစ်ခု ခွဲချခုတ်ချနေလေရာ ထိုနေရာတစ်ဝိုက်ယ် မြွေများနှင့် တင်းကျမ်း ဖြစ်နေလေတော့သည်။



မြွေများမှာ လှောင်အိမ်သတ္တဝါများ၊ ပခြုပ်များမှလွတ်မြောက်ကြသည်ဖြစ်ရာ သူတို့အား တက်နင်းမိသည့် လူများအား ကိုက်သည့်မြွေကကိုက်၍ ပေါက်သည့်မြွေကပေါက်ကာပတ်သည့်မြွေက ခွေပတ်နေကြကုန်သဖြင့် သိုင်းသမားများမှာ ဝမ်ပို့အား တိုက်ခိုက်ရာ၌ ခက်ခဲကုန်တော့သည်။

တစ်ကြိမ်တွင်လည်း သိုင်းသမားတစ်ဦးနှင့် တိုက်ခိုက်နေရာမှ သူမထံ ခုန်ဝင်လာသည့် ကျန်ရောက်ဖူးအား ရှတ်တရက်အနီးရှိ လက်ကောက်ဝတ်လုံးခန့်ရှိမြွေကြီးနှင့် ဆွဲယူပစ်ပေါက်လိုက်လေရာ ကျန်ရောက်ဖူး၏ လည်မျိုကို သွားပတ်မိသဖြင့် ကျန်ရောက်ဖူးမှာ ကြောက်ကြောက်လန့်လန့်နှင့် မြွေကြီး၏ ဦးခေါင်းကို ဓားနှင့် ခုတ်ချလိုက်မိသဖြင့် မြွေပေါက်သည့်ဒဏ်မှ လွတ်မြောက်သွားရရှာလေသည်။

သို့ရာတွင် သူ့မျက်နှာ၌မူ အကြောက်အလန့်ပြေသေးဘဲ ချွေးသီးချွေးပေါက်များ သီးလျက်ရှိတော့သည်။

တစ်ခါတွင်တော့ ရဲဘပ်ဝိုလ် ဓားမိစ္ဆာလောင်သီသည် ဝမ်ပို့နှင့် ဓားချင်းယှဉ်ပြိုင် တိုက်နေရာက လျပ်တစ်ပြက် မြွေကြီးတစ်ကောင်က ရှူးခနဲမှုတ်လိုက်သဖြင့် လှည့်ကြည့်လိုက်စဉ် မြွေကြီး၏ ပါးပျဉ်းနှင့် ထွက်ပြူနေသော လျှာကို တွေ့လိုက်ရရာ တုန်လှုပ်ထိတ်လန့်ပြီး ပက်လက်လန်လဲကျသွားရှာတော့၏။

'အ အ အ'

မြွေကြီးက ပေါင်လုံးခန့်ရှိလေရာ သူ့ခမျာ မလှုပ်ဝံ့တော့ဘဲ အသာငြိမ်ကုပ်နေရရှာလေသည်။

ထိုမြွေကြီးက သူ့ခန္ဓာပေါ်မှာ ကျော်လွှားဖြတ်သန်းစ
ခေးမိစ္ဆာမှာ မျက်လုံးအစုံကို မှိတ်ထားသည်ကို တွေ့ရှိရသည်
ဝမ်ပိုက သူ၏လည်မျိုကို ခေးနှင့် ပိုင်းချလိုက်ရာ သူ့ခမျ
လန့်ပြီး ဦးခေါင်းကို ရွှေ့လိုက်သဖြင့် ဆံပင်များကိုသာ ဖြတ်
မိသွားလေတော့သည်။

ခေးမိစ္ဆာ ဆံပင်ရှည်များ ဖွားခနဲ လွင့်သွားထွက်သွားပြီ
မြွေကြီး၏ ဦးခေါင်းဘက်သို့ ရောက်ရှိသွားသောကြော
ထိုမြွေကြီးမှာ ထိတ်လန့်ပြီး ရှူးခနဲနောက်သို့ လှည့်လိုက်
သည်။

'အား'

ထို့ကြောင့် ခေးမိစ္ဆာမှာလည်း တုန်လှုပ်စွာ အော်ဟစ်
လျက် လဲနေရာမှ ခုန်ထလိုက်သောအခါ သူ၏ ဆံပင်များမှ
တိတိရိရိ ပြတ်တောက်ကာ ထိပ်ကွက်ကြီး ဖြစ်နေသည်အား
ထင်းထင်းကြီး ပေါ်လွင်သွားလေသည်။

'ဟင်း ဟင်း ဟင်း ဒီတစ်ခါတော့ အပေါ်ပြီးရင်အော
ပဲ ကျန်တော့တယ်ရှင့်'

'တောက်'

'အမယ်လေး'

ဝမ်ပို့က ရယ်စရာကြီး ဖြစ်နေသော ရဲတပ်ဗိုလ် ခေး
မိစ္ဆာ လောင်လီအား လှောင်ပြောင်သရော်လိုက်သောကြော
သူက ဒေါသထွက်သွားပြီး ကမူးရှူးထိုးနှင့် ဝမ်ပို့အ
ဝင်ရောက်တိုက်ခိုက်ရန် ရှေ့ကို ခြေလှမ်းလိုက်ရာ မြွေ



ကောင်ကို တက်နင်းပြီး ထိတ်လန့်လျက် အော်လိုက်မိတော့
သည်။

ဝမ်ပို့က သိုင်းသမား၊ ခေးသမား ယောကျ်ားကြီးများ
၏ မြွေအား ကြောက်လန့်သည့်အဖြစ်ကို တွေ့ရှိကာတခစ်ခစ်
နှင့် ရယ်မောမဆုံး ရှိနေပေသည်။

သူမ လက်ပန်းကျ၍ မြွေပေါင်း မြောက်မြားစွာ တစ်ကောင်နှင့် တစ်ကောင်ထပ်လျက် လူးလွန့်လှုပ်ရှားနေကြသည်မှာ အသည်းယားဖွယ်ပင် ဖြစ်နေ၏။

လက်ရွေးစင် ဓားသမားများလည်း မည်သို့မှ မတတ်နိုင်ဘဲ လက်မှိုင်ချလျက်ရှိကြ၏။

တိုက်ခိုက်ရန် အနီးသို့ တက်လာသည့် ဓားသမားအားလည်း သူမက မြွေများနှင့် ကိုင်ပစ်ပေါက်ခြင်း၊ ခြေထောက်နှင့် ကော်လျက် ပက်ပစ်ခြင်းတို့ကြောင့် ရန်သူများမှာမလှုပ်ဝံ့အောင် ရှိတော့သည်။

ထို့ပြင် သူမက လူ့ခန္ဓာကိုယ်လုံးခန့်ရှိ မြွေဘီလူးကြီး၏ ကိုယ်ပေါ် ထိုင်လျက်ပင် နေလိုက်သေးပြန်ရာ မည်သူမှ အနီးသို့ မကပ်နိုင်အောင် ရှိလေ၏။

'ရှူး ရှူး ရှူး'

မြွေဘီလူးကြီး၏ လေမှုတ်သံ တရှူးရှူးနှင့်ပင် လက်ရွေးစင် ဓားသမားများမှာ မျက်လုံးများ ပြူးကျယ်လျက် ထိတ်လန့်နေကြ၏။

မြို့စားကြီး ကိုယ်တိုင်လည်း ဝင်မတိုက်ရဲဘဲ ရှိလေရာ လက်ရွေးစင် မြွေများအလယ်မှာ မြွေဘုရင်မ ဝမ်ပို့မှာ ရန်သူများအား သရော်လျက်ရှိလေသည်။

'ဘယ်လိုလဲရှင့် ကျုပ်ကို တိုက်လှည့်ကြလေ၊ သိုင်းသမားတွေဖြစ်နေပြီး မြွေသိုင်းကိုတော့ မလေ့ကျင့်ထားကြဘဲနဲ့ ကြောက်ချေးပါနေကြတယ် ဟင်း ဟင်း'

ထိုစဉ် သူမထံသို့ ခက်ရင်းခွကြီး လျှူစွေမြောင်က ရှေ့တည့်တည့်မှ ခုန်ပျံ၍ ရောက်ရှိလာကာ တိုက်ခိုက်လေသည်။

လျှူစွေမြောင်က လေမှာ ပျံဝဲလျက် သူ၏ လက်နက်ဖြစ်သည့် ခက်ရင်းခွနှင့် ဝှေ့ယမ်း တိုက်ခိုက်၏။

'ရှူး ရှူး'

မြွေဘီလူးကြီးက သူ့ရှေ့၌ ခုန်ပျံနေသည့် လျှူစွေမြောင်အား မျက်စိနောက်ကာ ဆတ်ခနဲ ပေါက်ချလိုက်လေသည်။

'ဝုန်း'

'အီး အီး'



'ဝှီး'

'ထန်'

မြွေဘီလူးကြီး၏ ပေါက်ချက်က လျင်မြန်လှသကဲ့သို့ အရှိန်ကလည်း ပြင်းထန်သည်ဖြစ်ရာ ခက်ရင်းခွကြီး လျှူစွေမြောင်ခမျာ မြေပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားလေတော့သည်။

မြွေဘီလူးကြီး၏ ပါးစပ်ရှိ အစွယ်ဝယ် လျှူစွေမြောင်၏ ပေါင်သားမှ အသားတုံးကြီးက သွေးသံရဲရဲဖြင့် ကျန်ရစ်ခဲ့လေသည်။

လျှူစွေမြောင်မှာ မြွေပေါက်ခံရသည်နှင့် တစ်ပြိုင်တည်းလိုလိုပင် လက်ထဲမှ ခက်ရင်းခွကြီးအား ဝမ်ပို့ထံ ပစ်လွှတ်လိုက်လေရာ သူမက ဓားနှင့် လျင်မြန်သွက်လက်စွာ ခုတ်ထုတ်လိုက်နိုင်ခဲ့၏။

သို့သော် ရှေ့လှုပ်ပျံ တီလုံးကလည်း သည်အခွင့်အရေးကို စောင့်စားနေသူ ဖြစ်၍ ဤသို့ တစ်ယောက်က ခက်ရင်းခွရန်ကို ခုခံ ကာကွယ်နေ၍ သူကလည်း လျှပ်တစ်ပြက် လက်ထဲမှ ရှေ့လှံကို အရှိန်ပြင်းစွာနှင့် နောက်ဘက်မှ ပစ်လွှတ်လိုက်ပြန်သည်။

'ဝှစ်'

တီလုံး၏ ရှေ့လှံပစ်ခွတ်နိုင်စွမ်းမှာ လေမှာ ဝဲပျံနေသည့် ပြီစုတ်ကဲ့သို့သော ငှက်ငယ်လေးများကိုပင် ထိမှန်အောင် ပစ်နိုင်သူဖြစ်လေရာ သူ့လှံတံမှာ ဝမ်ပို့၏ နောက်ကျော

ဘက်မှ နှလုံးသားကို ထွင်းဖောက် ထိုးနှံ ထွက်သွားနိုင်ခဲ့လေသည်။

ဝမ်ပို ခမျာ နောက်ဘက်မှ ခက်ရင်းခွကို မဲမြီး ကာကွယ်နေခဲ့သဖြင့် နောက်ဘက်မှ ဝင်ရောက်လာခဲ့သည့် လှံတံအား သတိမထားနိုင်ဘဲ ထိမှန် ခံလိုက်ရခြင်းသာ ဖြစ်သည်။

'အ အ အ'

သူမက ရင်ညွန့်မှ ဖောက်ထွက်လာသည့် လှံသွားကို အံ့သြတကြီး ငုံ့ကြည့်ပြီး ရှေ့သို့ ဟပ်ထိုး ငိုက်လဲကျသွားခဲ့ရှာသည်။

သူမသည် ရှေ့သို့ လဲကျရာ၌ ဓားနှင့် မြွေများအကြား ထောက်ထားပြီး မလဲကျအောင် အနေအထားကို ထိန်းထားကာ

သူမ အောက်ဘက်မှ မြွေပွေးတစ်ကောင်ကို ဓားနှင့်ကော်ယူလျက် ရွှေလှံပျံ တီလုံးထံသို့ ပက်တင် လိုက်လေတော့သည်။

ထို့နောက် သူမမှာလည်း မြွေများအကြား လဲကျ၍သေဆုံးသွားရှာတော့သည်။

သူမ ကော်တင်လိုက်သော မြွေပွေးကား လေထဲမှမြောက်တက်ကာ တီလုံး၏ မျက်နှာဆီသို့ အခွေလိုက် ရိုက်မိရာ မြွေပွေး၏ ကိုက်ချက်က တီလုံး၏ လည်မျိုကို မလွတ်တမ်း ခဲထားလိုက်မိ၏။

'အီး အီး အီး အီး'



သူက လည်ပင်း၌ ခဲထားသော မြွေပွေးကို လက်နှင့်အတင်း ခွာချသော်လည်း မြွေက ကိုက်ခဲထားမှုကို မလွတ်ဘဲရှိနေ၏။

အနီး၌ရှိနေသော မြို့စားကြီး ကျန်ရောက်ဖူးက မြွေ၏တွဲလောင်းကျနေသော ခန္ဓာကိုယ်ကို ဓားနှင့် လှဲခုတ်ချလိုက်ရ၏။

'ဝှစ်'

မြွေပွေး ကိုယ်တစ်ပိုင်းမှာ မြို့စားကြီး၏ ဓားချက်နှင့်ပြတ်ထွက် လွင့်စဉ်သွားသော်လည်း အပေါ်ခေါင်းပိုင်းကား တီလုံး၏ လည်မျိုကို ကိုက်ခဲထားဆဲပင် ရှိသည်။

## [ ၁၂ ]

နောက်ဆုံးတော့ တီလုံးသည်လည်း မြေမပွေးနှင့်အတူ မြို့စားကြီး၏ ခြေရင်းဝယ် အဆိပ်တက်ကာ လဲကျ သေဆုံးသွားတော့၏။

'တောက်'

ကျန်ရောက်ဖူးမှာ သူ၏ လက်ရွေးစင် သိုင်းသမားနှစ်ဦးသူ့ရှေ့တွင်ပင် မြွေကိုက်သည့်ဒဏ်ရာနှင့် သေဆုံးသွားခဲ့ခြင်းအား မကျေမနပ်ဖြင့် ဒေါသထွက်စွာ တောက်ခေါက်လိုက်မိ၏။

'ဟင်း....မြွေမ ခုတော့ သေရပြီမဟုတ်လား'

ထိုစဉ် မြေမျိုးစုံက တဖြည်းဖြည်း ပြန့်ထွက်လာကာ သူတို့ဘက်သို့ လာနေကြသဖြင့် မြင်းများက ကြောက်၍ စွာဖြင့် နောက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားကြလေသည်။

သူတို့၌လည်း လက်ရွေးစင် သိုင်းသမား သုံးဦးသာလျှင် ကျန်ရှိတော့၏။ ရဲမက်တစ်စု ဓားသမားအားလုံးမှာမူ မြွေကိုက်သည့် ဒဏ်ရာနှင့် ဝမ်ပို့၏ ဓားချက်များအောက်ဝယ် သေဆုံး ကျန်ရစ်ခဲ့ကြ၏။

'ကဲ....ပြန်ကြရအောင်ဟေ့'

ကျန်ရောက်ဖူးမှာ ကြာလျှင် သူတို့မြင်းများပါ မြွေအန္တရာယ်တွေ့လျက် သေဆုံးနိုင်ကြသဖြင့် ထိုနေရာမှ ထွက်ခွာကြရန် အမိန့်ပေးလိုက်ရတော့သည်။

မြို့စားနှင့် သူ၏ သိုင်းသမားများ ထွက်ခွာသွားကြသောအခါ ထိုနေရာလေးဝယ် မြွေများနှင့် ဝမ်ပို့၏ အလောင်းသာ ကျန်ရစ်ခဲ့လေတော့သည်။

★



မြွေသခင်လူလေး ကျင်စွံကား မိုးမခတောစပ်တစ်နေရာမှ သစ်ရိပ်တစ်ရိပ်ဝယ် မြင်းကိုဖြုတ်လျက် နားနေပြီး မိဘနှစ်ပါးကို စောင့်မျှော်လျက်ရှိ၏။

သို့သော် လာချိန်တန်လျက် မရောက်လာသေးသဖြင့် ကျင်စွံမှာ စိုးရိမ်ပူပန်မိလာသည်။

'ဟင်း....ဘာဖြစ်လို့များ မရောက်လာသေးတာလဲ မသိဘူး'

သူ့မျက်လုံးအစုံကမူ မြင်းလှည့်လာရာ လမ်းဘက်သို့ မျှော်ငေးကြည့်နေမိ၏။

'လမ်းမှာ တစ်ခုခုဖြစ်နေပြီ ထင်တယ်'

သူ့စိတ်တို့က တုန်လှုပ်ချောက်ချားလာတော့သည်။

ထို့ကြောင့် သူ အရိပ်ခိုနေသည့် သစ်ပင်ကြီးပေါ်သို့ သွက်လက်စွာ တက်ရောက်သွားခဲ့သည်။

သစ်ပင်ထိပ်ဖျားသို့ ရောက်ရှိသွားသောအခါ၌ သူ့မိဘများ လာရာလမ်းဘက်သို့ မျှော်ကြည့်လိုက်၏။

'အင်း....အရိပ်အယောင်တောင် မတွေ့ဘူး၊ တကယ်လို့ သူတို့သာလာကြရင် ဖုန်တွေထနေမှာပဲ၊ ခုတော့ ဘာဖုန်မှလဲ လွင့်တက်လာတာ မတွေ့ဘူး၊ သွားပြန်ကြည့်ရင်ကောင်းမယ် ထင်တယ်'

သစ်ပင်ပေါ်၌ ကျင်စွံလေး ထိုင်ကာ စဉ်းစားမိရင်း စိုးရိမ် ပူပန်စွာ ကြမန်းကတန်း ဆင်းသက်လာမိပြန်၏။

မြေပြင်ပေါ်သို့ ရောက်သည်နှင့် မြင်းပေါ်ခုန်တက်ကာ လာရာလမ်းအတိုင်း ဒုန်းစိုင်းနှင်လာတော့သည်။

မကြာမီပင် ကျင်စွိလေးခမျာ သူ့မိခင်သေဆုံးနေသည့် နေရာသို့ ရောက်ရှိလာခဲ့တော့သည်။

'ဟင်....မြင်းလှည်းကြီးလဲမှောက်လို့၊ ဒုက္ခပါပဲ....အမေ့ အမေတို့ကော'

သူ မြင်းထက်မှ ကပျာကယာ ဆင်းသက်ကာ မြေများ ပြန့်ကျဲနေသည့်နေရာသို့ ပြေးသွား၏။

ထိုအခါ မြေသေတ္တာများ၏ အလယ်၌ လှံတံ ရင်ဝကို စူးထွက်လျက် သေဆုံးနေရှာသည့် မိခင်ကို သွားတွေ့လေသည်။

'အို....အမေ၊ အမေရယ် ဖြစ်မှဖြစ်ရလေ အမေရယ်'

ကျင်စွိလေးသည် မိခင်ဖြစ်သူ၏ ကြမ္မာဆိုးကို မြင်တွေ့လိုက်ရသဖြင့် စုန်လှုပ်သွားခဲ့၏။

မြေများကို ဖြတ်ကျော်လျက် မိခင်ထံကို ပြေးသွားလေသည်။

မိခင်ဖြစ်သူ သိုင်းသမားကြီးကား ဓားကို မလွှတ်တမ်း ကိုင်စွဲလျက် သေဆုံးနေပြီဖြစ်သည်။

မိခင်၏အလောင်းကို ပိုက်ပွေ့လျက် သူ သည်းထန်စွာ ငိုကြွေးမိ၏။

ဓားသမားရဲမက်များ၏အလောင်း သိုင်းသမားကြီးတို့၏ အလောင်းများကိုလည်း ဖရိုဖရဲ တွေ့ရှိရသဖြင့် ကျန်အင်းမြို့စားကြီးနှင့် သူ၏ နောက်လိုက်တို့ လက်ချက်နှင့် သေဆုံးခဲ့ရသည်ကို သိရှိနားလည်သွားတော့သည်။

'ဖခင်လဲ မတွေ့ဘူး။



'သူတို့ ဖမ်းများသွားကြလေလားမသိ။

'လမ်းတစ်လျှောက်လိုက်ကြည့်ဦးမှ'

ကျင်စွိလေးသည် မိခင်၏အလောင်းကို မြေမြှုပ်ချလိုက်ကာ မြင်းပေါ်သို့ ခုန်တက်လျက် ထိုနေရာမှ ဆက်သက် ထွက်ခွာလာခဲ့သည်။

'အဖေရေ၊ ဗျို....အဖေ'

မြင်းကိုဒုန်းစိုင်းရင်း ဖခင် မြေဘုရင်ကြီးအား အော်ဟစ် ခေါ်သွားခဲ့၏။

'အဖေရေ၊ ဗျို....အဖေ၊ အဖေသေပြီဗျ'

သူ့အသံမှာ ထစ်ချုန်းကြေကွဲလွန်းသဖြင့် တုန်ခါနေ တော့သည်။

သို့ရာတွင် တစ်နေရာအရောက်တွင်မူ သူ၏ ခေါ်သံတို့မှာ အလိုအလျောက် ရပ်တန့်သွားတော့သည်။

အဘယ်ကြောင့်ဆိုသော် သူ့ဖခင် မြေဘုရင်မှာ မြေပေါ် ဝယ် မှောက်လျက် သဲကျသေဆုံးနေသည့် မြင်ကွင်းအား တွေ့ရှိလိုက်ရသောကြောင့် ဖြစ်၏။

ကျင်စွိတစ်ယောက် မြင်းထက်မှ ခုန်ပေါက် ဆင်းသက် လိုက်ပြီး ဖခင် လဲနေသည့်နေရာသို့ အပြေးကလေးသွားရောက် မိသည်။

'အဖေ....အဖေရေ'

နှုတ်မှလည်း သူ အော်ဟစ်ခေါ်နေမိ၏။

မှောက်လျက်လဲပြီး ဓားဒဏ်ရာများနှင့် သေဆုံးနေသည့် ဖခင်အား သူ ပက်လက်ဆွဲလှန်လိုက်သည်။

ဖခင်ခမျာ လည်မျိုတွင်တစ်ချက်၊ ရင်ဘတ်တွင် တစ်ချက် ပြင်းထန်သော ဓားချက်များနှင့် အသက် ပျောက် နေခဲ့လေပြီ။

'တောက်'

ကျင်စွံလေး ဖခင်၏အဖြစ်ကို ကြည့်ရှုကာ နာကြည်းစွာ တောက်ခေါက်မိ၏။

နှုတ်မှ ပည်း နာကျင်စွာ ရေရွတ်ကျိန်ဆိုမိပြန်သည်။

'အဖေနဲ့အမေအတွက် လူယုတ်မာမြို့စားကြီးကို ကျွန်တော် လက်စားချေပါ့မယ်'

ထို့နောက် သူ ပေါက်ခနဲထရပ်ကာ ဖခင်၏အလောင်းအား မနိုင်မနင်းဖြင့် ပွေ့မ ကြည့်သည်။ သို့သော် မနိုင်။ တကယ်တော့ သူ့ အသက်ကား ခုနစ်နှစ်မျှပင် ရှိသေးသည်။

ထို့ကြောင့် သူ တရွတ်တိုက် တဖြည်းဖြည်းဆွဲကာ မြင်းပေါ်သို့ မ တင်ခဲ့လေ၏။

မြင်းထက်ရောက်သည်နှင့် တစ်ပြိုင်နက် မိခင်ရှိရာ နေရာသို့ ခဲယဉ်းစွာ သယ်ဆောင်ခဲ့သော့သည်။

မကြာမီ မိခင်အလောင်းရှိရာသို့ ရောက်ရှိလာသည်။

ထိုအခါ မြေများမှာလည်းသေဆုံးကျန်ရစ်သည့်အကောင် များနှင့် တချို့တလေသာ ကျန်ရှိတော့သည်။

အများစုမှာ လွတ်ရာကျွတ်ရာသို့ ထွက်ခွာကုန်ကြပြီ ဖြစ်သည်။



ကျင်စွံလေးသည် သစ်ပင်အောက် တစ်နေရာဝယ် ကျင်း တစ်ကျင်း တူးလျက် မိခင်နှင့် ဖခင့်အလောင်းအား အတူယှဉ် မြှုပ်နှံလိုက်လေသည်။

ဓားဒဏ်ရာများနှင့် သေဆုံး ကျန်ရစ်သည့် မြေများကို လည်း ကျင်းတစ်ခုတည်း စုပုံထည့်ကာ မြေဖို့ပစ်လိုက်၏။

မြို့စားကြီး၏ သိုင်းသမား ဓားသမားများ၏ အလောင်း များကိုမူ မြေပေါ်ဝယ် သည်အတိုင်း ကျီးစာငှက်စာအဖြစ် ထားရစ်ခဲ့လေသည်။

ထို့နောက် မိဘနှစ်ပါး၏ မြေပုံအား နောက်ဆုံးဂါရဝ ပြုကာ ထိုနေရာမှ ထွက်ခွာလာတော့သည်။ အထီးကျန် ကျင်စွံ ဖြစ်ခဲ့ပြီ။

## ၂၃

မြွေသခင်လူလေး ကျင်စွိဘည် မိဘနှစ်ဦးစလုံး သေဆုံးကုန်ကြသဖြင့် ရပ်ရွာ၌ အထီးကျန်ရစ်ခဲ့၏။

ဖခင်ဖြစ်သူမြွေဘုရင်လည်း မရှိတော့။ သူ၏အချစ်ဆုံး ရွှေသတ္တဝါလေးလည်း ဆုံးရှုံးခဲ့ရသဖြင့် မြွေနှင့်ကျင်စွိလေးမှာ အကန်ကြော ကင်းကွာနေခဲ့ရလေသည်။

သို့သော် ကျင်စွိလေးမှာ ရွှေသတ္တဝါလေးအား နေ့စဉ်
၁၀ ပင် သတိတရရှိနေခဲ့လေသည်။

မိနှင့်ဖရှိစဉ်က တင့်တောင့်တင့်တယ်နေခဲ့ရသော ကျင်စွံမှာ မိဘမဲ့ဘဝကို လျှောက်လှမ်းရသောအခါ မလွယ်မှန်း သိခဲ့ရတော့သည်။

အဘယ်ကြောင့်ဆိုသော် ယခင်က မိတ်သင်္ဂဟပေါများခဲ့သော သူတို့မိသားစုလေးမှာ မိဘမျက်ကွယ်ပြုသွားသည်နှင့် ခေါ်ချင်နေပြောချင်သူ မရှိလောက်အောင် ရှားပါးသွားခဲ့ရသည်။

သူ့ဖခင် အသက်ကယ်တင်ခဲ့သော သူများပင်လျှင် သူ့အား ဂရုမစိုက် ပစ်ပယ်ခဲ့ကြသောအခါ ကျင်စွံလေးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် လူတွေအကြောင်းကို နားလည်လာခဲ့သည်။

ထို့အတူ ရွံလည်းရွံ မုန်းလာခဲ့သည်။ ဆွေရှိမျိုးရှိမှ လူရာသွင်းသည့် စိတ်ဓာတ်များကိုလည်း နာကြည်းမိသည်။

သို့ဖြင့် ကျင်စွံလေးမှာ လူတွေကြားထဲ နေရသည်ထက် လူ့ပတ်ဝန်းကျင်မဲ့သည့် တောထဲတောင်ထဲ နေရသည်က ပို၍ ကောင်းမွန်သင့်မြတ်မည်ဟု တွေးလျက် ရပ်ရွာမှ ထွက်ခွာခဲ့လေသည်။

သည်လိုနှင့် ကျင်စွံလေးမှာ တောတောင်ထဲ၌ တစ်ဦးတည်း နေထိုင်ကျင်လည်ခဲ့သဖြင့် သူ့အား လူအများက အထီးကျန် ကျင်စွံဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

ကျင်စွံကလည်း လူတွေနှင့်မတည့် လူ့ပတ်ဝန်းကျင် ရှိသည့် နေရာကို သူက ရှောင်ကြဉ်သည်။ ရပ်ထဲရွာထဲ ဘယ်တော့မှ သူကမသွား။



သူ့ထံသို့သာ လူတွေက မျက်စိလည်လမ်းမှားပြီး ရောက်လာနှောင့်ယှက်တတ်ကြ၏။

ထိုသို့သော အခါတိုင်း ကျင်စွံလေးမှာ နည်းမျိုးစုံဖြင့် ထိုလူများအား ခြောက်လှန့်နှင်ထုတ်တတ်လေသည်။

တောထဲတောင်ထဲ သုံးနှစ်ခန့်နေထိုင်မိသောအခါ ကျင်စွံလေးမှာ တောထဲမှသားရဲတိရစ္ဆာန်များနှင့် ရင်းနှီး ကျွမ်းဝင်သော လူသားတစ်ဦး ဖြစ်နေခဲ့လေပြီ။

အထူးသဖြင့် မြွေသတ္တဝါများက သူ့အား အထူး ခင်မင်ကာ အနီးအပါး၌ လာရောက်နေလေ့ရှိကြ၏။

သူကလည်း မြွေသတ္တဝါလေးကို သတိရတိုင်း အနီးရှိမြွေများကိုသာ ချစ်ခင်ကြင်နာမိသည်။

ပျင်းပျင်းရှိတိုင်း သိုင်းလေ့ကျင့်ခန်းများကိုသာ လှုပ်ရှား ကစားနေလေ့ရှိသည်။

ယုန်များ၊ ရှဉ့်များ၊ သမင်များ၊ မြွေများ စသည်ဖြင့် အနီးအနား၌ နေလေ့ရှိသော တိရစ္ဆာန်များပင် သူ၏ သိုင်းလေ့ကျင့်ခန်းများကို တွေ့ရဖန်များသဖြင့် လိုက်လံပြုလုပ်တတ်ကြ၏။

တစ်ခါက သူ၏တောထဲသို့ ဒုစရိုက်သိုင်းသမားအချို့ ရှောင်တိမ်းခိုအောင်းရန် ရောက်ရှိလာကြ၏။

သိုင်းသမားများမှာ ခုနစ်ယောက်ခန့် ရှိကြသည်။ အနက်ရောင် သိုင်းသမားများ ဖြစ်ကြသောကြောင့် ဆိုးဆိုး တေတေ မိုက်မိုက်ကန်းကန်းများ ဖြစ်ကြသည်။

သူတို့အား အဖြူရောင်သိုင်းခလာကမှ လိုက်လာတိုက်ခိုက်ကြသဖြင့် သည်တောထဲ ပုန်းအောင်း ထွက်ပြေးလာကြခြင်း ဖြစ်သည်။

ကျင်စွယ်လေး ကျင်လည် ကျက်စားသော တောကား လူအများက အထီးကျန်တောဟု အခွဲပြုခေါ်ဝေါ်ကြ၏၊

သည်အထီးကျန်တောသို့ လူစိမ်းများ ဝင်ရောက်လာလျှင် သားကောင်များက ခြောက်လှန့်နှောင့်ယှက်သဖြင့် ထိုလူစိမ်းများမှာ မနေနိုင်တော့ဘဲ ထွက်ပြေးရလေ့ ရှိသည်။

အခြား တောစပ်များ၌ နေထိုင် ကျက်စားကြသော တိရစ္ဆာန်များအနက် သားရဲများဖြစ်သည့် ခြင်္သေ့၊ ဝက်၊ ကြံ့၊ ဝံ စသည်ဖြင့် တိရစ္ဆာန်ကြီးများကိုသာ ခြောက်လှန့်ကြရသည်။

သားကောင်ငယ်များဖြစ်လျှင် ကိုယ်က အနိုင်ယူဖမ်းဆီးသတ်ဖြတ်နိုင်ခဲ့ကြ၏။

သည်အထီးကျန်တောမှာ သားကောင်များကမူ လူ၏ပရိယာယ်မာယာကို သိရှိနားလည်ပြီဖြစ်၍ လွယ်လွယ်ကူကူ ဖမ်းဆီးသတ်ဖြတ်နိုင်ခြင်း မရှိကြချေ။

သူတို့ကပင် လူ၏ အသေးအဖွဲ့ကိစ္စလေးများကို လိုက်လံနှောင့်ယှက် ဖျက်ဆီးတတ်ကြသဖြင့် လူစိမ်းအဖို့ စိတ်ပျက်ပြီး ပြန်ပြေးရတတ်လေသည်။

တစ်ဖန် သားကောင်ကြီးများကလည်း အလစ်တွင် ဝင်ရောက် တိုက်ခိုက်တတ်သောကြောင့် အစဉ်အမြဲ သတိနှင့် နေထိုင်ကြရသည်။



ထိုသို့ တိုက်ခိုက်ရာတွင် တိရစ္ဆာန်တစ်ကောင်နှင့် မျက်မှောက်မမဲ ဝင်ရောက်တိုက်ခိုက်မှုမျိုး မဟုတ်ခဲ့။ လူသား တစ်ဦးဦးက စိတ်လျှော့ကျင့်ပေးတာ သကဲ့သို့ ရန်သူအလစ်မှ ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် တောမကျွမ်းသော လူစိမ်းမှာ ရှုံးနိမ့်အသက်ပေးသွားရတတ်သည်။

ယုန်ကလေးများ ရှဉ့်ကလေးများကဲ့သို့ တိရစ္ဆာန်ငယ်လေးများကမူ လူစိမ်းခရီးသွား၏ မီးလင်းဖိုများ တဲများ ရိက္ခာများ လက်နက်များကို လစ်လျှင်လစ်သလို အခွင့်သာရသည်နှင့် ဝင်ရောက် ခိုးယူ ဖျက်ဆီးတတ်ခဲ့ကြသည်။

သူတို့လေးများအား လူသားတစ်ဦးက သွန်သင်လေ့ကျင့်ပေးထားသည့်နှယ် လျှင်မြန်သွက်လက်ပါးနပ်လိမ္မာကြကုန်သည်။

ယခုလည်း အနက်ရောင် သိုင်းသမားဆိုးများနှင့် အထိ ကျန် ကျင်စွံ၏ တောတွင်းသားတို့ ထိပ်တိုက် မတွေ့ရှိရင်ဆိုင်ကြရလေပြီဖြစ်သည်။

ထိုနေ့က ကျင်စွံလေးမှာ ယုန်တစ်ကောင်၊ မျောက်တစ်ကောင်၊ ရှဉ့်တစ်ကောင်နှင့် မြွေတစ်ကောင်တို့အား အဖော်ပြု၍ သစ်သီးသစ်ဖုများ ဆွတ်ခူးရန် ထွက်ခဲ့ကြလေသည်။

နေ့တစ်ဝက်ခန့် ကြာမြင့်လာသောအခါ ကျင်စွံသက်ထဲ၌ သရက်သီး၊ သဘော်သီး၊ ငှက်ပျောသီး စသည်ဖြင့် အစုံအလင် ဆွတ်ခူးရရှိပြီးခဲ့သော်လည်း သူ အလွန်ကြိုက်နှစ်သက်သည့် ဆီးချိုပင်များကို လိုက်ရှာရင်း ထိုအနက်ရောင် သိုင်းသမားလူဆိုးများနှင့် ရင်ဆိုင်တွေ့ကြခြင်း ဖြစ်သည်။

သူတို့လူစုက လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြကာ မြင်းကိုယ်စီနှင့် ဖြစ်ကြသည်။

တွေ့တွေ့ချင်း ကျင်စွံလေး၏ ယုန်ဖြူးရွက်ထောင်လေးအား လှံတစ်ချောင်းက စူးဝင်စိုက်လာသဖြင့် ကျင်စွံလေးက ဒေါသဖြစ်စွာ လှမ်းကြည့်လိုက်တော့ သူတို့လူစုအား ထိတ်လန့်ဖွယ်မြင်တွေ့ရတော့သည်။

သွေးသံရဲရဲနှင့် လှံစူးကာ သေပွဲဝင်နေရှာသော ယုန်ကလေးအား ကြေကွဲစွာ ကြည့်ရှုရင်း သစ်သီးဆွတ်သော တံချူတံကို ကျင်စွံလေး ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်မိသည်။

'ဟေ့....ဟိုမှာလဲ ရှဉ့်နဲ့မျောက်ပါလား'



တစ်ယောက်သော သိုင်းသမားကမြင်ပြီး သတိပေးလိုက်ရာ ခေါင်းကိုင်သိုင်းသမားတစ်ဦးက ရှဉ့်လေးနှင့်မျောက်မအား မြင်းထက်မှ လှမ်း၍ ဖိုင်းခုတ်ချလိုက်သည်။

'ဝုစ်'

'ဖေါင်း'

'အ.... '

သို့သော် ထိုဓားသမား၏ဓားမှာ လမ်းခုလတ်တွင်ပင် မမျှော်လင့်ဘဲ ကျင်စွံလေး၏ တံချူနှင့်ဒေါ့ရိုက်ချလိုက်ခြင်းခံရကာ ဓားမှာ လွင့်စဉ်သွားလျက် သူ၏ လက်ဖဝါးမှ တဆတ်ဆတ် တုန်ခါ လှုပ်ယမ်းနေခဲ့သည်။

'အီး... အီး....ခွေးမသားလေး ဟင်'

လက်ကို တယမ်းယမ်းခါလျက် ကျင်စွံအား ကျိန်ဆဲလိုက်လေသည်။

'ခရူး....ခရူး... ခရူး'

မျောက်မကြီးက ထိုဓားသမား၏ အပြုအမူအား သဘောကျလျက် ဟက်ဟက်ပက်ပက် ရယ်မောနေခဲ့သည်။

ရှဉ့်လေးကလည်း သွားကလေးကိုဖြဲကာ ရယ်ကျဲကျဲလုပ်ပြ ပြန်ခဲ့သည်။

'ကြည့်စမ်း တောတောင်တိရစ္ဆာန်ဝါးဝတဲ့ကောင်တွေ'

သိုင်းသမားတစ်ဦးက မျောက်နှင့်ရှဉ့်တို့၏ မထီမဲ့မြင်ပြုမူရယ်မောနေခြင်းအား မခံချင်စွာ ပြောလိုက်သည်။

တံချူတံနှင့် အရိုက်ခံရသော သိုင်းသမားကတော့ ကျင်စွံလေးအား စားတော့ ဝါးတော့မတတ် ဒေါသမီးနှင့် ကြည့်ရှုနေသည်။ ထို့နောက်....

'ဟိတ်....မှင်စာကောင်လေး၊ မင်းက ကြွားက သေချင်လို့လားကွ'

ဟူ၍ ကြိမ်းဝါးလိုက်သည်။

'ဟီး....ဟီး....ကျုပ်ကို ခြိမ်းခြောက်မနေနဲ့ဗျာ၊ ခင်ဗျားကြီး ခေါးကိုတောင် ကိုင်နိုင်သေးရဲ့လား'

တောတွင်းသားကလေးတစ်ဦး၏ ဂရုမစိုက်မှုနှင့်ပြန်လည်တံ့ပြန်ခြင်းကို ခံရသော ထိုသိုင်းသမားမှာ အလွန်ဒေါသထွက်သွားသည်နှင့်အတူ သူ၏အပေါင်းဖော်များ ရှေ့၌ဖြစ်သောကြောင့် ပို၍ ရှက်သွားလေတော့သည်။ ထို့ကြောင့်နှုတ်မှ ဆဲဆိုရေရွတ်လိုက်ကာ....

'မင်းလို လူဝါးဝတဲ့ကောင်ပဲကွ၊ သိကြသေးပေါ့'

ရုတ်တရက် မြင်းနှင့်တိုက်ရန် အကြံနှင့် ကျင်စွံလေးထံ ခုန်အုပ်လိုက်လေသည်။

သို့သော် ခုန်လာခဲ့သောမြင်းအား ကျင်စွံက လျင်မြန်သွက်လက်စွာ နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ မျက်စိအားတံချူထိပ်ဖျားနှင့် ဆောင့်ထိုးလိုက်ပြန်သည်။

သူ၏ လက်မှန်းချက်က အလွန်တိကျသဖြင့် မြင်း၏မျက်လုံးတစ်ဖက်အား တည့်မတ်စွာ သွားရောက်ထိမှန်သဖြင့် မြင်းမှာ ကြောက်လန့်ပြီး ပတပ်ရပ်လိုက်ကာ အော်ဟစ်လိုက်



၍ မြင်းပေါ်မှ သိုင်းသမားမှာ နောက်ပြန်လန်ကျသွားတော့သည်။

'ခွိုး ခွိုး ခွိုး'

'ကျွိ ကျွိ ကျွိ'

မျောက်မကြီးနှင့် ရှဉ့်လေးက သဘောကျစွာ ရယ်မောနေကြပြန်၏။

'ဟဲ ဟဲ ဟဲ'

ကျင်စွံလေးကလည်း သူ့အဖော်များနည်းတူ ပြုံးရယ်လိုက်သည်။

တောတွင်းသားကလေးနှင့် တိရစ္ဆာန်များ၏ အပြုအမူအား တွေ့ရှိရသော မြို့သား ဒုစရိုက်သမားများမှာ အလွန်ဒေါပွသွားကြကာ တစ်ဦးသော သိုင်းသမားက သူတို့အား လှံရှည်ကြီးနှင့်ထိုးရန် သူ၏မြင်းအား ရှေ့ကို နှင်လိုက်သည်။

သို့ရာတွင် သူ၏မြင်းမှာ ရှေ့သို့ ခုန်မထွက်နိုင်တော့ဘဲ ခေါက်ခနဲ ခြေခွေလဲကျသွားသည်။

'အိုး အိုး ဟား'

မြင်းပေါ်မှ သိုင်းသမားလည်း အံ့ဩထိတ်လန့်သွားလျက် မြေပြင်ပေါ်သို့ ဖင်ထိုင်ထိုးကျသွားလေသည်။

'ရှူး'

'အမယ်လေး'

ဖင်ထိုင်ကျလျက်တန်းလန်းနှင့် သူ့ခမျာ နောက်သို့တရွတ်တိုက် ရွှေ့လျားလိုက်မိ၏။ အဘယ်ကြောင့်ဆိုသော် သူ ကျ

ရောက်သွားသောနေရာ၌ မြွေကြီးတစ်ကောင်က ရှုးခနဲနေသော သူ့အား မှုတ်လိုက်သောကြောင့်ဖြစ်၏။

တကယ်တော့ သူ၏မြင်းသည်ပင် ကျင်စွံလေး၏မြွေကြီးက ပေါက်လိုက်ခြင်းကို ခံရသဖြင့် ခွေခနဲ လဲကျသွားခြင်းဖြစ်သည်။

ကျန်သော သိုင်းသမားဆိုးများလည်း ကျင်စွံလေးတို့အဖွဲ့သားများ ရကြမ်း ဝင်တိုက်ကြလေတော့သည်။

ကျင်စွံလေးမှာ ငယ်ရွယ်သူလေးဖြစ်သော်လည်း သိုင်းသမားကြီးများကို မကြောက်ရွံ့ဘဲ လက်ထဲရှိ တံချူတံနှင့် တုတ်သိုင်းအဖြစ် ပြန်လည် ခုခံနေခဲ့ရလေသည်။

သိုင်းသမားကြီးများက မြင်းများနှင့်ဖြစ်၍ လက်နက်များမှာလည်း ဓားလှံ မှိန်းခက်ရင်းသံကြိုး ဆူးတပ်စသည်ဖြင့် အစုံအလင်ဖြစ်ကြသောကြောင့် သူ့ တံချူတံလေးများမှာ တိခနဲတိခနဲပြတ်ကာ ငုံးတိတိလေးသာ ကျန်ခဲ့သောကြောင့် လက်ထဲမှ ငှက်ပျောသီး၊ သရက်သီး၊ သဘောသီးတို့နှင့် ဆက်လက် ပစ်ပေါက်ကာ ကာကွယ်နေရပြန်၏။

ကျင်စွံလေးကား လူသားလေးဖြစ်သော်လည်း တောတွင်း၌ အနေကြာခဲ့သည်ဖြစ်၍ မျောက်များကဲ့သို့ သစ်ပင်ပေါ် တက်နိုင်၊ ဆင်းနိုင်၊ ခုန်နိုင်၊ ချိုနိုင်ခဲ့သလို ရှဉ့်ကလေးများကဲ့သို့လည်း သစ်ပင်ပေါ် ပြေးနိုင်လွှားနိုင် ခုန်နိုင်ကူးနိုင်ခဲ့သည်။

ထို့ပြင် ယုန်ကလေးများကဲ့သို့လည်း မြေပြင်ဝယ် လျင်မြန် ဖျတ်လတ်စွာ ရှောင်တိမ်းပြေးလွှားနိုင်ပြန်၏။



ထို့ကြောင့် သူက သိုင်းသမားဆိုးကြီးများမှ သူ့အား မြင်းနှင့် လိုက်လံထိုးခုတ် ဖမ်းဆီးခြင်းအား သွက်လက်လျင်မြန်စွာ ရှောင်တိမ်း ပြေးလွှားနိုင်ခဲ့လေသည်။

လက်ထဲမှ သစ်သီးများကလည်း ရန်သူတို့အား ချက်ကောင်းများကိုချည်း ထိမှန်စေခဲ့သည်။

သရက်သီး တစ်လုံးကဆိုလျှင် ဓားကိုင်သိုင်းသမား၏ မျက်လုံးတစ်ဖက်အား တည့်မတ်စွာ တိုက်ရိုက်ထိမှန်သွားသဖြင့် ထိုဓားသမားခမျာ မျက်လုံးကြီး ရောင်ကိုင်းဖူးမို့လာလျက် မျက်လုံးတစ်ဖက်ကန်း သိုင်းသမားတစ်ဦး ဖြစ်သွားသည်။

ထို့အတူ ခက်ရင်းခွကိုင် သိုင်းသမားကြီးတစ်ဦးဆိုလျှင်လည်း ကျင်စွံ၏ ငှက်ပျောသီး၊ သရက်သီးများနှင့်ပစ်ပေါက်နေခြင်းအား ခက်ရင်းခွနှင့် ဇော့ယမ်း ရိုက်ပုတ်နေခြင်းဖြင့် ကာကွယ်နေနိုင်ခဲ့သော်လည်း မျောက်မကြီးမှာ အ[illegible]ဝင်၍ ရုတ်တရက် ပစ်ပေါက်လိုက်သော သဘောသီးကြီးတစ်လုံးက သူ၏ မျက်နှာကို တိုက်ရိုက်ပင် တည့်မတ်စွာ ထိမှန်သွားသဖြင့် သဘောသီးကြီးကွဲကာ မျက်နှာပြင်တစ်ခုလုံး ပေကျံ စေးကပ်ကုန်သောကြောင့် ဆက်လက်မတိုက်ခိုက်နိုင်တော့ဘဲ မျက်လုံးထဲဝင်သွားသည့် သဘောသီးအဖတ်များကို ကော်ထုတ်နေရတော့သည်။

ခွေးမသား မျောက်ဟောင်း ?

ပါးစပ်မှ ရေရွတ်နေသော်လည်း မျက်လုံးများက မမြင်မစမ်းနှင့် ဖြစ်နေရှာ၏။

ထိုစဉ် ကျင်စွံ ထံမှ ပစ်လွှတ်လိုက်သည့် ငှက်ပျောသီးတစ်လုံးက ပွခ်ပွခ်လုပ်နေသော သူ၏ပါးစပ်ထဲသို့ တိုက်ရိုက်တိုးဝင်သွားနေသဖြင့် မချေရှတ် မကျိန်ဆဲနိုင်ပြန်တော့ချေ။

ကျင်စွံလေးအား တောတွင်းသားကလေးဆိုပြီး အထင်သေး၍ တိုက်ခိုက်ကြသော သိုင်းသမားတို့မှာ မောဟိုက်ပင်ပန်းကုန်ကြတော့သည်။

ကျင်စွံကား သစ်ပင်ပေါ် ရောက်လိုက် မြေပြင်ပေါ် ခုန်ဆင်းလိုက်နှင့် သစ်ပင်များကို ကွေ့ပတ်ပြေးလွှားလိုက်၊ ပုန်းနေရာမှ သူတို့အား ဖြုန်းခနဲ အကွယ်မှဝင်၍ တိုက်ခိုက်လိုက်လုပ်နေရာ သိုင်းသမားကြီးတို့ခမျာမျက်စိလည်လျက်မူးနောက်ကုန်ကြသည်။

ထို့ပြင် ရှဉ့်နှင့်မျောက်မက တစ်မှောင့်၊ သူတို့အား ဒုက္ခပေးပြန်သည်။

အလစ်တွင် သစ်ကိုင်းများပေါ်က မျက်နှာကို ဖြတ်ရိုက်ခြင်း၊ ဆံပင်များကို ဆွဲဆုပ်ခြင်း၊ ရှဉ့်လေးက မြင်းကျောပေါ်ပါလာလျက် ရှတ်ခနဲ သိုင်းသမားဆိုး၏ လည်ကုပ်ကိုကိုက်ဖဲ့သွားခြင်း၊ မျက်လုံးများကို ကုတ်ဖဲ့သွားခြင်းများကြောင့် သူတို့မှာ မျက်စိများကို အငြိမ်မထားနိုင်ဘဲ အရုပ်ရှစ်မျက်နှာသို့ ကျိုးကန်းတောင်းမှောက် လှည့်လည်ကြည့်ရှုသတိထားနေရတော့သည်။

သည်ကြားထဲ မြေကြီးက မြက်ပုတ် သစ်ပင်နွယ်များအကြားမှ ရှုးခနဲ ရောက်ရှိလာလျက် သူတို့၏ မြင်းများ



အား ကိုက်ခဲတတ်ပြန်သဖြင့်မြင်းများခမျာလည်းအဆိပ်တက်ပြီး ဘုံးခနဲ လဲကျသွားကြရလေသည်။

နောက်ဆုံးတော့ မြေပေါက်၍ မြင်းသုံးလေးကောင်အသေကျန်ရစ်ကာ ဒဏ်ရာကိုယ်စီနှင့် သိုင်းသမားဆိုးတို့အထီးကျန် တောအုပ်အတွင်းမှ ထွက်ပြေးရသည့်အဖြစ်ကိုရောက်ရှိသွားလေတော့သည်။

## [ ၁၅ ]

မြွေခါးရှင်

ကျင်စွိလေးတို့အဖွဲ့မှာလည်းသိုင်းသမားများ၏တိုက်ခိုက်မှုကြောင့် ပွန်းသူပွန်း ရှသူရှ နာသူနာ ဖြစ်ကျန်ခဲ့ရစ်ကြရှာသည်။

မျောက်မကြီးမှာ လက်တစ်ဖက်၌ ဓားဒဏ်ရာ ရရှိသွားသကဲ့သို့ ရှဉ့်လေးခမျာလည်း အမြီးတစ်ပိုင်း ပြတ်သွားရှာ၏။

မြွေကြီးမှာမူ ခက်ရင်းချွန်ထိုးမိကာ အမြီးဖျား၌ ဒဏ်ရာအကြီးအကျယ် ရသွားခဲ့သည်။

မည်သို့ဖြစ်စေ သေဆုံးသွားရှာခဲ့သော ယုန်ကလေးကိုမူ ကုန်းလမ်းလေးတစ်ခုပေါ်ဝယ် ကျင်းကလေးတစ်ခုတူးလျက် မြှုပ်နှံ သင်္ဂြိုဟ်လိုက်ရ၏။

ထို့နောက် ဝမ်းနည်းခြင်း အထိမ်းအမှတ် သစ်သားတိုင်လေး တစ်တိုင်း ထိုးစိုက်လျက် တောပန်းတချို့က ကျင်းလေးပေါ် တင်ထားခဲ့ကြသည်။

မြောက်မကြီးကမူ ရှားပါးလှသော မုန်လာပင်ကြီး တစ်ပင်ကို ရအောင်ရှာဖွေလာကာ ယုန်လေး၏ မြေပုံထက်၌ စိုက်ထူထားလိုက်ပြန်သည်။

ကျင်စွံလေးကိုယ်တိုင်ကမူ တစ်ကိုယ်သုံး ကိုင်ရိုက်ထားသလို ပင်ပန်းနွမ်းနယ်၍ သစ်ပင်ရိပ်တစ်ရိပ်အောက်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ရတော့သည်။

ထိုသို့ အိပ်စက်နေစဉ် ထူးဆန်းသော အိပ်မက်တစ်ခုအား သူ မြင်မက်ခဲ့လေသည်။

အိပ်မက်ထဲ၌ အဝါရောင် ဝတ်စုံ ဝတ်ဆင်ထားသည့် သူတော်စင်တစ်ဦးက သူ့အား လက်ညှိုးညွှန်ပြနေခဲ့သည်။

ထို့ပြင် နှုတ်မှလည်း တစ်စုံတစ်ရာသော စကားအချို့အား ရွတ်ဆို ညွှန်ကြား၏။ ထိုစကားများအား ကျင်စွံ နားမလည်နိုင်ခဲ့ချေ။ သို့ရာတွင် ထိုသူတော်စင် ညွှန်ပြနေသည့် နေရာကို သူ ကြည့်ရှုလိုက်တော့ သူ၏မိတ်ဆွေ ဒဏ်ရာရရှိထားသည့် မြွေကြီးအား တွေ့ရှိရပြန်၏။



မြွေကြီးကား ပါးပျဉ်းကြီးထောင်လျက် ဟိုဘက် သည်ဘက် ယိမ်းခါနေ၏။ သူ့အား ခေါ်ဝင်နေသယောင်ယောင် ရှိသည်။

သူက နားမလည်နိုင်ဘဲ ငေးမောနေစဉ် အဝါရောင်ဝတ် သူတော်စင်ကြီးက သူ့လက်ကိုဆွဲထူကာ မြွေကြီးနောက်သို့ လက်ညှိုးညွှန်ပြပြန်ကာ တွန်းလွှတ်လေသည်။

ထို့နောက် ဖျတ်ခနဲ သူ လန့်နိုးလာပြီး ဟိုဟိုသည်သည် ကြည့်ရှုလိုက်ရာ ဒဏ်ရာရနေသည့် သူ့မိတ်ဆွေ မြွေကြီးမှာ အိပ်မက်ထဲဝယ် မြင်ခဲ့ရသည့်သို့ ပါးပျဉ်းထောင်ကာ ယိမ်းလှုပ်နေသည်ကို တွေ့ရှိရလေ၏။

'ဟင်... အိပ်မက်ထဲကအတိုင်းပါပဲလား'

ထို့ကြောင့် ကျင်စွံသည် မြေပြင်ထက်မှာ လဲလျောင်း အိပ်စက်နေရာမှ လူးလဲ ထရပ်လိုက်၏။

ထိုအခါ မြွေကြီးက ဒဏ်ရာမှ သွေးများယိုစီးထွက်လျက် သွေးစွပ်ကြောင်းကြီး ကော့ရစ်ကာ တလိမ့်လိမ့်နှင့် ထွက်ခွာသွားလေသည်။

ကျင်စွံလည်း တစ်စုံတစ်ခုတော့ ထူးခြားနိုင်သည်ဟု တွေးပြီး ယင်းသွေးစွပ်ကြောင်းလမ်း အတိုင်း လိုက်ပါသွားခဲ့မိ၏။

မြွေကြီးကား တွန့်လိမ်တွန့်လိမ်ဖြင့် ကွေ့ကာကောက်ကာ ရှေ့မှ တရှူးရှူးနှင့် သွားနှင့်၏။

ကျင်စွံမှာလည်း နောက်မှ ထက်ကြပ်လိုက်ပါသွားလေသည်။

သို့နှင့် အသိုးကျန် တောအုပ်ကြီး၏ နက်ရှိုင်းသော အတွင်းပိုင်းသို့ ရောက်ရှိသွားကြ၏။ ထိုနေရာ၌ လှိုဏ်ကြီး တစ်လှိုဏ်ကို တွေ့ရှိရသည်။

လှိုဏ်ကြီးထဲသို့ မြွေကြီးက ဝင်ရောက်သွားသဖြင့် ကျင်စွံ လည်း ဆင်းသက်လိုက်ရသည်။ လှိုဏ်ထဲတစ်နေရာ ရောက်သော် ဂူတစ်ခုကို တွေ့ရှိရပြန်သည်။

ဂူကြီးမှာ ချုံနွယ်ပိတ်ပေါင်းများနှင့် အုပ်ဆိုင်းနေသဖြင့် လူရှိမှန်းပင် မသိနိုင်ပေ။ ထိုဂူထဲသို့မြွေကြီးက ဖြည်းညင်းစွာ ပေါ်ဆောင်သွားလေသည်။

ဂူအတွင်းဘက်ရောက်ရှိသွားကြသောအခါ တစ်နေရာ၌ မြွေကြီး ရပ်တန့်သွားကာ တစ်ရစ်ပြီးတစ်ရစ် ခွေနေတော့ သည်။

ကျင်စွံ မည်သို့ ဆက်သက်ပြုလုပ်ရမည်မသိ ဖြစ်နေစဉ် မြွေကြီးမျာ တရှူးရှူးတရှဲရှဲဖြင့် ဒဏ်ရာမှ ဝေဒနာခံစား နေရဟန်တူသည်။ သိပ်မှပင် မကြာလိုက်၊ မြွေကြီးမှာ ငြိမ် သက် တိတ်ဆိတ်သွားခဲ့သည်။

'ဟင်....သူသေပြီထင်တယ်'

ကျင်စွံသည် မြွေကြီးအား သွားရောက် စစ်ဆေးလိုက် သောအခါတွင် သူ့မိတ်ဆွေ မြွေကြီးမှာ အသက်ဆုံးရှုံးနေခဲ့ ပြီ ဖြစ်သည်။

'အင်း....သူသေဖို့များ ငါ့ကိုခေါ်ခဲ့တာလား မသိဘူး'

မိတ်ဆွေမြွေကြီး၏ ခန္ဓာအား မြှုပ်နှံ၍ ကျင်စွံ ဂူထဲ မှာပင် ကျင်းတူးရပြန်တော့သည်။ ထို့ကြောင့် ကျင်စွံသည်



ယင်းမြွေကြီး သေဆုံးနေသည့်နေရာမှာပင် ပါလာသည့် ဓား တိုလေးနှင့် မြေကိုတူးဆွရလေတော့၏။

အပေါ်ယံ မြေပွများကို တူးခြစ်ပြီး ဖယ်ထုတ်လိုက်သော အခါ နောက်တစ်ထပ်မြေကြားမှာ အနည်းငယ် မိုမို၍ မာ ကျောလာသည်ကို တွေ့ရသည်။

သို့ရာတွင် မြွေကြီးအား မြှုပ်နှံရန် မလုံလောက်သေး သဖြင့် ထပ်မံတူးကော်ရပြန်၏။

ထိုအခါ ဓားဦးချွန်မှာ မြေထဲမှ မာကျောသောအရာကို သွားရောက်ထိတွေ့သကဲ့သို့ ကျင်စွံ ကြားရသည်။

'ဒေါက် ဒေါက် ဒေါက်'

ပထမတော့ သူက ကျောက်ခဲမြေမာများကို သွားရောက် ထိမှန်သည်ဟုထင်၏။

သို့သော် သူ၏ဓားဦးမှာ တွန့်ကောက်လိမ်ကွေးလာသဖြင့် မကျေမချမ်းဖြင့် ထိုနေရာအား အသေအချာစစ်ဆေးကြည့်ရှု လေရာ မမျှော်လင့်ဘဲ ပြောင်လက်သောအရာတစ်ခုက ပေါ် လာသဖြင့် သူ အံ့ဩသွားမိ၏။

ထို့ကြောင့် ထိုပြောင်လက်သော အရာဝတ္ထုက သူ၏ ဓားသွားကို တွန့်လိမ်စေခြင်းဖြစ်သည်ကို သူ သိလိုက်၏။

သို့ဖြင့် ထိုအရာဝတ္ထုအား ဖော်ထုတ် တူးဆွမိလေတော့ သည်။

အရာဝတ္ထုက ရှည်လျားသော ပုံသဏ္ဌာန် ရှိနေသဖြင့် သူ စိတ်ဝင်စားသွားလေသည်။

တစ်ဖန် ပြောင်လက်သော သံသာသ ပေါ်၌ မြွေ တစ်ကောင်၏ ရုပ်ပုံသဏ္ဌာန်ကို ထွင်းထား ပုံဖော်ထားသည်ကို တွေ့ရှိရပြန်သည်။ မြွေမှန်မျှား အသွင်ယံ ဖုံးနေသော ကြောင့် ကျင်စွယ် လက်ဖြင့် ထုတ်ကြည့်လိုက်ရာ တူးဆန်း ဖွယ် အပြင် [illegible] ရှု တွေ့ရှိရပြန်တော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုမြွေရုပ်သဏ္ဌာန်လေးမှာ သူ၏ အံ့လက်ချစ်မြတ်နိုးခဲ့သော မြွေသတ္တဝါလေး၏ သဏ္ဌာန်အရွယ် အစားနှင့် ချွတ်စွပ်တူနေခြင်းကြောင့်ဖြစ်လေသည်။

'ဟင်...အံ့သြစရာပဲ'

သို့ဖြင့် ကျင်စွယ်လေးမှာစိတ်ဝင်တစားဖြင့် ထိုပြောင်လက် သော သံထည်ပေါ်လာအောင် အားကြိုးမာန်တက် တူးဖော် လေတော့သည်။ မကြာမီပင် ထိုသံထည်တစ်ခုလုံးကို သူ တူးဖော်မိလေ၏။

'ဟား...ပွကာပဲ၊ ဓားတစ်လက်ပါလားကွ'

ကျင်စွယ်မှာ ပေါ်လာသော ဓားကြီးကို အားရဝမ်းသာ ကိုင်တွဲမ၍ ကြည့်လိုက်၏။ တကယ်တော့ ဓားကြီးမှာ သူ့နှယ် ၁၁ နှစ်အရွယ် လူငယ်တစ်ဦးအဖို့ ကြီးမားလွန်း သေး၏။

သို့သော် ကျင်စွယ်မှာ ထိုဓားအား လက်နှစ်ဖက်ဖြင့် ကိုင်စွဲ၍ ဝေ့ယမ်း ဆော့ကစား ကြည့်လိုက်၏။

ဓားကြီးက လေးလံသယောင်ယောင်နှင့် ပေါ့ပါးလွန်းလှ သည်ကို တွေ့ရှိရလေသည်။



ကျင်စွယ်လေးမှာ ကျေနပ်အားရစွာ ဓားကြီးကို သေချာ စွာ စစ်ဆေးကြည့်ရှုမိ၏။

ဓားမှာ သူ့အရပ်ခန့်ရှိသည်။

ဓားသိကား ကောင်းလွန်းလှသဖြင့် ပြောင်လက် တောက် ပနေ၏။

ဓားသွားမှာလည်း ထက်မြက်နေသေးသည်။

လက်ကိုင်ရိုး၌ မြွေတစ်ကောင်က ကိုယ်လုံးကိုယ်ထည်နှင့် ပတ်လိမ်ထားသည့်သဖွယ် ထုဆစ်ထား၏။

လက်ကိုင်ရိုးအဆက် ဓားသွား အရင်း၌မူ ရွှေသတ္တဝါ လေးနှင့် တူလှသည့် မြွေတစ်ကောင်၏ ရုပ်ပုံသဏ္ဌာန်ကို ထွင်း ထားလေသည်။

[ ၁၆

ဓားသွားမှာလည်း သာမန် ဓားတစ်ချောင်း ကဲ့သို့ အဖြောင့်အစင်းမဟုတ်ဘဲ မြွေတစ်ကောင်၏ ကိုယ်ထည်လို ဆန့်တန်းသည့်နှယ်ပင်။ ဓားဦးမှာလည်း ထို့အတူပင် ဓား သာမန်ကဲ့သို့ မဟုတ်။

မြွေတစ်ကောင်၏ ဦးခေါင်းနှင့် ပါးစပ်သဖွယ်ပင် ဖြစ် သည်။

အားလုံးကို ခြုံငုံ၍ ကြည့်ပါလျှင် မြွေများနှင့် ဓားအား သွန်းလုပ်ထားခြင်း ဖြစ်သည်ကို တွေ့ရလေသည်။

ကျင်စွိလေးကား ပျော်မဆုံးတော့။ ထိုခါးအား ကိုင်ဆုပ်လျက် သိုင်းကားကား ကျုံ့နေမိလေသည်။

အတန်ကြာတော့မှ ခါးဆုံး နေခဲ့သော သူ့မိတ်ဆွေ မြွေကြီးကို သတိရတော့၏။ ကျင်းထဲသို့ မမြုပ်မိသေးသော ခါးကို စိတ်ဝင်စားပြီး ခါးရေး ကစားနေခဲ့ခြင်းကို ရပ်တန့်လိုက်ရသည်။

ထို့ကြောင့် မြွေကြီးအား ကျင်းထဲ မြုပ်နှံရန် ကြည့်လိုက်မိသည်။

'ဟင်'

သူ့ ပါးစပ် အဟောင်းသားဖြစ်ကာ အံ့သြ ထိတ်လန့်သွားမိသည်။

ကျင်းထဲသို့ မြွေကြီးက အခွေလိုက် ရောက်ရှိနေခဲ့သော ကြောင့် ဖြစ်၏။

'ငါလဲ မထည့်ရသေးဘဲနဲ့ ဘယ်က ဘယ်လို ရောက်သွားပါလိမ့်'

ကျင်စွိလေး ဦးနှောက်က မစဉ်းစားတတ်အောင် ဖြစ်သွားရသည်။

'သူ့ဘာသာသူ ရွေ့ပြီး ကျင်းထဲ ဝင်သွားတာများလား'

အမှန်ပင် သေဆုံးနေသော မြွေအလောင်းကား ကျင်းထဲသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်၏။

'အင်း...အတော်ထူးဆန်းတာပဲ၊ သူက ဒီနေရာ ငါခေါ်လာတာ'



မည်သို့ဖြစ်စေ ကျင်စွိလေးမှာ ကျင်းကို မြေဖြန့်ဖို့ပေးလိုက်၏။ သူ့မိတ်ဆွေ မြွေကြီး၏ ပြောင်မြောက်စွာ သေဆုံးမှုကို ပြန်လည် တွေးမိတော့ စိတ်မကောင်း ဖြစ်ရပြန်လေသည်။

သို့နှင့် မိတ်ဆွေမြွေကြီး၏ မြေပုံထက်၌ သူ၏ခါးမြောင်တိုအား အမှတ်တရ စိုက်ထားလိုက်သည်။

'ကျေးဇူးပဲ သူငယ်ချင်းရယ်၊ မင်းတို့ကြောင့် ရန်သူတွေကို အနိုင်ရသလို မင်းကြောင့်လဲ ဟောဒီ ခါးကြီးကို ငါ ရရှိခဲ့တာပဲ၊ မင်းရဲ့ ပြောင်မြောက်တဲ့ သတ္တိနဲ့ ငါ့အပေါ် နောက်ဆုံးချိန်အထိ စေတနာထားရှိခဲ့တဲ့အတွက် ငါ မင်းကို အများကြီး ကျေးဇူးတင်ပါတယ်ကွာ။

ဒါပေမယ့် မင်းနဲ့ တို့ဘဝတွေက ခြားသွားခဲ့ပြီမို့ ဒီဂူထဲမှာပဲ မင်းနေရစ်ခဲ့တော့နော်၊ မင်းကို နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ် သူငယ်ချင်းရယ်'

မိတ်ဆွေ မြွေကြီးအား နှုတ်ဆက်လျက် သူ့ဂူထဲမှ ခါးကြီးကိုထမ်းကာ ထွက်ခဲ့တော့သည်။

★

ကျော်စွာလေးသည် မြွေခွားကြီးကို ရရှိချိန်မှစလျက် စိတ်ခေါ်ဘ် တက်ကြွနေခဲ့သည်။

ယခင်က ဝါးသစ်ကိုင်းများနှင့် သိုင်းလေ့ကျင့် ကစားနေရာက မြွေခွားကြီး ရရှိလာတော့ ခွားရေးကို ပို၍ လေ့ကျင့်လိုစိတ် တဖွားဖွား ပေါ်လာ၏။

သို့ရာတွင် ခက်သည်က သူ၌ မိခင် သင်ကြားပေးခဲ့သော ကလေးဘဝမှ သိုင်းကွက်များကိုသာ အထပ်ထပ် အခါခါ လေ့ကျင့်နေသောကြောင့် ထိုသိုင်းကွက်များသာလျှင် ကျွမ်းကျင် ဖျတ်လတ်နေခဲ့ရသည်။

သိုင်းကွက်အသစ်များ၊ ခွားကွက်အဆန်းများမှာမူ ဆရာမရှိသဖြင့် မလေ့ကျင့်နိုင်ဘဲ ရှိ၏။

မြွေခွားကြီးနှင့် တတ်ကျွမ်းသည့် သိုင်းကွက်များအားပေါင်းစပ်ကာသာ လေ့ကျင့်နေမိသည်။

မြို့တက်ပြီး ဆရာရှာဖွေပြီး သင်ကြားရလျှင် ကောင်းမည်လားဟု သူ့စိတ်၌ အတွေးတို့က လွင့်နေခဲ့သည်။

သည်သို့လည်း သူမသွားချင်၊ လူ့ပတ်ဝန်းကျင်ထဲ သူအောက်ကျ နောက်ကျခံလျက် မဝင်လိုခဲ့ချေ။

စိတ်ထဲ၌မူ သိုင်းပညာရပ်အား သင်ကြား တတ်မြောက်လိုသည့် ဆန္ဒများက တားမနိုင် ဆီးမရ ဖြစ်ပေါ်နေခဲ့လေသည်။

မြွေခွားကြီးကို ပိုက်ကာ အိပ်စက်၊ မြွေခွားကြီးကို ထမ်းကာ လျှောက်လှမ်း၊ မြွေခွားကြီးကို ကိုင်စွဲကာ လေ့ကျင့်လှုပ်ရှားရမလို မရေမရာ ဖြစ်နေခဲ့တော့သည်။



တစ်နေ့တွင် သစ်ပင်ရိပ်တစ်ရိပ်တွင် ထိုင်ရင်း နှုတ်မှလည်း ညည်းညူမိလေသည်။

'အင်း… ခုနေခါများ သိုင်းဆရာကြီး တစ်ဦး ရောက်လာပြီး သိုင်းပညာ သင်ပေးရင် သိပ်ကောင်းမှာပဲ'

ထိုသို့ ညည်းညူပြီး စိတ်ပျက်လက်ပျက်ဖြင့် အိပ်ပျော်သွားခဲ့တော့သည်။ အိပ်ပျော်သွားစဉ်တွင် ထူးဆန်းသော အိပ်မက်တစ်ခု မက်ပြန်သည်။

ယင်းအိပ်မက်ဝယ် ပထမတစ်ကြိမ် မက်စဉ်က တွေ့ဆုံခဲ့သော အဝါရောင် ဝတ်စုံဝတ် သူတော်စင်ကြီးအား ပြန်လည်ဆုံတွေ့ရပြန်၏။

သူတော်စင်ကြီးက သူ့ထံမှ မြွေခွားကြီးကို ဆွဲယူလျက် ခွားရေးအချို့ကို ကစားပြသည်။

[ ၁၇ ]

သူတော်စင်ကြီးကစားပြသောဓားကွက်များမှာ ထူးခြားဆန်းပြားသော သူ့အနေနှင့် တစ်ခါဖူးမျှ မမြင်ဘူးသောဓားကွက်များဖြစ်နေသောကြောင့် ကျင်စွံလေးမှာ အလွန်ဝမ်းသာအားရ ဖြစ်သွားလေသည်။

ထို့နောက် သူတော်စင်ကြီးက သူ့အား မြေဓားကိုပြန်သည်ပေး၏။ ကျင်စွံလေးစိတ်ထဲဝယ် သူတော်စင်ကြီး၏ဓားကွက်များကို တစ်ကွက်မကျန် မှတ်မိသိရှိနေခဲ့သလို ရှိသည်။

ထို့ကြောင့် ယင်းမြွေဓားကြီးဖြင့် သူတော်စင်ကြီး ပြသသော ဓားကွက်တို့ကို တစ်ကွက်ချင်း လှုပ်ရှားလေ့ကျင့်တော့၏။

ဓားနှင့်လူမှာ အရွယ်တူရှိနေခဲ့သော်လည်း ကျင်စွံလေးအဖို့ အခက်အခဲမရှိဘဲ လေ့ကျင့်ကစားနိုင်ခဲ့လေသည်။

ပို၍ ထူးခြားသည်မှာ သူတော်စင်ကြီးလှုပ်ရှားပြသခဲ့သည့် ဓားကွက်များမှာ ကျင်စွံလေးလုပ်နိုင် လှုပ်ရှားလေ့ကျင့်နိုင်သည့် ဓားကွက်များသာ ဖြစ်၏။

အချိန်ကာလမှာလည်း များစွာမကြာမြင့်လှချေ။

တစ်နေ့တာအတွင်း၌ပင် ထိုဓားကွက်များအား သူ လေ့ကျင့် ပြီးစီးခဲ့လေ၏။

ထို့နောက် ကျင်စွံလေးသည် အိပ်စက်နေရာမှရုတ်တရက် နိုးထလာခဲ့သည်။ ဆတ်ခနဲ သူ ထထိုင်လိုက်မိ၏။ သူအိပ်စဉ်က ရင်ခွင်၌ပိုက်၍ အိပ်ခဲ့သော ဓားကြီးကို ငုံ့ကြည့်မိပြန်သည်။

သို့သော် ဓားကြီးက သူ့ရင်ခွင်ဝယ် ရှိမနေခဲ့၊ လက်ထဲတွင်သာ ဆုပ်ကိုင်ထားသော ဓားကြီးအား အံ့သြစွာ တွေ့ရှိရလေသည်။

အိပ်မက်ထဲတွင် လေ့ကျင့်ခဲ့ရသော သူတော်စင်ကြီး၏ ဓားကွက်များကို ပြန်လည်လေ့ကျင့်ကြည့်ရာ တစ်ကွက်မကျန် သူကစားနိုင်ခဲ့သည်ကို တွေ့ရှိရသဖြင့် အံ့သြ ဝမ်းသာသွားမိလေသည်။



သူ ဝမ်းမြောက်ဝမ်းသာ အိပ်မက်ထဲမှ သိုင်းဆရာကြီး၊ သို့မဟုတ် သူတော်စင်ကြီးအား ရှိခိုးပူဇော်လိုက်မိလေသည်။

နှုတ်မှလည်း တီးတိုးရေရွတ်လိုက်မိ၏။

'အင်း....ငါလိုချင်တောင့်တခဲ့မိတဲ့ ဆရာဟာ ဒီ သူတော်စင်ကြီးပဲ ဖြစ်လိမ့်မယ်ထင်ပါရဲ့'

သို့နှင့် နေ့စဉ်နေ့တိုင်းပင် ကျင်စွံလေးသည် ထိုသစ်ပင်ရိပ်လေး၌ တစ်ရေးတစ်မောလာ၍ အိပ်စက်လေသည်။

အိပ်စက်သည့်အခါတိုင်း အိပ်မက်မက်၏။

သူ အိပ်မက်မက်တိုင်း သူတော်စင်ဆရာကြီးနှင့် တွေ့ဆုံကာ သူ့အား ဓားရေးအကွက်ဆန်းများအား သင်ကြားပြသပေးသည်။

သူကလည်း တစ်သဝေမတိမ်း လိုက်လံလေ့ကျင့်၏။

ထို့နောက် အိပ်ရာကနိုးလာသည့်အခါတွင် ထိုဓားကွက်များမှာ သူ့၌ကျန်ရစ်ခဲ့ကြသည်။

ထို့ကြောင့် ကျင်စွံလေးမှာ အချိန်တိုတိုလေးအတွင်းဝယ် မြွေဓားကြီးနှင့်အတူ ဓားကွက်ဆန်းများကို ကျွမ်းကျင် တတ်မြောက်ခဲ့လေ၏။

မြွေဓားကြီးနှင့် ကျင်စွံလေးမှာ အရွယ်နှင့်ဓား မမျှသော်လည်း ထိုဓားကြီးအား ကျင်လည်ပိုင်နိုင်စွာ ကျင်စွံ အသုံးချနိုင်ခဲ့လေသည်။

ကျင်စွံမှာ ကျန်းမာသန်စွမ်းသူဖြစ်သောကြောင့် ကိုယ်လုံး ကိုယ်ထည်မှာလည်း နေ့ချင်းညချင်းပင် ကြီးထွားလာခဲ့လေသည်။

သို့ဖြင့် သူ့အဖို့ အိပ်မက်ထဲမှ သူဘော်စင်သိုင်းဆရာကြီး၏ ပညာရပ်များကို များပြားလှစွာ ရရှိတတ်မြောက်ခဲ့တော့သည်။

တစ်နေ့တွင် သူ၏အထီးကျန်တောထဲသို့ အနက်ရောင်သိုင်းလောကမှ ဒုစရိုက်သိုင်းသမားသုံးဦး ကျူးကျော်ရောက်ရှိလာခဲ့ကြပေသည်။

သူတို့ကား ဓားညီနောင်သုံးဦးဖြစ်သည့် ဓားတစ္ဆေကြီး ရန်ကြံဘုတ်၊ ဓားတစ္ဆေလတ် ရန်ဟွမ်တိတ်နှင့် ဓားတစ္ဆေလေး ရန်အန့်ဟိန်းတို့သာ ဖြစ်၏။ အနက်ရောင်သိုင်းလောက၌ ရက်စက်ကြမ်းကြုတ်သောသူများအဖြစ် ထင်ရှား၏။

သူတို့ဒုစရိုက်ညီနောင်မှာ ခရီးလှည့်လည် သွားသာရင်း လမ်းတွင်တွေ့ရှိသည့် မည်သည့်ခရီးသွားကိုမဆို လုယက်ဓားပြတိုက်အနိုင်ကျင့်ကာ ပျော်မွေ့ရှိကြ၏။

ခရီးသွားများမှာ သူတို့ညီအစ်ကိုနှင့် ရင်ဆိုင်တွေ့သည့်အခါ ပါလာသည့်ပစ္စည်းများအား အသာတကြည်ပေးလျှင်ပေး၊ မပေးလျှင် အသက်ဆုံးရှုံးရတတ်လေသည်။

ဓားသိုင်းပညာရပ်၌ ညီအစ်ကိုသုံးဦးစလုံးမှာ အလွန်ကျွမ်းကျင်လှသဖြင့် ဓားတစ္ဆေဘွဲ့ကို ရရှိထားခဲ့ကြ၏။

စိတ်ဓာတ်ကား တစ်ပါးသူ၏အသက်အား ပုရွက်ဆိတ်တစ်ကောင်၏ အသက်လောက် တန်ဖိုးမထားသူများဖြစ်၍ စိတ်ထဲထစ်ခနဲရှိတိုင်း ဓားနှင့်ရှင်းပစ်လိုက်သည်ချည်း ဖြစ်သည်။



ထို့ကြောင့်လည်း အနက်ရောင် သိုင်းလောက၌ ဓားတစ္ဆေ ညီအစ်ကိုဆိုလျှင် ဖိန့်ဖိန့်တုန်အောင် ကြောက်ကြကုန်သည်။

သို့သော် အဖြူရောင်သိုင်းလောကမှ သိုင်းဆရာကြီးများကမူ သူတို့ညီအစ်ကိုအားနှိမ်နင်းရန် သိုင်းဂိုဏ်းချုပ်ကြီးများစုပေါင်းလျက် လိုက်ပေါ်တိုက်ခိုက်ကြသဖြင့် သည်အထီးကျန်တောအုပ်ဘက်ဆီသို့ နယ်လွန်လာခဲ့ကြခြင်း ဖြစ်သည်။

## [ ၁၈ ]

သူတို့ညီအစ်ကို ရောက်ရှိလာချိန်၌ ကျင်စွံလေးမှာ အိပ်မက်ထဲတွင် သူတော်စင်ကြီး၏ သိုင်းလေ့ကျင့်ခန်းများကို လေ့ကျင့်လှုပ်ရှားနေစဉ်ဖြစ်၏။

တကယ်တော့ ကျင်စွံလေး အိပ်မက်ထဲတွင် တွေ့ဆုံနေသည့် သူတော်စင်သိုင်းသမားကြီးမှာ ကျင်စွံလေး အိပ်နေစဉ် ထုံးစံအတိုင်း ရောက်လာပြီး သိုင်းပညာများကိုသင်ကြားပေးနေ၏။

ကျင်စွံလေးမှာသာ အိပ်မောကျနေရင်း သူတော်စင်ကြီး၏ သိုင်းလေ့ကျင့်ခန်းများကို လိုက်၍ လေ့ကျင့်ကစားနေရှာသည်။

သူတော်စင်ကြီးက ရှေ့မှ ပြသလှုပ်ရှားနေခြင်းအား သူက တစ်သဝေမတိမ်း ထပ်ကြပ်လှုပ်ရှားနေခြင်းသာ ဖြစ်သည်။ ကျင်စွံလေးမှာ....

မျက်စိမှိတ်လျက်က သူတော်စင်ကြီး လက်မြှောက်လျှင် မြှောက်ကာ၊ ခြေခတ်လျှင်ခတ်ပြီး၊ ခုန်ပျံလျှင်လိုက်လံခုန်ပျံနေသည်။

သူ အိပ်ပျော်နေခိုက် သူတော်စင်ကြီးက သူ၏ဝိညာဉ်ကို ခဲ့လျက် သူ၏ ကိုယ်ခန္ဓာ၌ သူတော်စင်ကြီး ဝင်လှုပ်ရှားစေခြင်း ဖြစ်သည်။

ထို့ကြောင့်သာ ကျင်စွံလေးမှာ ဘာမှမသိရှာဘဲ အိပ်မက်ထဲ၌ ပြုလုပ်နေခြင်းဟု အထင်ရောက်နေခြင်းသာ ဖြစ်သည်။

အမှန်မှာမူ သူ့စိတ်က မသိရှိသော်လည်း သူ၏ခြေလက် ခန္ဓာကမူ ချွေးချားစိုစွတ်လျက် အပြင်းအထန် လေ့ကျင့်ကစားနေမိ၏။

အပြင်ပန်းကကြည့်လျှင် အဝါရောင်ဝတ် သူတော်စင် အဘိုးအိုတစ်ဦးက သူ၏မြေးငယ်အား သိုင်းပညာရပ်များကို လေ့ကျင့်ပေးနေဟန်ပင် ဖြစ်သည်။

ကလေးငယ်က စိတ်မပါစွာ အိပ်ငိုက်လျက် လေ့ကျင့်နေသည်နှင့် တူသည်။



ဓားတစ္ဆေညီနောင်တို့ကလည်း ထိုသို့ ထူးဆန်းရယ်မောဖွယ် မြင်ကွင်းကို တွေ့ရှိသွားကြသဖြင့် အံ့ဩငေးမောကာ ကြည့်ရှုနေမိကြပြီး အတန်ကြာမှ အဝါရောင်ဝတ် သူတော်စင်ကြီးအား ကျီစယ် လှောင်ပြောင်လိုက်လေတော့သည်။

'ဟား ဟား ဟား ဗျို့အဘိုးကြီး၊ ဒီလောက်ငယ်ရွယ်တဲ့ ကလေးတစ်ဦးကို သိုင်းစွမ်းတွေပြနေမယ့်အစား ကျုပ်တို့ညီအစ်ကိုကို ပြပါလားဗျ၊ ဟဲ ဟဲ ဟဲ'

ဓားတစ္ဆေကြီး ရန်ကြုံဟုတ်က ဟဟားဟား ရယ်ရင်း ပြောလိုက်သဖြင့် သူတော်စင်ကြီးမှာဓားရေးသိုင်းကွက်ကို လှုပ်ရှားနေရာက ဖျတ်ခနဲ ရပ်တန့်လိုက်ပြီး သူတို့အား လှမ်းကြည့်သည်။

'ကျုပ်ကို တစ်ကွက်လောက်ပြပါလား အဘိုးကြီး'

သူတော်စင်က ဓားတစ္ဆေလတ် ရန်ဟွမ်တိတ်၏ နောက်ပြောင် စိန်ခေါ်လိုက်မှုကြောင့် မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

'ကလေးကို ဓားကြီး ပေးကိုင်ထားမယ့်အစား ဒီအဘိုးကြီး ကိုယ်တိုင် ကိုင်ပြီး ကျုပ်ကိုပဲ ယှဉ်ကြည့်လိုက်စမ်းပါဗျာ ဟဲ ဟဲ'

ဓားတစ္ဆေလေး ရန်အန်ဟိန်းကလည်း မထိမဲ့မြင်အပြုံးနှင့် ပြက်ရယ်ပြုလိုက်ရာ သူတော်စင်ကြီးမှာ ပို၍ စိတ်ဆိုးသွားပြီး တစ်စုံတစ်ရာအား ရေရွတ် ပြောဆိုလိုက်လေတော့သည်။

သို့ရာတွင် ထိုဘာသာစကားအား ခွေးတဆွေ ညီအစ်ကို ခမျာ နားမလည်ခဲ့ကြချေ။

သူတော်စင်ကြီးက မြွေဓားကြီးကိုင်ဆွဲလျက် အိပ်စက်နေသည့် ကျင်စွံလေးထံ လျှောက်သွားကာ ဇက်ပိုးအား အသာနှိပ်ကိုင်ပေးပြီး အိပ်ပျော်သည့်အကြောကို ဖွင့်ပေးလိုက်ရာ ကျင်စွံလေးမှာ ချက်ချင်းနိုးသွားတော့သည်။

မျက်လုံး ဖွင့်ကြည့်မိသောအခါ ရှေ့၌ ခွေးတဆွေ သိုင်းသမား ညီအစ်ကိုအား တွေ့ရှိလိုက်ရသဖြင့် မျက်မှောင်ကြုတ်ပြီး ဓားကို ရှေ့သို့ဆန့်တန်းလိုက်သည်။

'ဟား ဟား ဟား သောက်ပျင်းလေး၊ ခုမှလန့်နိုးလာတယ် ထင်တယ်၊ တန်ရာ တန်ရာ မလုပ်ဘဲ ဓားကြီးကိုင်လို့ ဓားပိုသနေလို့ မသာပေါ်နေဦးမယ်ကွ၊ ပေးလိုက်စမ်း မင်း အတိုးကြီးကို ဒီဓား၊ တို့များနဲ့ နည်းနည်းပါးပါးလှုပ်ရှား တိုက်ကြည့်ရအောင်'

ကျင်စွံလေးက သူတော်စင် သိုင်းသမားအား မော့၍ ကြည့်လိုက်ရာ သူတော်စင်က ခေါင်းညိတ်ပြသဖြင့် သူက လျှပ်တစ်ပြက် ခုန်ပျံတက်သွားကာ ခွေးတဆွေလေး၏ ဦးခေါင်းအား မြွေဓားကြီးနှင့် ပိုင်းချလိုက်သည်။

ရုတ်တရက်ဖြစ်၍ တဆွေလေးမှာ ဓားဖြင့် တားဆီးမခုခံ နိုင်တော့ဘဲ နောက်သို့သာ ဦးခေါင်းကို ဆတ်ခနဲဆုတ်လိုက် ရသည်။

'ဝှစ်'

'ဒုတ်'



'အီး....အီး'

ကျင်စွံလေး၏ လေကဲ့သို့ လျင်မြန်လှသည့် ခုန်ပျံတက် လာမှုနှင့် ဓားချက်က ခွေးတဆွေလေး၏ ဇက်ကို မပိုင်းမိဘဲ မြင်းကလေးကိုသာ ပိုင်းလိုက်မိလေရာ မြင်းမှာလည်း ကျယ် လောင်စွာ ဟစ်အော်ပြီး ပတတ်ရပ်ကာ နောက်ပြန်လန်ကျ သွား၏။

၉

ဓားတစ္ဆလေးမှာလည်း မည်းကွဲသို့မှ တိုင်မရတဲ မြင်းနှင့် အတူ တအီးအီးအော်လျက် မြေပြင်ပေါ်သို့ ဝုန်းခနဲကျရောက် သွားရှာ၏။

ဓားတစ္ဆကြီးနှင့် အလတ်တို့မှာလည်း မမျှော်လင့်တဲ ကလေးငယ် တစ်ဦး၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည့် ဓား တစ္ဆလေး၏ အဖြစ်ကို မြင်တွေ့လိုက်ကြရပြီး အံ့သြမှင်တက် မိနေမိကြသည်။

သူတော်စင်ကြီးကမူ မည်သို့သော အမူအရာ မျိုးမှ မပြောင်းလဲတဲ ကျောက်ရုပ်ကဲ့သို့ တည်ငြိမ်စွာ ရပ်ကြည့်ရှုနေ သည်။

'ဟိတ်'

'ယား'

ထို့နောက် ညီအစ်ကိုနှစ်ဦးစလုံး ဓားများကို ဝင့်ကာ မြင်းကိုယ်စီဖြင့် ကျင်စွိလေးအား တိုက်ရန် လှုပ်ရှားလိုက်ကြသည်။

'ဟေး'

ကျင်စွိလေးမှာ မျောက်တစ်ကောင်ကဲ့သို့ သစ်ပင်ပေါ် ရောက်ရှိသွားသည်အား မြင်လိုက်ကြရာ ဓားတစ္ဆေနှစ်ကောင်မှာ အံ့အားသင့်သွားပြီး မော့ကြည့်လိုက်ကြသည်။

'ဟေ့....မျောက်လောင်းလေး၊ ဆင်းခဲ့လေကွာ'

ဓားတစ္ဆေကြီးက မကျေမချမ်းဖြင့် အောက်မှအော်နေသည်။

ကျင်စွိလေးက သစ်ကိုင်း တစ်ကိုင်းထက် ခြေဆင်းထိုင်လျက် ဓားကြီးကိုထမ်းကာ သူတို့အား ဂရုမစိုက်သည့်ဟန်နှင့် နေသည်။

'ဟေ့ကောင်....မှင်စာ ဆင်းခဲ့၊ မဆင်းရင် တို့တက်လာလို့တော့ မင်းနာပြီမှတ်'

တစ္ဆေလတ်ကလည်း စိတ်ဆိုး မာန်ဆိုးနှင့် လှမ်းဟောက်သည်။

ဓားတစ္ဆေလေးက တုတ်တုတ်မျှမလှုပ်ဘဲ လဲနေရှာသည်။

မြင်းကြီး၏ခန္ဓာကိုယ်က ပိနေရာမှ တွန်းဖယ်တက်ကာ ထော့နဲ့ထော့နဲ့ဖြင့် ကျင်စွိလေးတက်ရောက်နေသည့် သစ်ပင် အောက်သို့ လျှောက်လာလေသည်။



'ဟင်း ဆင်းလာလို့ကတော့ ငါနဲ့တွေ့ပြီဟေ့'

သူ့စကားက အဆုံးမသတ်သေး ကျင်စွိလေးက သစ်ပင် ပေါ်မှခုန်ဆင်းလာ၏။

'ယိ'

'ဝုစ်....ဝစ်'

သို့သော် ကျင်စွိလေးက ဓားချက်နှစ်ချက်ကို ဝှေ့ယမ်းပြီး ခုန်ဆင်းလာခြင်းဖြစ်ရာ ထိုနှစ်ချက်စလုံးက အောက်တွင် စောင့်ကြိုနေကြသည့် တစ္ဆေညီနောင်၏ မြင်းများကို တစ်ချက်စီ ရှပ်ထိမှန်သွားကြသည်။

မြင်းနှစ်ကောင်စလုံး၏ လည်ပင်းများကို ထိမှန်သွားကြခြင်း ဖြစ်၏။

ထို့ကြောင့် မြင်းများမှာ ဘိုင်းခနဲနေအောင် ပစ်လဲကျသွား၏။ မြင်းများထက်မှ တစ္ဆေညီနောင်မှာလည်း မြေပြင်ပေါ်သို့ လွင့်စဉ်ကျရောက်ကုန်၏။

ဓားတစ္ဆေ ညီအစ်ကိုတစ်သိုက်မှာ ကျင်စွိလေး၏ ဓားချက်ကို ရှပ်ထိမှန် ခံရရုံနှင့် ခွန်အားကြီးမားလှသည့် သူတို့၏ မြင်းများမှာ တုံးခနဲ လဲကျသွားအောင် ဖြစ်ရသည့်မြင်ကွင်းကို မယုံနိုင်လောက်အောင် အံ့အားသင့် မှင်တက်မိနေခဲ့ကြကုန်သည်။

ကျင်စွိလေးအား ကလေးဆိုပြီး အထင်မသေးဝံ့ကြတော့ချေ။ အထီးကျန် ကျင်စွိကား သူ၏မြွေဓားကြီးကို ထမ်းကာ သူတို့ညီအစ်ကိုအား ထပ်မံတိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေခဲ့လေပြီ။

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

ဓားတစ္ဆေညီအစ်ကိုက လျပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်ခြင်းအား မြေခွေးကြီးနှင့် တားဆီးခုခံကာ ရှောင်တိမ်းထွက်သွားနိုင်ခဲ့၏။

ဒုစရိုက်ညီအစ်ကိုများကမူ ကလေးတစ်ဦးအား အနိုင်မတိုက်နိုင်ဘဲ သူတို့ချည်း ခံနေရသဖြင့် မကျေမနပ်ဖြစ်ကာ သဲသဲမဲမဲတိုက်ခိုက်ရန် ဆုံးဖြတ်လျက် အလစ်ကိုစောင့်ဆိုင်းနေကြသည်။

'လာကြဗျို့....ကျုပ်လေ့ကျင့်ချိန်ပျက်တယ်ဗျ၊ တိုက်မယ်ဆိုလဲ မြန်မြန်တိုက်ကြ၊ အရှုံးပေးတယ်ဆိုလဲ ဒီနေရာက မြန်မြန်ထွက်သွားကြ'

ကျင်စွံက စိတ်မရှည်သလို သိုင်းသမားကြီးများအား ပြောချလိုက်ရာ သူတို့၏မျက်နှာများမှာ မည်းခနဲဖြစ်သွားလျက် တစ်ဦးကိုတစ်ဦး ကြည့်ရှုပြီး ဦးခေါင်းကိုယ်စီ ညိတ်လိုက်ကြလေသည်။

'ဒီလောက်တောင်ဖြစ်လှတဲ့ မကောင်းဆိုးဝါးလေး၊ တိုက်ကြစမ်းကွာ၊ တောက်....'

ဓားတစ္ဆေကြီး ရန်ကြုံဟုတ်က ဒေါသဖြစ်ဖွယ် သူ့ညီများအား အမိန့်ပေးလိုက်၏။ ထို့ကြောင့် ဓားတစ္ဆေညီနောင်တစ်စုမှာ တစ်ပြိုင်နက်ဝင် ကျင်စွံလေးအား ဝိုင်းဝန်း တိုက်ခိုက်ကြပြန်သည်။

'ဟိတ်'



'ယား'

'ယေး'

'ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန်'

ဓားသံများက ခဏချင်းဆူညံစွာ ထွက်ပေါ်လာခဲ့သည်။ လူများမှာလည်း ခုန်လိုက် ပြောက်လိုက် ပူးလိုက် ခွာလိုက် လွှင့်လိုက် စည်လိုက်နှင့် လျင်မြန်စွာ လှုပ်ရှားနေကြတော့သည်။

[ ၂၀ ]

ကျင်စွံလေးမှာ အရွယ်နှင့်မလိုက်အောင် မြွေခါးကြီးကို ကိုင်စွဲကာ အနက်ရောင် ခါးသမားကြီးများကို ခုခံတိုက်ခိုက်နေခဲ့သည်။

သူ၏တိုက်ခိုက်ပုံမှာ လူငယ်လေးတစ်ဦးက တိုက်ခိုက်နေသည်နှင့်မတူ တကယ့်အဆင့်မြင့် ခါးသမားကြီးများ တိုက်ခိုက် သတ်ဖြတ်သည့် လှုပ်ရှားမှုမျိုးနှင့် ဖြစ်နေသောကြောင့် ခါးတစ္ဆေတို့ညီအစ်ကိုမှာ တိုက်ခိုက်ရင်း အံ့သြနေကြကုန်သည်။

သူတို့သည် ခါးတစ္ဆေခါးကွက်နှင့် ကျင်စွံအား ဝိုင်းဝန်းတိုက်ခိုက်ကြ၏။ သည်ခါးကွက်က သူတို့ညီအစ်ကို အားကိုးကြသော ခါးကွက်ဖြစ်သည်။

ရန်သူအား တစ်ယောက်ချင်း မတိုက်နိုင်လျှင် ထိုသို့ စုပေါင်းပြီး ဓားတစ္ဆေနှင့် လက်စသတ်လေ့ ရှိကြသည်။

ဓားတစ္ဆေက ရန်သူအား ထိတ်လန့်တုန်လှုပ်စေပြီး အမှားမှား အယွင်းယွင်း ဖြစ်စေနိုင်၏။

သုံးဖက်သုံးတန်မှ သံသေးသံကြောင် အော်ဟစ်ငြာသံ ပေးကာ ဓားကွက်များကိုလည်း တစ်ကွက်ပြီးတစ်ကွက် ပြောင်းကာ တစ္ဆေသရဲခြောက်သည့်သို့ ခြောက်လှန့်ကြတော့သည်။

'အူး အူး အူး'

'အီး အီး အီး'

'အား....အား....အား'

'ထန်....ထန်....ထန်'

သို့ရာတွင် သူတို့၏ လှည့်စားမှုအား ကျင်စွိလေးက မကြောက်မလန့်ဘဲ လျင်မြန်သွက်လက်စွာ တုံ့ပြန်တိုက်ခိုက်သည်။

ဓားတစ္ဆေညီအစ်ကိုကလည်း ပြင်းထန်စွာဓားချက်ပေါင်းများစွာနှင့် ဝင်ရောက်တိုက်ခိုက်သည်။

တစ်ကြိမ်ဝယ် ကျင်စွိလေးက ဓားတစ္ဆေလေးနှင့်ဓားတစ္ဆေလတ်အား ရင်ဆိုင်တိုက်နေစဉ်ခိုက် ဓားတစ္ဆေကြီးက နောက်မှ ရုတ်တရက် ခုန်ဝင်လာပြီး ဓားနှင့်ပိုင်းချလိုက်၏။

ထိုစဉ် ကျင်စွိလေးနားထဲသို့ စူးရှသော အသံကြီးတစ်ခုက ချက်ချင်းရောက်ရှိလာကာ မြည်ဟည်းလိုက်သဖြင့် ဖျတ်ခနဲ ဦးခေါင်းကို ငုံ့ချလိုက်မိသည်။



'ဝှီး'

ဓားတစ္ဆေကြီး၏ ဓားချက်မှာ သူ၏ ဦးခေါင်းဆံပင်မှ ပွတ်ကာသီကာ ဖြတ်သန်းသွားခဲ့သည်။

ထိုသည်နှင့်တစ်ပြိုင်နက် သူက လက်ပြန်ခုတ်လိုက်သော ဓားချက်ကလည်း အကြီး၏အလေလာတကြီး ဝင်ရောက်လာမှုကြောင့် ပခုံးစွန်းကို ရှပ်ပြီး ထိမှန်သွားခဲ့သည်။

'အ....အ....အ'

ထိသည်ဆိုရုံမျှလေးသာ ဖြစ်သည်။ အပေါ်ဝတ်ရုံအင်္ကျီသာ စုတ်ပြဲလျက် အသားအရေ၌ အနီစင်းကြောင်း ထင်းခနဲ ဖြစ်သွားသည်။

သို့သော် အကြီးခများ လေထက်မှ စုန်းခနဲပြုတ်ကျကာ မျက်ဖြူလန်ပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေရှာသည်။ ကျင်စွိလေးပင် အံ့သြငင်တက်မိသွားသည်။

ထိမှန်သော ဒဏ်ရာက ထိုသို့ဖြစ်သွားစရာအကြောင်း မရှိဟု ကျင်စွိလေး တွေးသည်။

ထို့ကြောင့် ပို၍ သေချာစေရန် အငယ်နှင့်အလတ်အား ဓားချက်များ အဆက်မပြတ် ပစ်သွင်းနေခဲ့သည်။

ညီအစ်ကိုမှာလည်း သူတို့၏ အစ်ကိုကြီးဖြစ်သူ၏ ဖြစ်အင်ကို တွေ့မြင်ထားသည်ဖြစ်ရာ ထိတ်လန့် ကြောက်ရွံ့စွာ အကြောက်အကန် ခုခံနေရှာလေတော့သည်။

ကျင်စွိလေးက တရကြမ်း လိုက်လံတိုက်ခိုက်သည်။ ညီအစ်ကိုကလည်း အထိအခိုက်မခံ လျင်မြန် သွက်လက်စွာ ရှောင်တိမ်း ပြေးလွှားသည်။

တစ်ကြိမ်မှာ ကျင်စွီက ယိမ်းယိုင်သွားသော အငယ်အား အပိုင်ခုတ်ချလိုက်ဖြစ်သည်။

ထိုဓားချက်က အငယ်၏ ခန္ဓာကိုယ်စလွယ်သိုင်းဖြတ်တောက် ခွဲခြမ်းသွားနိုင်မည့်ဓားချက်အကွက် ဖြစ်သည်။ သို့သော် အငယ်က ပေါ့ပါးစွာဖြင့် ပွတ်ကာသီကာ ကပ်၍ ရှောင်တိမ်းသွားနိုင်ခဲ့သည်။

'ဟဲ...ဟဲ...ဒါချိုး ဘယ်ရမလဲ ကောင်လေးရဲ့'

အငယ်က ပြောင်ရယ်လှောင်ပြောင် ပြောလိုက်သေးသည်။ ယင်းဓားချက်က အငယ်လေးနောက်မှ ကပ်လျက်ရှိသည့် သစ်ပင်၏ ပင်စည်အား ခုတ်ပိုင်းမိလေသည်။

'ဒုတ်'

ထူးဆန်းသည်ကား ထိုသစ်ပင်မှာ အဖြည်းဖြည်းပြိုလဲကျလာသည့်ပြင် အရွက်အသီးများလည်း ချက်ချင်း ညှိုးရော်ခြောက်သွေ့ ပိန်လှီသွားကြသည်ကို တွေ့ရှိရလေသည်။

'ဟာ...အံ့ဩစရာ ထူးဆန်းတဲ့ ဓားပဲ'

အငယ်က အံ့ဩစွာ ရေရွတ်လိုက်သည်။ ထိုသို့ သူက ရေရွတ်နေစဉ်မှာပင် ဓားကြီးက သူ့ထံ လျင်မြန်စွာ ရောက်ရှိလာသဖြင့် တစ်ဖက်သို့ ကမန်းကတန်း ရှောင်တိမ်းလိုက်သော်လည်း ကျင်စွီလေး၏ သူ့ရှောင်တိမ်းသည့် ဘက်သို့ဓားချက်ကိုရောက်ရှိသွားစေပြီးဆတ်ခနဲ အောက်သားလိုက်ရာ....

'အင့်'



သူ့ရင်ညွန့်သို့ ကျင်စွီလေး၏ ဓားဦးက လက်တစ်ဆစ်ခန့် စူးဝင်သွားတော့သည်။

အငယ်မှာ နောက်သို့ ကြောက်လန့်တကြား ခုန်ဆုတ်လိုက်သော်လည်း သူ့ခေါင်းထဲတွင် ရိပ်ခနဲဖြစ်သွားကာ နံဘေးသို့ ယိမ်းထိုးသွားသည်။

ထို့နောက် ခဏကြာအကြိုင်တွင်မှာ ဆိုင်းသွားလျက် လှုပ်မရ ယမ်မရဖြစ်ကာ ရှေ့ကိုဟပ်ထိုး လဲကျသွားတော့သည်။

မကြာမီ အငယ်ခမျာ သူ့အစ်ကိုကြီးကဲ့သို့ ဆန့်ငင်ဆန့်ငင်ဖြစ်လျက် ပါးစပ်မှ အမြှုပ်ထွက်ကျကာ ငြိမ်သက်သွားတော့သည်။ အငယ်မှာ မျက်လုံးအစုံ ပြူးကျယ်ပြီး ကျင်စွီလေး၏ ဓားကြီးကို ငေးကြည့်လိုက်မိသည်။

'ဟင်...မြွေခေါင်းနဲ့ ဓားကြီးပဲ၊ မြွေဆိပ်တက်ပြီး သေရတာသင်တယ်၊ ဒီအတိုင်း ဆိုရင် ငါလဲ ဒီမြွေဓားချက်နဲ့ သေသွားနိုင်တယ်၊ ငါ့အလှည့်မရောက်ခင် လစ်မှ ဖြစ်မယ်'

သူ့စိတ်ထဲ ထိုသို့ တွေးမိပြီး ဓားသွေ့လေးရန်အန်ဟိန်းမှ ထိုနေရာမှ သုတ်ခနဲ နောက်လှည့်ပြေးသတည်း။ သည်တော့မှ ကျင်စွီလေးသည်လည်း သူတော်စင်ဆရာကြီးကို သတိရကာ လှည့်ကြည့်မိလေသည်။

ကျောက်ဆင်ရုပ်ပမာ ရပ်နေလျက် ပုတ်ပွဲကို စောင့်ကြည့်နေသော သူတော်စင်ကြီးမှာ ထိုနေရာဝယ် မရှိတော့ချေ။

ကျင်စွီလည်း မည်သူမှ မရှိတော့သဖြင့် သူ၏ဓားကို သူ့အသေအချာ ပြန်လည်စစ်ဆေးကြည့်ရှုမိလေသည်။ သည်ဓား

သည့် ထူးခြားသော အစွမ်းသတ္တိကစ်ရပ်ပြုသည်အား သူသတိ ထားမိလေပြီ။

ထို့ကြောင့် အနီး၌ သစ်ပင်ကြယ်တစ်ပင်အား ရုတ်တရက် ခုတ်ပိုင်းချလိုက်သည်။ ယင်းသစ်ပင်မှာ ခါးလယ်ကျိုးပြီး တဖြည်းဖြည်း ယိုင်လဲကျလာ၏။

ထိုသည်နှင့်တစ်ပြိုင်နက် သူ၏ အခက်အရွက်များမှာလည်း မြေပေါ်သို့ ကျရောက်သည်နှင့် ချက်ချင်းပင် ညှိုးနွမ်းခြောက်ကျ သွားကြသည်ကို တွေ့ရသည်။

ကျင်စွံလေး မျက်မှောင်ကြုတ်ပြီး အခြားသစ်ပင်တစ် ပင်အား ဓားဦးနှင့် ပွဲ့ရုံ အသာခြစ်လိုက်ပြန်သည်။ ထိုသစ်ပင် မှာ သက်သည်းခွ မျှ ပွဲ့ရုံပွဲ့သွား၏။

ချက်ချင်းပင် အရွက်နှင့် အပွင့်များမှာ ညှိုးရော်နွမ်းလျ လျက် အပင်မှာလည်း မကြာမီ သေဆုံးသွားသော အနေ အထားသို့ ရောက်ရှိပြောင်းလဲသွားတော့သည်။

'ငါနဲ့ထိုက်လို့ရတဲ့ ဓါးနဲ့ သိုင်းလောကထဲမှာ တစ်နေ့ အဆင့်မြင့်တဲ့ သိုင်းသမားတစ်ယောက် ဖြစ်ရမယ်ကွ'

ကျင်စွံလေးမှာ ထိုဓားကြီးကို ကျေနပ် အားရစွာ နှုတ်ခမ်းနှင့်တေ့လျက် နမ်းရှုပ်လိုက်လေသည်။

ထိုအခါ သူ့တစ်ကိုယ်လုံးမှာ ကြက်သီးမွေးညှင်းထလာ ပြီး အားအင်များ တစ်စထက်တစ်စ တိုးတက်လာသည်သို့ ဖြစ်ပေါ် ခံစားလိုက်ရသည်။

'ဟေး....မြွေဓားရှင် ကျင်စွံတဲ့လား'



သူ့ကိုယ်သူ မာန်သွင်းလျက် မြွေဓားကြီးကို ဝှေ့ယမ်း ကာ ခုန်ပျံလိုက်ရာ သစ်ပင်ပေါ်သို့ ရုတ်တရက်ရောက်ရှိသွား တော့၏။

ထိုသစ်ပင်မှာ အလွန်မြင့်မားသည့် သစ်ပင်တစ်ပင်ဖြစ်လေ ရာ ကျင်စွံလည်း သစ်ပင်ထိပ်ဖျားသို့ လျင်မြန်သွက်လက်စွာ ဆက်လက်တက်သွားခဲ့လေသည်။

သင်ပင်ဖျားသို့ရောက်မှ အထီးကျန်တောစပ်အား လှမ်း မျှော် ကြည့်ရှုလိုက်လေလျှင် တောထဲမှ ကြောက်မွှံထိတ်လန့် စွာ ထွက်ပြေးနေရှာသည့် ရန်အန်ဟိန်းအား သေးငယ်စွာ တွေ့ရှိရလေတော့သည်။

ဟား ဟား ဟား မြွေဓားရှင် ကျင်စွံအကြောင်း သိုင်းလောကမှာ ကြိုတင်လွှင့်နှင့်ဗျို

## ၂၀

## အထီးကျန်တောမှ ကျင်စွိသို့မဟုတ် ပိုင်းမသာကမှ မြွေခေါင်းရှင်

အထီးကျန်တောမှ ကျင်စွိလေးမှာ အပါ ဖြောင်ဝတ်စုံဝတ် သူတော်စင်ကြီး၏ အိပ်မက်ထဲ၌ လာရောက်သင်ကြားမှုဖြင့် သိုင်းပညာရပ်များကို အဆင့်မြင့်သိုင်းသမားတစ်ဦးနှယ် တတ်မြောက် ကျွမ်းကျင်လာခဲ့သောကြောင့် တစ်စထက်တစ်စ နာမည်ကျော်ကြား ထင်ရှားလာခဲ့၏။

အထူးသဖြင့် ကျင်စွိလေး ကိုင်စွဲသည့် မြွေခေါင်းကြီး၏ အစွမ်းအာနိသင်ကိုလည်း လက်တွေ့ မြင်ဖူးသူများကြောင့် အထီးကျန်တောအုပ်သို့ ရုတ်တရက် မဝင်ရောက်လာ ကြဘဲ ရှောင်ရှားကြကုန်သည်။

အနဲစွန့် ဝင်ရောက်ကျူးကျော်လာသူများမှာလည်း ကျင်စွိလေး၏ မြေခြားနှင့် ရင်ဆိုင်တိုက်ကြရပြီး အရှုံးပေးသွက် ပြေးခဲ့ရသည်ချည်း ဖြစ်သည်။

သို့ဖြင့် သူ၏ အထီးကျန်ကျင်စွိနာမည်မှာတဖြည်းဖြည်း ပျောက်ကွယ်လျက် မြေးခြားရှင် ကျင်စွိဟူသည့် နာမည်သာ တစ်စထက်တစ်စ လူသိများလာခဲ့လေသည်။

ကျင်စွိမှာလည်း အသက်အရွယ်အားဖြင့် လူပျိုပေါက် အရွယ်ဝင် ဆယ့်ခြောက်နှစ်ခန့် ရှိလာခဲ့တော့သည်။

တစ်နေ့တွင် အိပ်မက်ထဲ၌ ရောက်ရှိလာတတ်သည့်သူတော်စင်ကြီးက သူ့အား သိုင်းပညာသင်ကြားပေးရင်း နှုတ်မှ စကားတစ်ခွန်း ကို ပြောကြားခဲ့လေသည်။

သူတော်စင်ကြီးအား စတင်တွေ့ဆုံခဲ့သည်မှ ယခုချိန်ထိ ပထမဦးဆုံး ကြားခဲ့ရသော စကားတစ်ရပ်လည်း ဖြစ်လေသည်။

ယခင်က သူတော်စင်ကြီးထံမှ ပြောကြားခဲ့သော စကားသံတို့ကို သူ မကြားနိုင်ခဲ့သလို နားလည်း မလည်ဖြစ်ခဲ့ရသည်။

ယခုမူ သူတော်စင်ကြီး က သူ့အား နားလည်သော စကားနှင့် ပြောကြားသည့်ပြင် သူ့နားနှင့်လည်းဆတ်ဆတ်ကြားခဲ့ရခြင်း ဖြစ်သည်။

'ကဲ....လူလေး အဘိုး မင်းကို စကားတစ်ခွန်းပြောမယ်၊ နားထောင်လော့၊ ဒီနေ့ကစပြီး မင်းဟာ မင်းခြေထောက် မင်း ရပ်ရတော့မယ်ကွယ့်၊ သိုင်းပညာရပ်တွေကို အဘိုး



သင်ကြားပေးခဲ့တာလဲ စုံလင်သင့်သလောက် စုံလင်ပြီလေ၊ ဒီနေ့ဟာ မင်းနဲ့အဘိုး တွေ့ဆုံခြင်းနောက်ဆုံးနေ့ပ ါပဲ၊ အသက် ဆယ့်ခြောက်နှစ်ပြည့်ပြီးဖြစ်တဲ့ လူလေးဟာ လူတောထဲတိုးနိုင်တဲ့ အခြေအနေတစ်ခုကို ရခဲ့ပြီ မဟုတ်လား။

'ဒါကြောင့် သိုင်းလောကထဲမှာ လူတစ်လုံးသူတစ်လုံး အဖြစ်နဲ့ ရပ်တည်နိုင်အောင် ကြိုးစားပေတော့၊ အဘိုး လူလေးကို နှုတ်ဆက်ခဲ့ပ ါတယ်ကွယ်'

ထိုသို့သော စကားကို ကြားရသော ကျင်စွိမှာ အံ့ဩမှင်တက်မိနေရာမှ အလွန်မှလည်း ဝမ်းနည်းကြေကွဲခဲ့ရရှာသည်။

နှစ်ပေါင်းများစွာ သူ့အား အိပ်မက်ထဲမှတစ်ဆင့် သိုင်းပညာများကို သင်ကြားပေးနေခဲ့သော သူ၏လက်ဦးဆရာ မဟုတ်ပ ါလား။

ထို့ကြောင့် သူသည် ဝမ်းနည်းသည့် စကားအချို့နှင့် ကျေးဇူးတင်သည့် စကားများကို တုံ့ပြန် ပြောကြား ခဲ့လေသည်။

'ဆရာကြီးခင်ဗျာ....ကျွန်တော်ဟာ ဆရာကြီးရဲ့ တပည့်ရင်းတစ်ဦး ပီသစွာ သင်ကြားပေးတဲ့ သိုင်းပညာရပ်များကို ကြိုးစား လေ့ကျင့်ခဲ့ပ ါတယ်ခင်ဗျ။

'အသက်ဆယ်နှစ်သားအရွယ်မှ ခု ဆယ့်ခြောက်နှစ် အရွယ်အထိ ဆရာကြီး၏ သင်ကြားပြသမှုက ကျွန်တော့်အပေါ် မဆပ်နိုင်လောက်အောင် ကြီးမားတဲ့ကျေးဇူးများ တင်ရှိနေ

ခဲ့ပါတယ်၊ ဒါကြောင့် ဆရာကြီးကို ဂါရဝပြု ပူဇော်ခွင့်ပြုပါ ဆရာကြီး'

'အိမ်း...ကောင်းပါလေ့ လူလေးရယ်'

သူတော်စင်ဆရာကြီးက ဦးခေါင်းတညိတ်ညိတ်နှင့် ခွင့်ပြုသဖြင့် ကျင်စွံမှာ မြွေဆေးကြီးကို ဘေးဦးချလျက် ထိုင်၍ ရှိခိုးသမှုပြု၏။

သူတော်စင်ကြီးကလည်း သူ့အား ကြင်နာစွာ ဦးခေါင်းမှ ဆံပင်ကို ပွတ်သပ်ရင်း နိမိတ်ပေးပြန်၏။

'လူလေးဟာ တစ်နေ့မှာ မြွေဆေးရှင် သိုင်းသမား လူစွမ်းကောင်းအဖြစ် ထင်ရှားကျော်ကြားလာလိမ့်မယ်ကွယ်၊ အဲ... ထာဝရ အမှန်တရားဘက်က ရပ်တည်ဖို့တော့ အတိုး သတိပေး မှာပါရစေနော်၊ အဲဒါကိုတော့ ဘယ်သောအခါမှ မမေ့စေနဲ့၊ ကြားလားကွယ့်'

'ကြားပါတယ် ဆရာကြီး၊ လိုက်နာဖို့လဲ ကျွန်တော် ကတိပေးပါတယ်ခင်ဗျာ'

'အိမ်း...ကောင်းတယ် ကောင်းတယ်'

ထို့နောက် ကျင်စွံသည် အိပ်ပျော်ရာမှ လန့်နိုးလာခဲ့လေသည်။ အိမ်မက်ထဲမှ သူတော်စင်ဆရာကြီး၏ နှုတ်ဆက် ထွက်ခွာသွားခြင်းကို အမှတ်ရသောအခါ ဝမ်းနည်းပက်လက်နှင့် သူငိုကြွေးမိ၏။

အမှန်တကယ်လည်း ထိုနေ့မှ စလျက် သူတော်စင်ကြီးမှာ သူ့အိပ်မက်ထဲသို့ ပြန်လည်၍ ရောက်မလာခဲ့တော့ချေ။



သို့သော်လည်း ကျင်စွံလေးမှာမူ ရက်ပေါင်းများစွာ ရောက်မလာခဲ့သည့် သူတော်စင်ဆရာကြီးအား မျှော်နေမိသေးသည်။

နောက်ဆုံးတော့ သူတော်စင် ဆရာကြီး မှာကြားခဲ့သည့် အတိုင်း အထီးကျန် တောအုပ်အား စွန့်ခွာလျက် သိုင်းလောကထဲ၌ ကျင်လည်ရန် မြို့သို့ ထွက်ခွာခဲ့တော့သည်။

## [ ၂၂ ]

မြေခြားရှင် သိုင်းသမား လူငယ်လေး ကျင်စွိ သည် တောတွင်းသား တစ်ဦးအဖြစ် မြို့တစ်မြို့သို့ ရောက်ရှိလာခဲ့လေသည်။

သူရောက်ရှိခဲ့သည့် မြို့လေးကား တရုတ်ပြည် မြောက်ပိုင်း၌ ဒုစရိုက်သိုင်းသမားများ လွှမ်းမိုးသည့် ဝံပုလွေမြို့ပင် ဖြစ်လေသည်။

ယင်းဝံပုလွေမြို့မှာ ခရီးလမ်းဆုံ ကျရောက်သော မြို့တစ်မြို့ ဖြစ်သောကြောင့် ရောင်းဝယ် ဖောက်ကားသူများနှင့် စည်ကားသော မြို့ဖြစ်၍ လူစိမ်း ဧည့်သည်များလည်း ဥဒဟို ဝင်ထွက်သွားလာသည့် ဒေသဖြစ်၏။

ထို့ကြောင့် ဒုစရိုက် သိုင်းသမားများ ကျက်စားကာ အနက်ရောင် သိုင်းလောကမှ ကြီးစိုး ခြယ်လှယ်ခြင်းကို ခံနေရ၏။ ကုန်သည်ပွဲစား အရောင်းအဝယ် စီးပွားရေးသမားများကို အနိုင်ကျင့် ဗိုလ်ကျကာ မင်းမူလျက် ရှိ၏။

သူတို့ ဒုစရိုက် သိုင်းသမားများအား အန်တုပြိုင်ဖက်လာလျှင်လည်း အပျောက် ရှင်းပစ်တတ်သည့် အလေ့အထလည်း ရှိသူဖြစ်သော ချည်သည်များအား ကြောက်ရွံ့၍ တုန်လှုပ်နေသည်။

သို့ဖြင့် ဒုစရိုက် သမားများ၏ ထင်တိုင်းကြဲ ကျက်စားနေထိုင်ခြင်းကို ရှောင်ကြဉ် သွားလာကြရသည်။ ဝံပုလွေမြို့လယ်ကောင်၌ ဈေးတစ်ဈေးရှိသဖြင့် စည်ကားလှသကဲ့သို့ စားသောက်ဆိုင်များမှာလည်း ပေါများလှသည်။

အများအားဖြင့် စားသောက်ဆိုင်များမှာ အရက်နှင့်တွဲရောင်းသော ဆိုင်များသာ ဖြစ်၏။

အချို့ ဆိုင်များ၌မူ အရက်တွင် မကဘဲ လောင်းကစားဝိုင်းများပါ ပူးတွဲ ဖွင့်လှစ်ထားကြ၏။

ထို့ကြောင့် ဝံပုလွေမြို့၏ မြို့လယ်ကောင် စားသောက်ဆိုင်များမှာ အစဉ်အမြဲ စားသောက်သူများ၊ လောင်းကစားသူများဖြင့် စည်ကားနေတတ်သည်။

တောတွင်းသား မြွေဓားရှင် ကျင်စွံ ရောက်ရှိသွားသောအခါ၌ ထိုမြို့၌ ဒုစရိုက်သိုင်းသမားများ၏ ခေါင်းဆောင်ဆရာကြီး ကျောက်လက်ဝါး ဟိုကွမ်းချင် တစ်ယောက်က



နောက်လိုက်များနှင့် 'ခေါင်းငုံ့ပါ' စားသောက်ဆိုင်တွင် သောက်စား ပျော်ပါးနေစဉ် ဖြစ်သည်။

သူတို့ဝိုင်းတွင် လက်နက်မျိုးစုံ ကိုင်ဆောင်ထားသည့် ဒုစရိုက် သိုင်းသမားများမှာ ကြောက်မက်ဖွယ်ကောင်းသည့် မျက်နှာအသီးသီးဖြင့် အရက်သေစာ သောက်စားလျက် ဆူညံနေကြသည်။

ထို 'ခေါင်းငုံ့ပါ' စားသောက်ဆိုင်သည် လောင်းကစားဝိုင်းများပါ ပူးတွဲ ဖွင့်လှစ်ထားသော ဆိုင်တစ်ဆိုင်ဖြစ်လေသည်။

ဆိုင်ရှင်ဖြစ်သူမှာလည်း ကျောက်လက်ဝါး ဟိုကွမ်းချင်တို့လူစုကို ကြောက်ရွံ့ရသည့် ဝက်ဖြူကြီး ကျင့်တိတ်ဆိုသူ ဖြစ်သည်။

ဝက်ဖြူကြီး ကျင့်တိတ်ကား ဝက်ကြီးတစ်ကောင်ကဲ့သို့ သူ့ဗိုက်ကြီးမှာ ဖောင်းပွ ကြီးမားလှန်းသဖြင့် လူအများက ဝက်ဖြူကြီးဟူ၍ တင်စား ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

သို့သော် ကျင့်တိတ်မှာ စားသုံးသူများအား အလိုက်အထိုက် ဆက်ဆံနေရသူ ဖြစ်၍ ကျောက်လက်ဝါး တို့၏ ဆူညံ အော်ဟစ်နေခြင်းကို မတားဆီးဝံ့အောင် ဖြစ်နေရရှာသည်။

ထိုအချိန်၌ မြွေဓားရှင် ကျင်စွံမှာ တောဆောင်း မြက်ဦးထုပ်ပြားလေး ဆောင်းကာ မြွေဓားကြီးကို လွယ်လျက် ဆိုင်ထဲသို့ တိတ်ဆိတ်စွာ ဝင်ရောက်လာခဲ့၏။

သူ့မျက်လုံး အစုံမှာမူ တောတွင်းရှိ သားရဲတစ်ကောင်၏ မျက်လုံးအစုံကဲ့သို့ ဆိုင်တွင်းရှိ လူအများကို အကဲခတ် လေ့လာပြီး သတိနှင့် ဝင်ရောက်လာခြင်း ဖြစ်သည်။

တကယ်တော့ ငယ်စဉ်ကတည်းကမှ လူ့ပတ်ဝန်းကျင်အား ရွံမုန်းပြီး ရှောင်ကြဉ်ခဲ့သော အထီးကျန်ကျင်စွံလေး တစ်ယောက်ဖြစ်သောကြောင့် လူများ၏ စရိုက်အချို့၊ အပြုအမူအချို့များကို သူဘဝင်မကျစရာများအဖြစ် ဆုံတွေ့ရလေ့ရှိသည်။

ယခုလည်း သူက 'ခေါင်းငုံ့ပါ' စားသောက်ဆိုင်တွင်းသို့ ငြိမ်သက်တိတ်ဆိတ်စွာ ခေါင်းငုံ့ ဝင်ရောက်လာမိသည်။ အမြင်မတော် ဘဝင်မကျစရာများ ဆုံတွေ့ရမည် စိုးသောကြောင့် ဖြစ်၏။

ထို့ကြောင့် ဆိုင်၏ချောင်ကျသော ထောင့်ဆုံးနေရာလွတ် စားပွဲတစ်လုံး၌ သွားရောက်ထိုင်ကာ ခေါက်ဆွဲတစ်ပွဲမှာကြားလိုက်သည်။

'ခေါက်ဆွဲကြော်တစ်ပွဲ အမြန်ဆုံး လုပ်ပေးပါဗျ၊ ကျွန်တော် ဆာလောင်နေလို့ပါ'

'ရပါတယ် သူငယ်၊ ချက်ချင်းယူလာခဲ့ပါ့မယ်'

ဆာလောင် မွတ်သိပ်နေသဖြင့် စားပွဲထိုးအား ခပ်လော လော မှာလိုက်မိသည်။ စားပွဲထိုးမှာ အသက်ခပ်ကြီးကြီး ဖြစ်၍ မှာကြားမှုအား ရည်မွန်စွာ ဖြေကြားရင်း မီးဖိုဘက် သို့ ထွက်ခွာသွား၏။



ထိုအခါ ခေါက်ဆွဲကြော်ကို စောင့်မျှော်လျက် ကျင်စွံ ဆိုင်တွင်းသို့ မျက်လုံးဝေ့ကာ အကဲခတ်လိုက်မိသည်။

ငွေသိမ်းသည့်စားပွဲခုံ၌ ဝဖိုင့်သောဝက်ဖြူကြီး ကျင့်တိတ် က မျက်လုံးအစုံကို ကျီးကန်းတောင်းမှောက် ကြည့်ရှုလျက် စားသောက်သူများ၏ လိုအပ်မှုများကို ဖြည့်ဆည်းနိုင်ရန် ညွှန်ကြားနေသည်ကိုတွေ့ရသည်။

စားသောက်ဆိုင်အလယ်ဗဟို စားပွဲဝိုင်းဝယ် ကျောက်လက်ဝါး ဟိုကွီးချင်ဦးဆောင်ကာ အရက်များ၊ အမြည်းများ စားသောက်ဖွယ်ရာများ ပြည့်လျှံနေအောင် မှာကြား စားသောက်လျက် ဆူညံနေကြသည်။

အခြားစားသောက်သူများမှာ ကျောက်လက်ဝါးဟိုကွီးချင်တို့ လူစုနှင့် ခပ်ခွာခွာ ခပ်လန့်လန့်ဖြင့် စားသောက်နေခဲ့ကြလေသည်။

စားသောက်ဆိုင်အတွင်းရှိ လူများအနက် သိုင်းသမား တစ်ဝက်ခန့်သာဝင်သဖြင့် လက်နက်များကိုယ်စီ ဆောင်ထား လွယ်ထားကြလေသည်။

ထိုသူများ အထဲတွင် ကျင်စွံလည်း ပါဝင်မည် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မြွေဓားရှင် ကျင်စွံမှာ သူ၏ မြွေဓားကြီးအား လက်တစ်ဖက်ဖြင့် ခါးလယ်မှ ကိုင်ထားခဲ့ လေသည်။

ဓားအိမ်မရှိသဖြင့် လွယ်လည်းမလွယ် ချိတ်လည်းမချိတ် ဘဲ ဓားချည်းသက်သက်ကိုသာ ကိုင်ဆောင်လာခဲ့၏။

စားပွဲ၌ထိုင်သောအခါ စားပွဲပေါ်ဝယ် မြွေခါးအား တင်ထားလိုက်လေသည်။

မကြာမီ သူမှာကြားထားသည့် စားပွဲထိုးမှာ သူ့အတွက် ခေါက်ဆွဲကြော်ပန်းကန်ကို ယူဆောင်လာသည်ကို တွေ့ရှိရလေသည်။

သူကလည်း စားသောက်ရပြီဟုထင်မှတ်ကာ တူနှစ်ချောင်းကို စားပွဲအလယ်မှယူလိုက်ပြီး လက်သုတ်ပဝါနှင့် သုတ်နှင့်ခဲ့လေသည်။

ထိုစဉ် စားပွဲထိုးမှာ ခေါက်ဆွဲပန်းကန်ကို ကိုင်လျက် ကျောက်လက်ဝါး ဟိုကွီးချင်တို့၏စားပွဲအနီး ရောက်ရှိလာခဲ့သည်။

ထိုစားပွဲကြီးကို ဖြတ်သန်းလာခဲ့ပြီးမှ ထောင့်အကျဆုံးနေရာရှိ ကျင်စွီစားပွဲသို့ ရောက်ရှိမည် ဖြစ်လေသည်။

ရုတ်တရက် သူ၏မျက်လုံးအစုံက မြင်ကွင်းတစ်ခုကိုတွေ့ရှိလိုက်သဖြင့် မျက်လုံးနှစ်လုံး ပြူးကျယ်သွားသလို ပါးစပ်မှလည်း အာမေဋိတ်သံ ထွက်သွားရလေသည်။

'ဟင်'

မြင်ကွင်းမှာ သူ့အတွက် ခေါက်ဆွဲကြော် ယူဆောင်လာသော စားပွဲထိုးအား ကျောက်လက်ဝါး ဟိုကွီးချင်စားပွဲမှ နှုတ်ခမ်းမွေးသဲ့သဲ့နှင့် သိုင်းသမားတစ်ဦး၏ ခြေတစ်ဖက်က ထွက်လာပြီး ကန့်လန့်ထိုးလိုက်သဖြင့် စားပွဲထိုးခမျာ ကြမ်းပြင်ဝယ် မှောက်လျက် လဲကျသွားရှာသည့် မြင်ကွင်း ဖြစ်လေသည်။



'ဟား ဟား ဟား'

'ဟား ဟား ဟား'

စားပွဲထိုးမှာ ခေါက်ဆွဲဖတ်များ သူ၏ မျက်နှာနှင့် ဦးခေါင်းများပေါ်တွင် တင်လျက်ရှိသဖြင့် ရယ်မောစရာဖြစ်နေလေရာ ကျောက်လက်ဝါး ဟိုကွီးချင်၏လူများက ဝိုင်းဝန်း ရယ်မောကြသည်။

သို့သော် စားပွဲထိုးခမျာ မည်သို့မှ တုံ့ပြန်မပြောရဲပေ။ ထို့အတူ ဆိုင်ပိုင်ရှင် ဝက်ဖြူကြီး ကျင့်တိတ်ကလည်း ကျောက်လက်ဝါးတို့ အုပ်စုအား မည်သို့မျှ မဟန့်တားဝံ့ချေ။

မြွေခါးရှင် ကျင်စွီလေးမှာ မျက်မှောင်ကြုတ်သွားမိသည်။ ထိုစဉ် ဝက်ဖြူကြီး ကျင့်တိတ်က လှမ်းအော်လိုက်သည်။

'ကဲ....ကျင့်ဖို၊ သမီးပဲ ခေါက်ဆွဲ ထပ်ပြီး ပို့ပေးလိုက်ပါကွယ်'

သို့နှင့် သူ့အရွယ်ခန့်ရှိ မိန်းကလေးတစ်ဦး မီးဖိုဘက်မှ ခေါက်ဆွဲကြော်ခွက်ကို ကိုင်ကာ သုတ်လက်စွာ ထွက်လာသည်ကို တွေ့ရှိရပြန်သည်။

ကျင်စွီမှာ စိတ်ထဲ စနိုးစနောင့်ရှိနေမိရာက သူ့အတွက် ခေါက်ဆွဲကြော်ထပ်ယူလာသဖြင့် ထရပ်နေရာမှ ထိုင်လိုက်မိပြန်သည်။

သို့ရာတွင် ထိုင်လို့မှ ဖင်မကျသေး ဝုန်းခနဲ အသံကြားသဖြင့် လှမ်းကြည့်လိုက်ရာ ခေါက်ဆွဲခွက်နှင့် မိန်းကလေးမှာ

ကြမ်းပြင်ပေါ်ဝယ် ပိုးလိုးပက်လက် လန်နေသည်ကို တွေ့ရပြန်ပါ၏။

ခေါက်ဆွဲဖတ်နှင့် မိန်းကလေးခမျာ လုံးထွေးနေသည်အား ကျောက်လက်ဝါးတို့လူစုက ရယ်မောလှောင်ပြောင်နေသည်။

'ဟား ဟား ဟား'

'ဟဲ ဟဲ ဟဲ ဒီကိုလာဟေ့ ညီမလေး၊ တို့များထူပေးမယ်ကွ ဟီး ဟီး'

'မိန်းကလေးကလဲ တယ်ငေးတာကိုးကွ၊ တို့ဝိုင်းမှာ မင်းအဆက် ရှိနေပြီထင်တယ် ဟုတ်လား'

ထိုသို့ တစ်ယောက်တစ်ပေါက်နှင့်ဝိုင်းဝန်းလှောင်ပြောင်နေကြသဖြင့် မိန်းကလေးခမျာ မျက်နှာကြီးနီရဲပြီး ရှက်ရွံ့နေရာမှ ရုတ်တရက် ထရပ်လျက်...

'လူယုတ်မာတွေ ခြေထောက်နဲ့လဲ ထိုးခံသေးတယ် လူကိုလဲ နောက်ပြောင် စော်ကားသေးတယ်၊ ဟဲ...'

လက်ထဲတွင် ခေါက်ဆွဲဘစ်ဖတ်မှမကျန်သော ပန်းကန်နှင့်ပစ်ပေါက်လိုက်ရာ ကျောက်လက်ဝါးတို့ လူစုမှ အရက်သမားတစ်ဦး၏ ဦးခေါင်းကိုထိမှန်၍ လက်တစ်ဝါးခန့်အလိုတွင် ကျောက်လက်ဝါးက သူ၏လက်ဝါးကြီးနှင့် လျင်မြန်စွာ ဖိုက်ချလိုက်၍ သာ ထိုလူ ဦးခေါင်း ကွဲမသွားခြင်း ဖြစ်သည်။

'ခွမ်း'



ခေါက်ဆွဲပန်းကန်မှာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေ၍ လွင့်စဉ်သွား၏။ ပန်းကန်အပေါက်ခံရသော သိုင်းသမားမှာ စိတ်ဆိုးသွားပြီး မိန်းကလေး၏လက်အား ရုတ်တရက် ဖမ်းဆီးလိုက်ကာ ...

'မင်းလားကွ ငါ့ကို ပန်းကန်နဲ့ပေါက်တာ၊ လာစမ်းဟေ့'

သူ့ရင်ခွင်ထဲ အတင်းဆွဲသွင်းလိုက်လေသည်။

'အမေ့'

မိန်းကလေးမှာ ကြောက်လန့်တကြား အော်ဟစ်ပြီး အမူးနေသည့် သိုင်းသမား၏ ရင်ခွင်ကြားသို့ ရောက်ရှိသွား၏။

## ၂၇

ဆိုင်ပိုင်ရှင် ဝက်ဖြူကြီး ကျင့်တီတ်၏မျက်နှာမှာ ဒေါသများဖြင့် နီရဲလျက် ကျောက်လက်ဝါး ဟိုကွီးချင်တို့ လူစုရှိရာ အရက်ဝိုင်းထဲသို့ လျင်မြန်စွာ ရောက်ရှိလာလေ၏။

'ဒါ ဒါ ကျုပ်သမီးလေးပါခင်ဗျာ၊ စား စားပွဲထိုးတဲ့ မိန်းကလေး မဟုတ်ပါဘူး၊ ချမ်းသာပေးပါ ခင်ဗျာ'

ထို့နောက် ပျာပျာသလဲ တောင်းပန်ရှာ၏။

'ဘယ်သူ့သမီးပဲ ဖြစ်ဖြစ်ဗျ၊ ကျုပ်ကိုစော်ကားတဲ့ ဟာမကို ဆုံးမပစ်ရမယ်၊ ခင်ဗျားကြီး မသေချင်ရင် ငြိမ်ငြိမ်နေ၊ ဝင်မပါနဲ့ သွားစမ်း'

ထိုသိုင်းသမားက လက်တစ်ဖက်နှင့် ဝက်ဖြူကြီး ကျင့်တိတ်အား ဆောင့်တွန်းပစ်လိုက်သဖြင့် ဆိုင်ရှင်မှာ ကြမ်းပြင်ထက် ဖင်ထိုင်ကျသွားတော့၏။

'ဟား ဟား ဟား'

ပုံပျက်ပန်းပျက် လဲကျသွားသော ကျင့်တိတ်အားငုံ့ကြည့်၍ ရယ်မောကြပြန်သည်။ ပြီးတော့ မိန်းကလေး၏ အပေါ်အင်္ကျီအား လက်ကြမ်းကြီးဖြင့် ဆွဲဆုတ်ချလိုက်သည်။

'အို'

မိန်းကလေးထံမှ ရှက်ရွံ့သည့် အသံနှင့်အတူ အတွင်းခံအင်္ကျီသာ ကျန်တော့သော ကိုယ်အထက်ပိုင်းအား လက်နှစ်ဖက်နှင့်ယှက်ကာ ကွယ်ဝှက်ထားရရှာ၏။

'ဟဲ ဟဲ ဟဲ မင်းက ငါ့ကို ပန်းကန်နဲ့ ပေါက်ခဲ့ပေမယ့် ငါက မင်းရဲ့ ပန်းနဲ့ပေါက်တာပဲ ခံချင်တယ်ကွ၊ နားလည်လား'

သူ့မျက်လုံးတို့က ဝင်းလက် တောက်ပြောင်လာကာ မိန်းကလေး၏ တစ်ကိုယ်လုံးအား သိမ်းကျုံး ကြည့်ရှုပြီး ပြောလိုက်သည်။

'ထွီ'

'ဖြန်း'

မိန်းကလေးက ထိုသိုင်းသမား၏ မျက်နှာအား တံတွေးနှင့် ထွေးထည့်လိုက်သောကြောင့် သူက သူမ၏ပါးပြင်ကို လက်ပြန်ရိုက်ချလိုက်ခြင်း ဖြစ်၏။



မိန်းကလေးမှာ ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားရှာ၏။ သိုင်းသမားက ဒယီးဒယိုင်နှင့် ထလာကာ မိန်းကလေးအား ထပ်မံ ကန်ကျောက်ရန် ဟန်ပြင်သည်။

'မင်း သေဖို့သာ ပြင်ပေတော့ ဟင်း'

မျက်နှာမှ ပေကျံနေသည့် တံတွေးများကို လက်ဖမိုးနှင့် သုတ်ပစ်ရင်း ဒေါသဖြစ်စွာ ကြိမ်းဝါးလာ၏။

ဝက်ဖြူကြီးကျင့်တိတ်က ထိုသိုင်းသမားအား တားဆီးဖို့ ကြိုးစားရာ သိုင်းသမားက ခြေထောက်နှင့် လှမ်းခတ်လိုက်သဖြင့် အီးခနဲ အော်ကာ ဗိုက်ကိုနှိပ်လျက် ငိုက်ကျသွားပြန်သည်။

ထို့နောက် သိုင်းသမားမှာ မိန်းကလေးအား ဆက်လက်ကန်ကျောက်ရန် ခြေထောက်ကို မြှောက်လိုက်စဉ် ရုတ်တရက် လှုပ်ရှားမှုတစ်ခုက သူ့ထံသို့ ရိပ်ခနဲ ရောက်ရှိလာလေသည်။

သို့သော် သူက လျင်မြန်လှသော ထိုလှုပ်ရှားမှုများအား မခုခံနိုင်ခဲ့ဘဲ သူ၏ခြေထောက်တွင်သာ ဖြောင်းခနဲ အသံမြည်သွား၍ ပူခနဲဖြစ်ကာ ခွေလဲကျသွားသည်။

'အ အ အ'

နှုတ်မှလည်း နာကြည်းစွာ ညည်းညူနေမိတော့သည်။ ပြီးတော့ သူက ရှေ့မှရန်သူအား မော့၍ကြည့်လိုက်မိ၏။

မြွေခေါင်းရှင် ကျင်စွံက မြွေခေါင်းကြီးကို ခါးလယ်မှ ကိုင်စွဲလျက် မျက်ဦးထုပ်ပြားကြီးကို ခပ်ငိုက်ငိုက် ဆောင်းကာ သူ့အား ငုံ့ကြည့်နေသည်ကို တွေ့ရှိရလေသည်။

'ကိုယ့်အသားထိတော့ နာတတ်သလားဗျ'

မြေခွေးရှင် ကျင်စွံ၏စကားကြောင့် လဲနေသော သိုင်းသမားမှာ မျက်တောင်ကြီးနီလျက် မော့ကြည့်နေရာမှ သူ့လူများဘက်သို့ လှည့်ကြည့်ကာ အကူအညီ တောင်းလိုက်သည်။

ကျောက်လက်ဝါးဟိုကွမ်းချင်က ဒေါသဖြစ်စွာ ကျောက်စားပွဲကြီးအား ရိုက်ချလိုက်ပြီး မတ်တတ် ထရပ်လာသည်။

'ဝုန်း'

ကျောက်စားပွဲကြီးမှာ ကျောက်လက်ဝါး ရိုက်ချက်ကြောင့် ကွဲကြေလျက် ပြိုကျသွားတော့၏။

'ဟေ့ကောင်လေး....မင်းက ဘယ်သူလဲကွ'

'ကျုပ် အထီးကျန်တောင က မြေခွေးရှင် ကျင်စွံ'

'ဟေ'

ကျောက်လက်ဝါးကြီးနှုတ်မှ အံ့ဩ တွေဝေသွားဟန်နှင့် အာမေဋိတ်သံတစ်ချက် ထွက်ပေါ်လာပြီး သူ့လူများဘက်သို့ လှည့်ကြည့်၏။

သူ့နောက်လိုက်များကလည်း ကြားဖူးသလိုလိုမျက်နှာမျိုးများဖြင့် သူ့အား ပြန်လည်ကြည့်ရှုကြသဖြင့် မျက်နှာကြောကို ပြန်တင်းလိုက်ကာ ကျင်စွံအား ခပ်ထန်ထန် ခြိမ်းခြောက်လိုက်ပြန်သည်။

'ကျောက်လက်ဝါး ဟိုကွမ်းချင်ဆိုတဲ့ နာမည်ကို မကြားဖူးဘူးလားကွ၊ မင်း....'

'ကျုပ် ဂရုမစိုက်ဘူး'

'ဘာကွ'



ကျောက်လက်ဝါးနှင့် သူ့လူများမှာ မြေခွေးရှင် ကျင်စွံ နာမည်အား ကြားဖူးသလိုလိုရှိသဖြင့် အနည်းငယ် ကိုယ်ရှိုး သတ်သွားကြသော်လည်း မျက်နှာထားကိုမူ မာထန်နေဆဲ ရှိကြသည်။

ကျောက်လက်ဝါး ဟိုကွမ်းချင်မှာ သူ့အားဂရုမစိုက်ဟူ၍ အပြောခံရသဖြင့် အလွန်ဒေါသထွက်သွားပြီး ရှေ့သို့ ခုန်ထွက်လာခဲ့၏။

ထို့နောက် သူ၏ ကြီးမား ကျယ်ပြန့်သည့် ကျောက်လက်ဝါးကြီးအားဖြန့်ကားလျက် ကျင်စွံအားတိုက်ခိုက်ရန် ပြင်သည်။

'မင်းတစ်ကိုယ်လုံး ကျိုးကြေဖို့သာ ပြင်ပေရော့'

'ဝုန်း'

ဟိုကွမ်းချင်၏ ကျောက်လက်ဝါးရိုက်ချက်အား ကျင်စွံက ကျွမ်းကျင်ပိုင်နိုင်စွာ ရှောင်ထွက်လိုက်လေသည်။

ကျင်စွံမှာ ငယ်ငယ်သာဖြစ်သည့်ပြင် ကြီးမားလေးလံလှသည့် ကျောက်လက်ဝါးကြီး၏ ရိုက်ချက် အမြန်နှုန်းထက် သူ၏လှုပ်ရှားမှုက ပို၍မြန်ဆန်လှသဖြင့် လွယ်ကူစွာပင် ရှောင်တိမ်းနိုင်ခဲ့၏။

'ဝုစ်'

'ဒုတ်'

ဟိုကွမ်းချင်၏ ရိုက်ချက်မှ လွတ်သွားသည်နှင့် ကျင်စွံ လက်ထဲမှ မြေခွေးဖြင့်လက်ပြန်ခတ်လျက် ချက်ချင်းတုံ့ပြန်လိုက်ရာ ဟိုကွမ်းချင်မှာ ကမန်းကတန်း ကျောက်လက်ဝါး

ကို စားပွဲပေါ် သောက်၍ နောက်ပြန်ဆုတ်ကာ ရှောင်တိမ်းလိုက်ရ၏။

ထို့ကြောင့် ဓားချက်မှာ ကျောက်စားပွဲစွန်းကိုသာ ခုတ်မိသွားသဖြင့် ကျောက်သားစများ ပွဲကြေလွင့်စဉ်ကုန်သည်။

'ဝှီး ဝှီး ဖွီး'

ချက်ချင်းပင် ဟိုကွီးချင်က သူ၏လက်ဝါးကြီးကို ဝှေ့ယမ်းလျက် ပြန်လည်တိုက်ခိုက်ရန်ပြင်ဆင်ပြန်သည်။ ကျောက်လက်ဝါးကြီး အရှိန်ကြောင့် အနီးအနားရှိ ပန်းကန် ခွက်ယောက်များ လွင့်စဉ်ကုန်၏။

လေတိုးသံကပင် တဝှီးဝှီးနှင့် ဆူညံ သောင်းပြည်နေခဲ့သည်။ တစ်ကြိမ်တွင် ကျောက်လက်ဝါးကြီးက ခုန်ပျံ ဝင်ရောက်လာလျက် ဘယ်လက်နှင့်ရိုက်ချရန် ရည်ရွယ်ပြီး ယာလက်နှင့် အမှတ်မထင် လျှပ်တစ်ပြက် ရိုက်ချလိုက်၏။

'ဂုန်း'

'ခွမ်း'

မြွေဓားကြီးနှင့် ကာဆီးမခံနိုင်လိုက်လျှင်ဖြင့် ကျင်စွ၏ ဦးခေါင်းမှာ ပခုံးမှပြုတ်ထွက် ပါသွားမည်လား မပြောတတ်ချေ။

ခုတော့ ဦးခေါင်းအစား မြွေဓားကြီးက ခံလိုက်ရကာ ကျင်စွ၏လက်မှ လွင့်ထွက်သွားပြီး အဝေးသို့လွင့်ထွက်သွားခဲ့၏။ သို့ရာတွင် ဓားကြီးလွင့်ထွက်သွားသည့်နေရာသို့ ကျင်စွက ကိုယ်ကို တစ်ပတ်ကျွမ်းဖြင့် လှိမ့်ကာ ခုန်ပျံရောက်ရှိနိုင်ခဲ့ပြန်သည်။



ထို့ကြောင့် ဓားကြီး မြေပေါ်မကျရောက်မီပင် ပြန်လည်ဖမ်းယူနိုင်ခဲ့၏။

ကျောက်လက်ဝါး ဟိုကွီးချင်ပင် ကျင်စွ၏လျင်မြန်ဖျတ်လတ်မှုအား အံ့သြထိတ်လန့်သွားခဲ့သည်။

ဝက်ဖြူကြီးကျင့်တိတ်နှင့် ဆိုင်ရှိ စားသောက်နေကြသူများမှာလည်း ကျောက်လက်ဝါးကြီး၏ တိုက်ခိုက်မှုကြောင့် ဓားသမား လူစိမ်းလေးခမျာ မကြာမီ သေဆုံးရတော့မည်ဟု ထင်မှတ်လျက် စိတ်မကောင်းဘဲ ရှိနေကြရာမှ ကျင်စွ၏ လျင်မြန်ဖျတ်လတ်မှုနှင့် ဓားချက်များကို မြင်တွေ့ရသောအခါ အားရှိတက်ကြွလာပြီး ပြုံးနိုင်ရယ်နိုင် ဖြစ်လာကြသည်။

ကျင်စွံက မြွေခေါင်းကြီးကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်ပြီး ကျောက်လက်ဝါးအား ရင်ဆိုင်လိုက်ပြန်သည်။

သူက ကျောက်လက်ဝါးထံ တစ်လှမ်းချင်း တရွေ့ရွေ့ လျှောက်လှမ်းလာ၏။ ကျောက်လက်ဝါးကား ကျင်စွံ၏ လှုပ်ရှားမှုကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေမိသည်။

'ဟိတ်'

'ရှိ ရှိုး'

ရုတ်တရက် ကျောက်လက်ဝါးက မာန်ချီလျက် အော်ဟစ်ပြီး လက်ဝါးကိုဝှေ့ယမ်းစဉ် ကျင်စွံကလည်း နှုတ်ခမ်း

၁၅ ကိုစုလျက် လေချွန်ကာ မြွေခေါင်းကိုဆန့်တန်းလိုက်သည်။

နှစ်ဦးစလုံး တစ်မြိုင်နက်ပင် လေထက် ခုန်တက်လိုက်ကြသည်။

'ဝှီး ဝှီး'

'ဝုစ် ဝုစ်'

ကျောက်လက်ဝါး၏ လက်ဝါးရိုက်ချက်သံများက လေထက်ဝယ် ဆူညံသွားသကဲ့သို့ ကျင်စွ၏ မြေခွေးကလည်း လေကိုထိုးခွဲကာ အရှိန်ပြင်းစွာ အသံပြုသွားကြသည်။ နှစ်ယောက်စလုံးလေထက်မှ ပြန်ကျလာကြ၏။

'အား အား အား'

ကျင်စွက ခေါးကိုထမ်းလျက် ကြမ်းပြင်ပေါ်သို့ ခြေထောက်နှင့် မတ်တတ်ရပ် နေခဲ့သော်လည်း ကျောက်လက်ဝါးက မျက်နှာကြီးရှုံ့မဲ့လျက် ယာလက်တစ်ဖက်အား ဘယ်လက်က ကိုင်ဆုပ်ပြီး ဒယီးဒယိုင်နှင့် ကျရောက်လာခဲ့သည်။

သို့သော် ယာဘက်ကျောက်လက်ဝါး တစ်ချောင်းကား သူ၏ပခုံးစွန်း၌ ပြတ်ထောက်လျက်ရှိသဖြင့် မြင်တွေ့ရသူများမှာ အံ့သြထိတ်လန့်ပြီး ပါးစပ်များဖွင့်ဟကာ မျက်လုံးတို့မှာလည်း ပြူးကျယ်ကုန်ကြတော့သည်။

'ဟာ'

'အို'

ကျောက်လက်ဝါး ဟိုကွမ်းချင်ကိုယ်တိုင် အံ့အားသင့်ပြီး ကျင်စွအား ပြူးကျယ်သော မျက်လုံးအစုံဖြင့်ငေးစိုက်ကြည့်ရှုနေမိ၏။



'မင်းတို့ ဘာကြည့်နေကြတာလဲ တိုက်ကြလေ'

ဟိုကွမ်းချင်က သူ့လူများကို လှမ်းသတိပေးရင်း ပြတ်တောက်နေသည့် ယာဘက်ကျောက်လက်ဝါးကြီးနှင့် ကျင်စွအား ပစ်ပေါက်လိုက်ရာ ကျင်စွက လျင်မြန်စွာ မြေခွေးနှင့် ဆီး၍ ခုခံခုတ်ချလိုက်သည်။

'ဝုစ်...ဝုစ်'

'ဒုတ်....ဒုတ်'

ဟိုကွမ်းချင်၏ ယာလက်ပြတ်မှာ သုံးပိုင်း ပြတ်တောက်သွားပြီး ကြမ်းပြင်ထက်သို့ ကျရောက်သွားလေသည်။

'အီး အီး'

ထို့နောက် ဟိုကွမ်းချင်းခမျာ ရပ်နေသည့် နေရာ၌ပင် ဒူးထောက်ချက် ရှေ့ကိုဟပ်ထိုး မှောက်ကျသွားတော့သည်။ ချက်ချင်းပင် သူ၏တစ်ကိုယ်လုံးမှာလည်း ပြာနှမ်းလျက် သေဆုံး သွားလေ၏။

မှင်တက်ခဲ့နေကြသော ကျောက်လက်ဝါး ဟိုကွမ်းချင်၏ သိုင်းသမားများမှာ သတိများ ပြန်လည်ရရှိလာကြပြီး သူ့အား တိုက်ခိုက်ရန် နေရာယူလိုက်ကြလေသည်။

'ကဲ... သေချင်သူရှိရင် ဝင်လာခဲ့ကြဟေ့'

သူက စိန်ခေါ်လိုက်သော်လည်း သိုင်းသမားတို့က ရုတ်တရက် ဝင်မလာရဲကြချေ။ သူ၏ ခေါးစွမ်းကို မျက်မြင်တွေ့ရှိခဲ့ကြသဖြင့် သူ့အင်နိုးနိုး ငါဝင်နိုးနိုးဖြင့် အကဲခတ်စောင့်ကြည့်နေကြလေသည်။

'ဟဲ...ခ ဗျားတို့ ဝင်မလာရင် ကျုပ်ပဲလာခဲ့မယ်၊ ကြည့်သာရှောင်ကြပေတော့ဗျို့။

'ရှိ ရှိ ရှိ'

သူက မြေတွန်သံနှယ် လေချွန်သံ တရှိရှိနှင့် မြေခွေးအား ငုံ့ယမ်းလျက် ကျောက်လက်ဝါး၏ နောက်လိုက်များအား လိုက်သံတိုက်ခိုက်သည်။

'ဝုတ် ဝုတ် ဝုတ်'

'ထန် ထန် ထန်'

ရန်သူ သိုင်းသမားများမှာ [၁၀] ယောက်ခန့် ရှိ၏။ အားလုံး အနက်ရောင် ဒုစရိုက်သိုင်းသမားများသာ ဖြစ်ကြပြီး ဝပုလွေမြို့ဝယ် အုပ်စုဖွဲ့လျက် အနိုင်ကျင့်ဗိုလ်ကျ ဆိုးသွမ်း နေကြသူများ ဖြစ်၏။

ကျောက်လက်ဝါး ဟိုကွမ်းချင်၏ လက်ဝါးစောင်းထက်မှု ရက်စက်ကြမ်းကြုတ်မှုများဖြင့် လူစိမ်းသွေ့သည်များ တုန်စည်ပွဲစားများ၊ မြို့သူမြို့သားများအား ခြောက်လှန့်၍ အနိုင်ကျင့်နေကြသူများ ဖြစ်သည်။

သူ့လို လူငယ်လူစိမ်းတစ်ဦးကပြန်လည်ခုခံတိုက်ခိုက်သဖြင့် ပလေမတော့ အထင်သေးကာ သူတို့၏ခေါင်းဆောင် ကျောက်လက်ဝါး ဟိုကွမ်းချင်၏ လက်ချက်နှင့် သေဆုံးမည်ဟု ထင်မှတ်၍ မည်သူမှ ဂရုမစိုက် ဝင်မတိုက်ကြခြင်း ဖြစ်ပေသည်။

တကယ်တမ်း လူငယ်လူစိမ်း ခွေးသမားတစ်ဦးက ဟိုကွမ်းချင်အား အနိုင်ယူသတ်ဖြတ်လိုက်သော အခါတွင် အံ့အား



သင့်ကုန်ကြကာ ထိုလူငယ် ခွေးသမားအား မည်သို့မည်ပုံ တိုက်ခိုက်ရမည်ကို ဦးဆောင်မည့်သူမရှိဘဲ တစ်ဦးကိုတစ်ဦး စောင့်ကြည့် အကဲခတ်နေကြလေသည်။

ထိုသို့သော အခြေအနေအား မြေခွေးရှင် ကျင်ရွှံ့က စိတ်မရှည်။ ထို့ကြောင့် လူရမ်းကား သိုင်းသမားတို့လူစုအား ရှုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ခွေးချက် လေးငါးဆယ်ချက်၊ ခွေးကွက်သုံးကွက်လောက် အတွင်း၌ပင် ရှေ့ဆုံးမှ သိုင်းသမားတစ်ဦးမှာ မြေခွေးချက် ထိမှန်ပြီး လဲကျသွားခဲ့သည်။

ထိုနောက် ဆန့်ငင် ဆန့်ငင် ပါးစပ်မှ အမြှုပ်များ ထွက်လာကာ ခဏချင်း သေဆုံးသွားလေသည်။ သေဆုံးသွားသည်နှင့် သူ၏တစ်ကိုယ်လုံးမှာလည်း အပြာရောင်သို့ ပြောင်းသဲသွားသည်ကို တွေ့ရှိကြရလေသည်။

ထိုအဖြစ်ကို ကပ်မံတွေ့ရှိကြရသော ဒုစရိုက်သိုင်းသမား လူရမ်းကားတို့မှာ ထိတ်လန့်ကြောက်ရွံ့လျက် ဆိုင်ပေါက်ဝသို့ တိုးဝှေ့ရောက်သွားကြ၏။

သူ့ထက်ငါလည်း လုယက်ထွက်ပြေးကြရှာ၏။ ကျင်ရွှံ့က ဆိုင်ပေါက်ဝထိ လိုက်လံတိုက်ခိုက်သဖြင့် နောက်ဆုံး သိုင်းသမားတစ်ဦးအား မြေခွေးဖျားနှင့် ရှပ်လျက် ထိခိုက်သွား၏။

သူ၏ ခွေးကိုင်လက်ရှိ ခွေးဦးက ခြစ်မိသွားခြင်း ဖြစ်သည်။

ထို့ကြောင့်သူကအက်လက်ပြေးထွက်သွားသည်။ သို့ရာတွင် သူ၏ ခြေလှမ်းတို့က တစ်လှမ်း နှစ်လှမ်း သုံးလှမ်းပြည့်အောင် မလှမ်းနိုင်ရှာခဲ့။

လမ်းတွင်မင် ဆန့်ငင် ဆန့်ငင် ဖြစ်ကာ အမြှုပ် များ ပါးစပ်မှ ထွက်လျက် ခွေခေါက် လဲကျ၍ သေဆုံးသွားတော့သည်။

သည်အဖြစ်များအားလုံးကို ဝက်မြူကြီး ကျင့်တိတ်အပါအဝင် စားသောက်သူများပါ တွေ့မြင်ကြရသဖြင့် ကျင်စွံ၏ ထူးဆန်းသော မြေခွေးအား တအံ့တသြ ငေးမောကြည့်ရှုနေကြလေသည်။

တခြားလူ သုံးဦးတို့လည်း သူ့အား အထင်ကြီးလေးစားသော မျက်လုံးများဖြင့် ချဉ်းကပ်လာကြ၏။

ရှေ့ဆုံးမှ ကျင့်တိတ်ကြီးက သူ၏ဆူဖြိုးသောဗိုက်ကြီးကို နှိပ်လျက် ပြုံးပြုံးကြီး လျှောက်လှမ်းလာလေသည်။

သူ့အနီးမှ ကျင့်ပို့ကလည်း ပါးမို့မို့အား ပွတ်သပ်ကာ ပါလာသည်။ ထို့နောက် စားပွဲထိုးနှင့် စားသောက်လာသူများ ဘာစုဟာရုံးကြီးဖြစ်သည်။

'ဆ....ဆရာလေး ထိုင်ပါဦးခင်ဗျ၊ ကျုပ်တို့ ကောင်း ကောင်း မွန်မွန် ဧည့်ခံပါရစေ'

သူကလည်း တုံ့ပြန်ပြုံး ပြုံးပြလိုက်သည်။

'ခေါက်ဆွဲကြော် တစ်ပွဲပဲလုပ်ပါ၊ ကျုပ် ဆာလောင်လှပြီဗျာ'



'ဟာ....မဟုတ်တာခင်ဗျာ၊ ဆရာလေးလို လူကိုမှ ကျွန်တော်တို့ ကောင်းမွန်စွာ ဧည့်မခံရင် ဘယ်သူ့ကို ဧည့်ခံရဦးမှာလဲ၊ လုပ်ပါဟေ့....တို့များ ဓါင်းငုံ့ပါဆိုင်ရဲ့ အကောင်းဆုံး ဟင်းလျာတွေ ချပေးကြစမ်းကွ....ဟဲ ဟဲ ဟဲ'

ကျင့်တိတ်က ပြုံးဖြီးဖြီးမျက်နှာကြီးဖြင့် သူ့လူများဘက် လှည့်၍ အမိန့်ပေးလိုက်သည်။ ကျင်စွံကိုလည်း စားပွဲတစ်လုံး ဝယ် နေရာချပေးကာ ပျာပျာသလဲ ဧည့်ခံနေလေသည်။

## ၂၅

ကျင့်တိတ်ကြီး၏သမီး ကျင့်ပို့ကလည်း ကျေးဇူးတင်စကား ပြောကြားသည်။

'ခုလို ကျွန်မတို့သားအဖကို ကျောက်လက်ဝါးတို့ရဲ့ရန်က ကူညီကယ်တင်တာ ကျေးဇူးအများကြီး တင်ပါတယ်ရှင်'

မိန်းကလေး၏ ကျေးဇူးတင်စကားအားကျစ်စွံက အပြုံးနှင့်သာ တုံ့ပြန်လိုက်မိ၏။

'ဟေ့....ကျောက်လက်ဝါးတို့ရဲ့ အလောင်းတွေကို သယ်သွားကြစမ်းပါဦးကွာ'

ကျင့်တိတ်ကြီး၏ အော်ဟစ်သံကြောင့် ဆိုင်အလုပ်သမား အချို့က သိုင်းသမားများ၏ အလောင်းကို သယ်ယူ ရွှေ့မ နေကြ၏။

'ကျွန်တော်တို့က ဒီအလောင်းတွေကို ဆိုင်ထစ်နေရာရာမှာ အလှပြထားချင်တာဗျို၊ ဒါမှ နောက်တစ်ကြိမ် ဆိုင်လာရမ်းတဲ့ သူတွေကို သတိပေးသလို ဖြစ်မှာဗျ'

အလုပ်သမားတစ်ဦး၏ အသံကထွက်ပေါ်လာသဖြင့် သူက လှမ်းပြောလိုက်ပြန်သည်။

'တော်ကြစမ်းပါ၊ အသက်ရှင်နေတုန်းကတောင် ကျက်သရေမရှိတဲ့ မျက်နှာတွေ သေပြီးမှတော့ ပိုလို့တောင် ကျက်သရေယုတ်လှသော၊ ယူသွားကြစမ်းပါ မြန်မြန်'

ကျင့်ပို့က အော်လိုက်သဖြင့် အလုပ်သမားများမှာ အလောင်းများကို တမန်းကတန်း ယူဆောင်သွားကြ၏။

'ဆရာလေးက ဘယ်ရပ်ရွာကလာပါသလဲ ခင်ဗျာ'

ကျင့်တိတ်က စပ်စုလိုက်ရာ ကျင်စွံက ပြုံးလိုက်ပြီး....

'ဘယ်အရပ် ဘယ်ရွာကမှလာတာ မဟုတ်ပါဘူး၊ တောက တက်လာတာပါခင်ဗျာ'

'ဟုတ်ကဲ့ ဘယ်တောကလဲကွယ့်'

'အသိမ်းကျန်တောအုပ်ကပါ'

'သော'

ကျင့်တိတ်ကြီး ထိတ်လန့်သွားသော မျက်နှာနှင့် ကျင်စွံအား သေချာစွာ စိုက်ကြည့်၏။

'ဒါဖြင့် မြွေခေါင်းရှင်ဆိုတာများလား'

'ဟုတ်ပါတယ်ခင်ဗျာ'

သည်းတော့မှ ဝက်ဖြူကြီးကျင့်တိတ်မှာ ပို၍ပျာပျာသလဲဖြစ် သွားပြီး....



'အို့...ဒါကြောင့်မို့ ကျောက်လက်ဝါးတို့ကို အနိုင်တိုက်ခိုက်နိုင်တာကိုး'

မြွေခေါင်းရှင် ဆိုသဖြင့် စားသောက်သူအချို့က ရှေ့သို့တိုး၍ လာရောက်ကြည့်ရှုကြသည်။

မြွေခေါင်းရှင်နာမည်အား ကြားဖူးကြသော်လည်းဝိပုလ္လမြို့၌ မြင်ဖူးသူ ခပ်ရှားရှားပင်။ ထို့ကြောင့် သူ့ထက်ငါ တိုးဝှေ့ကြည့်ရှုလာကြလေသည်။

ထိုစဉ် ကျင်စွံ အတွက် စားသောက်ဖွယ်ရာများ စားပွဲထိုးတို့က ယူဆောင်လာကြသဖြင့် ကျင့်တိတ်ကြီးက ဝိုင်းနေကြသော ပရိသတ်များအား မေတ္တာရပ်ခံလိုက်သည်။

'ကဲကဲ... ဒီက ဆရာလေး စားသောက်မယ်ဟေ့၊အနှောင့်အယှက်ဖြစ်အောင် ဝိုင်းမနေကြနဲ့၊ သွား....သွားကြ၊ ကိုယ့်နေရာကိုယ် ထိုင်နေကြ၊ပြောမရရင် ဟင်း....အဲအဲ ဆရာလေးရဲ့ မြွေခေါင်းနဲ့ တွေ့သွားမယ်နော်'

ကျင့်တိတ်ကြီးက ကျင်စွံနှင့် ခြိမ်းခြောက်ကာ လူရှင်းအောင် ပြုလုပ်လိုက်၏။ ထို့ကြောင့် သူ့နံဘေး၌ မည်သူမျှ မရှိတော့ဘဲ ကျင့်တိတ်ကြီးတို့ သားအဖသာ ကျန်ရစ်ခဲ့လေသည်။

'အားမနာတမ်း စားကွယ့်၊ဆရာလေးက ဆာလောင်နေတာ မဟုတ်လား'

ကျင့်တိတ်က ကျင်စွံအား တိုက်တွန်းလိုက်သကဲ့သို့ကျင့်ပို့ကလည်း....

'ဆရာလေး ကျေးဇူး ကျွန်မတို့အပေါ်မှာ ကြီးမားတယ်၊ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းသာ သုံးဆောင်ကြပါ၊ ကျွန်မတို့ ခေါင်းငုံ့ပါ စားသောက်ဆိုင်က ညှော်ဝတ်ပြုမှုကို ချီးမြှင့်တဲ့ အနေနဲ့ပေါ့နော်'

ဖခင်ဖြစ်သူ ကျင့်တိတ်ကြီးက သမီးဖြစ်သူ၏ စကား ကြောင့် ကျေနပ်အားရစွာ ပြုံးရယ်နေလေသည်။

ကျင်စွ မှာမူ သူတို့သားအဖ၏ စေတနာစကားများသက် စားပွဲပေါ်၌ စားသောက်ဖွယ် အမျိုးမျိုးကို စိတ်ဝင်စားစွာ စတင်စားသောက်နေခဲ့ပြီ ဖြစ်၏။

ကျင်စွ မှာ တောတွင်းသားအဖြစ်နှင့် နှစ်ပေါင်းများစွာ ဖြစ်သလိုစားသောက် ကြီးပြင်းလာခဲ့ရသူ ဖြစ်လေရာ ယခုလို မြို့ကြီးမှ စားသောက်ဆိုင်တစ်ဆိုင်၏ ချက်ပြုတ်ကြော်လှော် ထားသော အစားအသောက်များကို မြိန်ရေရှက်ရေ စား သောက်နေမိလေသည်။

မကြာမီပင် စားပွဲထက်ရှိ စားသောက်ဖွယ်ရာများမှာ တက်တက်စင်အောင် ပြောင်သလင်းခါသွားလေတော့သည်။

ဝက်ဖြူကြီး ကျင့်တိတ်တို့သားအဖမှာလည်း သူတို့ဆိုင်ဖွင့် ခဲ့သည့် သက်တမ်းတစ်လျှောက် လူသားတစ်ဦးတည်းကဤမျှ များပြားသော စားသောက်ဖွယ်ရာများကို ကုန်စင်အောင် စားသောက်နိုင်သည်ကို မတွေ့ရှိခဲ့ဖူးကြပေ။

ထို့ကြောင့် အံ့သြလျက် ကျင်စွ အားသာငေးမောကြည့်ရှု နေခဲ့မိလေသည်။



'ကဲ... ကျေးဇူးပဲဗျို၊ ကျုပ်တစ်သက် မစားဖူးတဲ့ အစား အသောက်တွေ စားရလို့ ဗိုက်ပြည့်အောင်ပဲ စားလိုက်မိတယ် ဗျာ၊ ဗိုက်ကြီးတင်းနေလို့ မျက်နှာကိုတောင် မော့သားရ တယ်။

'ခင်ဗျားတို့ ခေါင်းငုံ့ပါဆိုင်က အစားအသောက်တွေက အလွန်ကောင်းတာပဲ၊ ကျုပ်အဖို့တော့ ဆိုင်ကပြန်အထွက်မှာ ခေါင်းကို မော့ထားရမှာဗျ၊ ဟဲဟဲဟဲ'

ကျင်စွ က စားသောက်ပြီးစီး၍မတ်တတ်ရပ်ကာ ကျင့်တိတ် ကြီးတို့အား နှုတ်ဆက်၏။

'ဒီမှာ ဆရာလေး၊ ကျုပ် တစ်ခု တောင်းပန်ချင်ပါတယ်၊ ခဏလေး သည်းခံပြီး နားထောင်ပါဦး၊ ဆရာလေးသွားရမယ့် ခရီးက အရေးမကြီးလှဘူးဆိုရင် ကျုပ်တို့ဆိုင်မှာ နားနား နေနေ တစ်ရက်နှစ်ရက်လောက် နေပါဦးလားကွယ်'

ကျင်စွ က မျက်မှောင်ကြုတ်ကာ တွေဖြိုးစဉ်းစားနေပြီး ဝက်ဖြူကြီး ကျင့်တိတ်အား ရုတ်တရက်မော့ကြည့်ကာ

'ဘာလဲ ဟိုလူတွေပြန်လာပြီး လက်စားချေမှာစိုးလို့လား ဗျ'

ထိုသို့ ပွင့်ပွင့်လင်းလင်း ပြန်လည် မေးမြန်းလိုက်သဖြင့် ကျင့်တိတ်ကြီးခမျာအားတုံ့အားနာဖြစ်သွားသော အမူအရာ နှင့် ဝန်ခံလေသည်။

'ဟုတ်...ဟုတ်ပါတယ်ဆရာလေးရယ်၊ သူတို့ရန်က နောက် ပိုင်း မအေးနိုင်ပါဘူး၊ ဆရာလေးပြန်သွားတာနဲ့ ကျွန်တော် တို့ဆိုင်ကိုလာပြီး ရမ်းကားကြမှာ သေချာပါတယ်ကွယ်၊ သူတို့

လူစုက အဲဒီထိ နာသွားပြီဆိုတော့ တို့များကို ပြန်ပြီး ဒုက္ခပေးမှာ အမှန်ပဲကွယ်’

‘ကောင်းပြီလေ၊ ကျွန်တော် နေပေးပါဦးမယ်’

ကျင်တိတ်တို့ သားအဖမှာ သူ့ထံမှ အဖြေရရှိလိုက်သဖြင့် ဝမ်းသာသွားသော အမူအရာများက မျက်နှာပေါ်ဝယ် ထင်းခနဲ ပေါ်လွင်သွားကြလေသည်။

‘ဝမ်းသာလိုက်တာ ဆရာလေးရယ်၊ ခုလို ကျုပ်တို့ဆိုင်ကို ကူညီတာ ကျေးဇူးကြီးလှပါတယ်ကွယ်’

‘ဟုတ်ပါတယ်အစ်ကို၊ ကျွန်မတို့သားအဖကတော့ အစ်ကို့ရဲ့ စောင့်ရှောက်မှုအတွက် အရမ်းကိုဝမ်းသာမိတာပဲ’

ကျင့်ပို့ကလေးကလည်း ဝမ်းသာအားရပင် ဖခင်နှင့်အတူ ကျေးဇူးတင်စကားဆိုလေသည်။

‘ဟာ....ကျင့်တိတ်ကြီး ဟို....ဟိုမှာ ကြည့်....ကြည့်ပါဦး’

စားပွဲထိုးတစ်ဦးက အထိတ်တလန့်နှင့် အော်ပြောသဖြင့် သူတို့သုံးဦး လှည့်ကြည့်လိုက်လေရာ ဆိုင်ပေါက်ဝဝယ် မားမားကြီး ရပ်နေကြသော ဓားသမားတစ်စုကို တွေ့ရှိရလေတော့သည်။

‘ဟင်....ဓားလေးပွေ တန်ဟိုက်လွမ်းနဲ့ ရှောက်ရင်းခွ တန်ရိုက်လွမ်းတို့ ညီအစ်ကိုလဲ ပါလာတယ်၊ ဒုက္ခပါပဲ’

ကျင့်တိတ်ကြီးက စိုးရိမ်ထိတ်လန့်သည့် အမူအရာနှင့် ရေရွတ်၏။

‘ကျွန်မတို့လဲ ပြန်တိုက်ကြမယ် အဖေ’

မိန်းကလေး ကျင့်ပို့ကလည်း မခံချင်စွာ ပြောလိုက်၏။



ပြီးတော့ သူမက ဆိုင်လုပ်သားများ ရရာလက်နက်များ ကိုင်ဆောင်ထားကြရန် အမိန့်ပေးလိုက်သည်။

ဆိုင်ဝ၌မူ ဓားလေးပွေနှင့် ရှောက်ရင်းခွညီအစ်ကို ဦးဆောင်သည့် အနက်ရောင်သိုင်းသမားများ အယောက် သုံးဆယ်ခန့် ရှိကြသည်။

‘နေပါ ကျုပ်တစ်ယောက်တည်း ရင်ဆိုင်မယ်၊ ခင်ဗျားတို့တွေ ဝင်တိုက်ရင် ထိခိုက်သွားနိုင်တယ်၊ ဘေးကနေသာ ကြည့်နေကြပါ’

ကျင်စွံက ဆိုင်မှ သိုင်းပညာမတတ်သော အလုပ်သမားများ ထိခိုက်ဒဏ်ရာ ရကုန်မည်စိုး၍ တားဆီးကန့်ကွက်မိ၏။

‘အို....ဒီလိုလဲ ဘယ်ဟုတ်မလဲရှင့်၊ ရှင်က တစ်ယောက်တည်း သူတို့က အများကြီးရယ်၊ နောက်ပြီး ကျွန်မတို့ဆိုင်ကို အကာအကွယ် စောင့်ရှောက်နေတဲ့ကိစ္စပဲ၊ ကျွန်မတို့လူစုက ဒီအတိုင်း ရပ်ကြည့်နေလို့ သင့်တော်ပါ့မလားရှင်၊ ထိခိုက်ရှိမကလို့ သေချင်လဲသေပေါ့ ဝင်တိုက်ရမှာပဲ’

မိန်းကလေး၏ သတ္တိရှိရှိပြောဆိုလိုက်သော စကားကြောင့် ကျင်စွံက သူမအား တစ်ချက် လှည့်ကြည့်လိုက်မိသည်။

မိန်းကလေး၏ စိတ်ဓာတ်ကို သူက သဘောကျ နှစ်ခြိုက်သွားသောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူမအား ပထမဦးဆုံးအကြိမ်အဖြစ် သေချာစွာ စူးစိုက်ကြည့်မိသည်။

စူးရဲသော မျက်လုံးနက်နက်အစုံနှင့်ပါးလှသည့် နှုတ်ခမ်းနှစ်မြွာက သူမ၏ သတ္တိရှိမှု၊ မဟုတ်မခံ စိတ်ဓာတ်ကို ထုတ်လှစ်ပြသနေသည်သို့ ရှိသည်။

ပါးမို့မို့နှင့်စင်းသောနှာတံကမူ မိန်းကလေးတစ်ဦး၏ ကျက်သရေရှိခြင်း အလှအပများကို ဖော်ပြပြန်ခဲ့သည်။

ကျင်စွ ကသူမအား ပြုံးပြလိုက်ကာ ခေါင်းညိတ်လျက် သဘောတူလိုက်သည်။

'ကောင်းပြီလေ၊ တိုက်ချင်သပဆိုရင်တော့လဲ တိုက်ကြတာပေါ့၊ ဒါပေမယ့် အရမ်းလဲ အတင့်မရဲကြလေနဲ့၊ သူတို့က ဒုစရိုက်သမား လူကြမ်း လူရမ်းတွေ၊ ညှာတာစိတ် ကြင်နာစိတ် ရှိသူတွေ မဟုတ်ဘူး၊ ဒါကြောင့်မို့ အစစအရာရာ သတိနဲ့ ခုခံကာကွယ်တိုက်ကြပါ'

ကျင်စွကဦးဆောင်လျက် မြေခွေးကို ရှေ့သို့ဆန့်ထုတ်ကာ မြေခွေးသမားများအား ရင်ဆိုင်လိုက်သည်။

သူ့နောက်ပါး၌မူ ကျင့်တိတ်ကြီးအပါအဝင် ခေါင်းငုံ ပါဆိုင်အလုပ်သမားများ ဆယ်ယောက်ခန့် ရရာဆွဲချလာသော မီးဖိုချောင်သုံး လက်နက်များဖြစ်သည့် ဝက်သားခုတ်သည့် လက်တစ်ဝါးခန့်ရှိဓားများ ဟင်းသီးဟင်းရွက်လှီးသည့် ပါးလှသည့် ဓားများ၊ ကြေးလှော်သည့် သံယောက်မများ၊ သံချွန်များ၊ ကျောက်ဆုံများ၊ မီးစွဲနေသည့် ထင်းပိုင်းများ၊ ပုလင်းဖင်ကို ရိုက်ခွဲထားသည့် ပုလင်းဖင်ပြတ်များ စသည်ဖြင့် တွေ့ရာလက်နက်များကို ကိုင်ဆောင်ထားကြကုန်သည်။



သူတို့၏ မျက်နှာများ၌ အနှစ်နှစ်အလလကမှ အနိုင်ကျင့်တိုက်ခိုက်မှုကို ခုခံ တွန်းလှန်ရန် သန္နိဋ္ဌာန်ချထားကြသည့် အမုအရာမျိုးဖြင့် ဖျတ်လတ်နေကြကာ မာကျော ခက်ထန်လျက် ရှိကြသည်။

ဓားလေးပွေ တန့်ဟိုက်လွမ်းနှင့်ရွှေခက်ရင်းခွတန့်ရိုက်လွမ်းတို့ ညီအစ်ကိုက ရှေ့ဆုံးမှ တစ်လှမ်းချင်း စားသောက်ဆိုင်တွင်းသို့ ဝင်ရောက်လာကြသည်။

သူတို့နောက်၌မူ ကျောက်လက်ဝါး ဟိုက္ကီးချင်၏ နောက်လိုက် သိုင်းသမားများကို တွေ့ရှိရလေသည်။

သူတို့ကား မြေခွေးနှင့် ကျင်စွ၏ဓားစွမ်းကို လက်တွေ့မြင် တွေ့ရှိဖူးထားသူများဖြစ်ကြ၍ ခပ်ရွံ့ရွံ့ခပ်ကုပ်ကုပ်ဖြင့် နောက်ဘက်မှ အမြီးကုပ်နေကြသည်။

သူတို့က ဓားလေးပွေညီနောင်အား သွားရောက်ခေါ်ဆောင်ကာ ရောက်လာကြခြင်း ဖြစ်သည်။ ဓားလေးပွေတို့ ညီအစ်ကိုကလည်း သူတို့၏နောက်လိုက်များနှင့်အတူ ကျင်စွအားတိုက်ခိုက်ရန် ပါလာကြခြင်းပင် ဖြစ်သည်။

ကျင်စွနှင့် ခေါင်းငုံပါဆိုင် လုပ်သားများကလည်း ဆိုင်ပေါက်ဝသို့ တစ်လှမ်းချင်း ဟိုးရှေ့လျှောက်လှမ်းသွားကြသည်။

အုပ်စုနှစ်စုမှာ စားသောက်ဆိုင်၏အလယ်ဗဟိုတွင် ရင်ဆိုင်မိကြသည်။ ဓားလေးပွေနှင့် ရွှေခက်ရင်းခွတို့ ညီအစ်ကိုက ကျင်စွအား မျက်မှောင်များကုတ်ကာ စိုက်ကြည့်နေကြ၏။

ကျင်စွံကလည်းသူတို့နှစ်ဦးအား မျက်တောင် မခတ်တမ်း စူးစိုက်ကြည့်နေသည်။ လျှပ်ဘစ်ပြက် တစ်ပြိုင်နက်လိုလိုဖြင့် သည်အုပ်စုမှာ ဗြသံများပေးလျက်ရင်ဆိုင်တိုက်ကြလေတော့သည်။

'ဟိတ်'

'ယား'

'အိုး'

'အုံး'

'ထန် ထန် ထန် ထန်'

'ဝုစ် ဝုစ် ဝုစ် ဝုစ်'

ခါးချင်း ထိခတ်သံများမှာ စားသောက်ဆိုင်အတွင်း ဆူညံသွားကြသကဲ့သို့ မာန်သွင်း အော်ဟစ် သူများကလည်း နားကွဲလုမတတ် ရှိ၏။

ခါးလေပွေနှင့် ရွှေခက်ရင်းတို့ ညီအစ်ကိုက မြွေမားရှင် ကျင်စွံအား အဓိကထား တိုက်ခိုက်ကြသည်။

ပထမဆုံး စတင် လှုပ်ရှား ခုန်ဝင်လာသူများမှာ ခါးလေပွေ တန်ဟိုက်လွမ်းနှင့် ရွှေခက်ရင်းခွ တန်ရှိုက်လွမ်းတို့ဖြစ်သည်။

သူတို့ ညီအစ်ကိုက တစ်ဦးက ခါးကို ဝှေ့ယမ်းလျက် လေတိုက်သည်သို့ ဝင်လာသည့်နှယ် တစ်ယောက်ကလည်း ခက်ရင်းခွကြီးကို အရှိန်ပြင်းစွာ ထိုးလျက် ခုန်ဝင်လာလေသည်။



သူတို့ နှစ်ယောက်စလုံး၏ တိုက်ကွက်များကို ကျင်စွံက မြွေမားကြီးနှင့် လှံယက်ကူ ပေါ့ပါးစွာပင် ခတ်ထုတ်ပစ်လိုက်နိုင်၏။

ထို့ပြင် မြွေထက် ပြန်မကျမီပင် ခါးချက် နှစ်ချက်အား ဆက်လက် ပစ်သွင်း တုံ့ပြန်လိုက်လေ၏။

သူ၏ ထိုဓားချက်များက ခားလေပွေ့ တန်ဟိုက်လှမ်း၏ လည်မျိုကို ဖြတ်ထုတ်ဖို့ ဦးတည်သွားသည့်နှယ် ရွှေခက်ရင်းခွ တန်ရိုက်လှမ်း၏ ဦးခေါင်းကိုလည်း ထက်ခြမ်းခွဲဖို့ လက်တစ်ဝါးခန့်မျှ သာအောင် လွတ်ထွက်သွားခဲ့သည်။

ထိုသို့ ပွတ်ကာသီကာ လွဲသွားခြင်းသည်ပင် ခားလေပွေ့ နှင့် ရွှေခက်ရင်းခွတို့၏ လျင်မြန် ဖျတ်လတ်မှုကြောင့်သာလျှင် ဖြစ်၏။

ကျင်စွိ၏ တုံ့ပြန်ချက်က ကြောက်ခမန်းလိလိ အန္တရာယ်ပေးသွားသည့်အတွက် ညီအစ်ကိုနှစ်ဦးမှာ မျက်လုံး ပြူးကျယ်သွားကြ၏။

လေထက်ဝယ် သူတို့၏ ဓားချက် တိုက်ကွက်များကိုသာလျှင် တုန့်လှုပ် ခုခံ ကာကွယ်လိမ့်မည်ဟု ထင်မှတ်ထားကြလေသည်။

သို့သော် မထင်မှတ်ဘဲ လုံးဝလည်း မမျှော်လင့်ထားသော ဓားချက်များက လျှပ်တစ်ပြက် တိုက်ခိုက်ခြင်းကြောင့် နှစ်ဦးသား ပြူးတူးပြဲတဲ ရှောင်တိမ်းလိုက်၍ လွတ်မြောက်သွားခဲ့သော်လည်း စိတ်ထဲ၌မူ မသိမသာ ထိတ်လန့်သွားကြတော့သည်။

ခေါင်းငုံ့ပါ စားသောက်ဆိုင်ပိုင်ရှင် ဝက်ဖြူကြီး ကျင့်တိတ်နှင့် သူ၏ သမီးဖြစ်သူ ကျင့်ပို့တို့ကလည်း သူတို့၏ ဆိုင်အလုပ်သမားများနှင့် အတူ ဒုစရိုက် သိုင်းသမားများ၏ တိုက်ခိုက်မှုအား အစွမ်းကုန် ပြန်လည် ခုခံ၍ နေကြရလေတော့သည်။

ကျင်စွိက ကျင့်တိတ်ကြီးနှင့် ကျင့်ပို့တို့အား စိတ်မချနိုင်၊ ထို့ကြောင့် သူတို့ အနီးအနား၌သာ တိုက်ခိုက် နေခဲ့မိလေသည်။

သူတို့ သားအဖခမျာ သတ္တိသာရှိပြီး သိုင်းပညာရပ်ကမူ သာမန်မျှသာ တတ်ကြသူများ ဖြစ်၍ သိုင်းသမားတို့၏ ဓားချက်နှင့် ဒဏ်ရာရမည်ကို စိုးရိမ်နေမိ၏။

သို့ဖြင့် တစ်ကြိမ်ဝယ် ကျင့်ပို့အား ဖိတိုက်နေသည့် သိုင်းသမားနှစ်ဦး၏ ဓားချက်အား ကျင်စွိက မြင်တွေ့လိုက်သဖြင့် လျှင်မြန်စွာ တားဆီး ခုခံပေးလိုက်ရ၏။



ထိုဓားချက်က ကျင့်ပို့၏ ရင်ညွန့်ကို ထိုးဖောက် ဝင်ရောက်သွားမည့် ဓားချက်မျိုးသာ ဖြစ်သည်။

သူမက သိုင်းသမား တစ်ဦး၏ ဓားချက် တစ်ချက်ကို ရှောင်တိမ်းလိုက်သည်တွင် အခြား ဓားသမားတစ်ဦး၏ ဓားကွက်ထဲ ဝင်ရောက်သွားခဲ့သည်။

ကျွံထွက်သွားသော သူမ၏ ခန္ဓာကိုယ်ကို ပြန်လည် မထိန်းနိုင်မီ ထိုဓားသမား၏ ဓားဦးက သူမ၏ ရင်ညွန့်ဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာပြန်၏။

ကျင်စွိက တစ်ဖက်က မြင်လိုက်သည်နှင့် ခုန်လွှားကာ ရောက်ရှိလာ၍ ထိုဓားချက်အား ရိုက်ခုတ် ချလိုက်သောကြောင့် သေဘေးမှ သီသီကလေး သူမခမျာ လွတ်မြောက်သွားခဲ့၏။

‘ကျေးဇူးပဲ’

သူမထံမှ ကျေးဇူးတင် စကားလုံးက ကျင်စွိအား ပြုံး၍ ပြရင်း ထွက်ပေါ်လာနိုင်သေး၏။

တစ်ခါတွင်လည်း ကျင့်တိတ်ကြီးမှာ ရန်သူ့သိုင်းသမား တစ်ဦး၏ ကန်ချက်ကြောင့် ဖင်ထိုင် လဲကျသွားရာ အခြား သိုင်းသမား တစ်ဦးက သူ၏လည်မျိုအား အပိုင် ပိုင်းချလိုက်သည်ကို ကျင့်တိတ်ကြီးက မရှောင်နိုင်ခဲ့တော့။

မျက်စိစုံမှိတ်၍သာ အထိတ်တလန့်ဖြင့် အသံထွက်အောင်ပင် အော်လိုက်မိသေးသည်။

‘အား အား’

သို့ရာတွင် ခေါးချက်က သူ့လည်မျိုကို ဖြတ်ချမသွားခဲ့ပါ။

လျှပ်တစ်ပြက် မြင်တွေ့လိုက်ရသော ကျင်စွံက ဓားနှင့် ဆီးခံလိုက်ပြီး ထိုသိုင်းသမားကို ခြေကန်ချက် တစ်ချက် တုံ့ပြန်ပေးလိုက်သဖြင့် ရန်သူမှာ အဝေးသို့ လွင့်စဉ်သွားခဲ့လေသည်။

ကျင်စွံက လဲကျနေသော ကျင့်တိတ်ကြီးအား လျင်မြန်စွာပင် ပြန်လည် ဆူမပေးလိုက်သည်။

'အင်း....လည်ပင်းပြတ်ပြီ ထင်တာ၊ ဟီး....ဟီး'

မတ်တတ် ပြန်ရပ်မိသော ကျင့်တိတ်ကြီးမှာ သူ၏ လည်မျိုကို လက်ဖြင့် ပြန်လည် စမ်းသပ်မိသည်။

ကျင်စွံကား လေပေ့တို့ ညီအစ်ကိုနှင့် အပြင်းအထန် တိုက်ခိုက် နေခဲ့ရလေသည်။

လေပေ့ တန်ဟိုက်လွမ်း၏ တိုက်ခိုက်ချက်များမှာ အလွန်မှပင် လျင်မြန်လှသည်။ ,

ရုတ်တရက် လေပေ့ တိုက်ခိုက်သည့်နှယ် တစ်ရှိန်ထိုးရောက်ရှိလာတတ်သည်။

ထို့ပြင် ဓားချက်ကိုလည်း ဘယ်ညာဝိုက်ပြီး ဝှေ့ယမ်းလျက် မို့လွတ်ဘတ်ပြန်သည်။ သာမန် သိုင်းသမားတစ်ဦးသာဆိုလျှင်ဖြင့် လေပေ့၏ ဓားကွက်ထဲဝယ် ရေတိမ်နစ်မည်မှာ သေချာ၏။

ကျင်စွံသာလျှင် ဓားသမားတစ်ဦး မဟုတ်ဘဲ လေ့ကျင့်မှုနည်းပါးသည့် သိုင်းသမားတစ်ဦးသာ ဖြစ်ခဲ့လျှင် လေပေ့၏



ဓားဖျားမှာပင် နှစ်ကြိမ်ခန့်မျှပင် သေဆုံးနိုင်မည် ဖြစ်လေသည်။

# [ ၂၄ ]

ယခုတော့ ကျင်စွိမှာ ရိုးရိုးသာမန် ဓားသမားလေး ကျင်စွိမဟုတ်ဘဲ မြွေဓားကိုကိုင်စွဲကာ သူ့ထက် လျင်မြန်မှု ပိုမို သာလွန်နေသော မြွေဓားရှင် ကျင်စွိတစ်ဦး ဖြစ်နေသောကြောင့် တိုက်ခိုက်၍ မလွယ်ကူဘဲ ရှိ၏။

တင်ဖန့် ရွှေခက်ရင်းခွ၏ ခက်ရင်းယိုးကွက်မှာလည်း တစ်ချက် တစ်ချက် ကျင်စွိအား အန္တရာယ်ပေးလုလု ဖြစ်ခဲ့ရသည်။

သို့သော် ကျင်စွိမှာလည်း သူတော်စင်ဆရာကြီးနှင့် မတွေ့မီကတည်းကပင် မျောက်များ၊ ယုန်များ၊ ရှဉ့်များ စသည့်

လျှင်မြန်ဖျတ်လတ်သည့် သတ္တဝါလေးများနှင့် ငှက်ကလေးဘဝမှ ဆော့ကစားရင်း သိုင်းလေ့ကျင့် ကြီးပြင်းခဲ့ရသူ ဖြစ်လေသည်။

လူတစ်ဦးနှင့်ကို မတူဘဲ မျောက်တစ်ကောင်၊ ယုန်တစ်ကောင်၊ ရှဉ့်ကလေးများနှယ် လျင်မြန်မှု ပါးနပ်မှုက အံ့သြစရာ ဖြစ်နေရသည်။

ရွှေခက်ရင်းခွ၏ ထိုးနှက်လာသည့် ထိုးချက်အား ခက်ရင်းခွ တစ်ခုပေါ်မှာပင် ကပ်၍ ရှောင်တိမ်း ထွက်သွားနိုင်ခဲ့သည်။

ထို့ပြင် သူ၏ တုံ့ပြန်ချက်ကို ခံလိုက်ရသောအခါ ခါးလေပွေ့နှင့် ရွှေခက်ရင်းခွတို့မှာ ကစဉ့်ကလျား ဖြစ်သွားတတ်သည်။

ခက်ရင်းခွတန်ရိုက်လွှမ်း၏ ပခုံးရေခွ အောက်မှ အသားအား ထိခိုက်မိသည်နှင့် တန်ရိုက်လွှမ်းမှာ ဆတ်ခနဲဖြစ်ကာ ဆက်လက်လှုပ်ရှားလိုက်ဖို့ ကြိုးစားလိုက်သေး၏။

သူ၏ကြိုးပမ်းမှုအားအချည်းနှီးဖြစ်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တန်ရိုက်လွှမ်းခမျာ ခက်ရင်းခွကြီးကိုပင် မ,ယူနိုင်စွမ်း မရှိခဲ့တော့။

ရှေ့သို့ဟပ်ထိုးလဲကာ ပါးစပ်မှ အမြှုပ်များ အန်ထွက်လာသည်ကို တွေ့ရသည်။

'အ....အ....အ'



လည်ပင်းကိုပြန်၍ လက်နှစ်ဖက်နှင့် ပွတ်သပ်လျက် မြေပေါ်ဝယ် လူးလှိမ့်နေလေသည်။ မျက်နှာတွင်လည်း ပြာနှမ်းသော အရောင်များ လွှမ်းလာလေ၏။

'အစ်....အစ်ကို ... တန်....ဟိုက်....လွှမ်း.... မြေး....မြေး....တော့၊ အဆိပ်... အဆိပ်....မိ....မိ....လိမ့်....လိမ့်မယ်'

ရွှေခက်ရင်းခွ တန်ရိုက်လွှမ်းမှာ အမြှုပ်များတစီစီထွက်နေသည့် နှုတ်ဖျားမှ တုန်ယင်တစ်အ,နေသည့် စကားတို့ကို တဖွဖွရွတ်နေရှာခဲ့သည်။

ခါးလေပွေ့မှာ ညီဖြစ်သူ ရွှေခက်ရင်းခွ တန်ရိုက်လွှမ်း၏ အဖြစ်ကို မြင်တွေ့ရပြီး တုန်လှုပ်ချောက်ချားသွားတော့၏။

တန်ရိုက်လွှမ်း၏ နှုတ်မှ ထွက်သည့် စကားများကိုလည်း နားမှ သဲ့သဲ့ကြားနေရသဖြင့် ကျင်စွ၏ခါးကြီးကို စူးစိုက်ကြည့်သည်။

သူ၏သိုင်းသမားများကို ပြန်လည်သတိထားကြည့်လိုက်တော့ ညီဖြစ်သူနှယ် ပြာသောအသားရောင်များနှင့် သေဆုံးနေကြရသောအဖြစ်ကို တွေ့ရှိရပြန်သည်။

ထိုအခါမှ ခါးလေပွေ့မှာ ကြားဖူးခဲ့စဉ်က မယုံကြည်ခဲ့သော မြေခွေးရှင် ကျင်စွ၏ခါးစွမ်းကို မျက်ဝါးထင်ထင် တွေ့ရှိနေရပြီဖြစ်၏။

သူ၏ နောက်လိုက်များမှာလည်း သုံးလေးယောက်သာလျှင် ကျန်ရှိတော့၏။

တန်ရိုက်လွှမ်းသတိပေးသည့်အတိုင်း သည်နေရာမှဆုတ်ခွာမှသာလျှင် အသက်ချမ်းသာရာရတော့မည်ထင်၏။

သိက္ခာတွေ၊ အချက်တွေကိုလည်း သူ မထိန်းနိုင်တော့။ အသက်မသေဆုံးသေးလျှင် ရှုံးခဲ့သူအား တစ်နေ့နေ့ တစ်ချိန်ချိန်၌ ပြန်ဆုံရန် မျှော်လင့်နိုင်သေး၏။ လက်စားချေနိုင်သေး၏။

ထိုသို့ တွေးမိပြီး ဓားလေးပွေ့မှာ ရုတ်ခနဲစားသောက်ဆိုင်၊ အပြင်သို့ လျှပ်တစ်ပြက် ထွက်ခွာသွားလေတော့သည်။

ဓားလေးပွေ့တန်ဟိုက်လွှမ်း ထွက်သွားသည်ကိုမြင်သည်နှင့် သူ၏နောက်လိုက်တို့မှာလည်း ကစဉ့်ကလျားဖြင့် ခေါင်းနှံ့ပါ စားသောက်ဆိုင်နှင့် ဝေးရာသို့ သုတ်ခြေတင်ကြလေတော့သည်။

'ဟေး ဟေး ဟေး'

'ဟီး ဟီး ဟီး'

'ဟား ဟား ဟား'

ဝက်ဖြူကြီး ကျင့်တိတ်နှင့် သူ၏အလုပ်သမားများသည် ဓားလေးပွေ့တို့လူစု ဖရိုဖရဲနှင့် ထွက်ပြေးသွားကြသည်အား ဝမ်းသာအားရအော်ဟစ်ရယ်မောကျန်ရစ်ခဲ့ကြလေသည်။

ထို့နောက် ကျင်စွိထံ ဝိုင်းဝန်းစုဝေးလာကြပြီး ချီးကျူး ကြလေ၏။

'ဆရာလေး ကျင်စွိရဲ့ ဓားစွမ်းကို သူတို့သိသွားကြပြီ'

'ဓားလေးပွေ့တောင် ထွက်ပြေးသွားတဲ့နောက် ဘယ်သူမှ လာပြီး စမ်းရဲကြတော့မှာ မဟုတ်ဘူး ဟေး ဟေး'



ကျင့်တိတ်ကြီးက ကျေနပ်အားရစွာ ဗိုက်ပူပူကြီးအား ပွတ်လျက်ပြောဆိုလိုက်သည်။ ထို့နောက် သူ၏မျက်နှာကြီးမှာ ရှုံ့မဲ့ပြီး ညည်းလိုက်၏။

'အား....ကျွတ်....ကျွတ်....ကျွတ်'

သူ၏ဗိုက်ပူပူကြီးတစ်နေရာဝယ် ဓားချက်တစ်ချက် ရှပ်ထိခြင်း ခံထားရသောကြောင့်ဖြစ်သည်။

# [ ၂၀ ]

အလုပ်သမားများက ဝိုင်းဝန်း ရယ်မောကြလေသည်။ လှောင်ပြောင် ရယ်မောကြခြင်းမဟုတ်ဘဲ ပျော်ရွှင်စွာ ရယ်မောကြခြင်းဖြစ်သောကြောင့် ကျင့်တိတ်ကြီးကလည်း မှဲ့ပြုံးပြုံးလျက် စိတ်ဆိုးရခက်သွားလေသည်။

'ဟင်း....ကျင့်ပို့လဲ သေတော့မလို့၊ အစ်ကိုကျင်စွံ ဝင်ကယ်ပေလို့ပေါ့'

ကျင့်ပို့မိန်းကလေးက ကျင်စွံအား ကျေးဇူးတင်သော အကြည့်နှင့် လှမ်းကြည့်၍ ပြောပြနေပြန်သည်။

'အေး… နှင့်တစ်ယောက်တည်းကိုပဲ ကယ်တင်ခဲ့တာမဟုတ်ဘူးဟဲ့၊ တစ်ဆိုင်လုံးကို ကယ်ခဲ့တာပဲ၊ ဆရာလေးကို တို့လူတွေအားလုံးက ဝိုင်းဝန်းကျေးဇူးသိတတ်ရမှာပဲ'

မြွေဓားရှင်နှင့်ရှယ်ယာတူခန့်ရှိ အလုပ်သမားလေးတစ်ဦးက ဝင်ရောက်ပြော၏။

'ဟုတ်တယ်….ဟုတ်တယ်၊ ဆရာလေးက တို့များရဲ့ အားကိုးရာ ကျေးဇူးရှင်ပဲဟေ့'

အလုပ်သမားတစ်ဦးကလည်း ယောက်မကြီးကို ထောင်မြှောက်လျက် အော်ပြောလိုက်၍ ကျန်လူများကပါ ဝိုင်းဝန်းသြဘာပေး ချီးကျူးကြပါလေတော့သည်။

'ဟေး ဟေး ဟုတ်တယ်ကွ၊ မြွေဓားရှင်ဆရာလေးကသာ တို့ရဲ့ ကျေးဇူးရှင်'

ဆိုင်အလုပ်သမားများသာမက စားသောက်ဆိုင်အတွင်း စားသောက်နေသည့်သူများကလည်း မြွေဓားရှင်၏ဓားစွမ်းကြောင့် လေးစားကြည်ညိုပြီး အနားသို့ စုရုံးရောက်ရှိလာကြကာ ချီးမွမ်းကြလေသည်။

'ကောင်းတယ်၊ ဒီမြို့မှာ ထိတ်ထိတ်ကြဲ မိုက်မဲရမ်းကားနေတဲ့ ကျောက်လက်ဝါးနဲ့ ရွှေခက်ရင်းခွတို့ကိုတောင် နှိမ်နင်း အနိုင်ယူခဲ့တာ ဘယ်သူမှ လာယှဉ်ရဲတော့မှာ မဟုတ်ဘူး'

စားသောက်သူတစ်ဦးက ဝမ်းသာအားရစွာ ပြောလိုက်ရာ ကျန်လူများကပါ လက်သီး လက်မောင်း တန်းလျက် အော်ဟစ်လိုက်ကြတော့သည်။



'ဟေး….မြွေဓားရှင် ဆရာလေးကွ'

ဖြောင်း ဖြောင်း ဖြောင်း'

'ဟေး ဟေး ဟေး'

မြွေဓားရှင်မှာ ပရိသတ်များ၏ဝိုင်းဝန်းထမ်းပိုးမှုကြောင့် မနေတတ်မထိုင်တတ် ဖြစ်နေရှာတော့သည်။

## [ ၂၉ ]

### လက်စားချေ ခရီး

မြေခွားရှင်သည် မိုးမခတောအုပ်အနီး၌ မိဘနှစ်ပါး၏ အသေဆိုးနှင့် သေဆုံးခဲ့ရသည့် အဖြစ်ကို တစိမ့်စိမ့်တွေးရင်း ကျန်အင်းမြို့စား ကျန်ရောက်ဖူးအား နာကြည်းစိတ်တို့က တဖွားဖွား ပေါ်ပေါက်နေခဲ့သည်။

တစ်ဖန် သူနှင့် အရွယ်တူဖြစ်ခဲ့သော မြို့စား၏ သားကျန်ရဲတင်၏ အနိုင်ကျင့်ယူဆောင်သွားသည့် ရွှေသတ္တဝါလေးကိုလည်း သတိရနေခဲ့သည်။

ထိုအခါ သူ၏စိတ်ထဲ၌ မြို့စား သားအဖကို လက်စားချေလိုစိတ်တို့မှာ တဖွားဖွား တားမနိုင်ဆီးမရ တိန်းချုပ်မရ ဖြစ်လာခဲ့၏။

သို့ဖြင့် ဝ ပုလွေမြို့မှ ထွက်ခွာရန် ဆုံးဖြတ်မိလေတော့သည်။

ထို့ကြောင့် ခေါင်းငုံ့ပါ ဆိုင်ပိုင်ရှင် ဝက်ဖြူကြီး ကျင့်တိတ်တို့ သားအဖအား မြို့မှထွက်ခွာတော့မည့်အကြောင်း အသိပေးလိုက်လေသည်။

ကျင့်တိတ်ကြီးကား ဝမ်းနည်း၍မဆုံးပြီ။

မြေဓားရှင်အား သူတို့ဆိုင်က သံယောဇဉ် ဖြစ်နေမိကြသည်။

မြေဓားရှင် နေထိုင် စောင့်ရှောက်ခဲ့သည့် တစ်လတာကာလအတွင်း၌ မည်သည့်ဆိုးသွမ်း ရမ်းကားသည့် သိုင်းသမားများ ရောက်မလာဝံ့ကြပေ။

ဝ ပုလွေတစ်မြို့လုံး၌သည်း မြေဓားရှင်၏ ဂုဏ်သတင်းက ပျံ့လွင့်သွားသဖြင့် ဒုစရိုက်သိုင်းသမား လူရမ်းကားတို့မှာ မနေရဲကြတော့ချေ။

နေထိုင်ကျန်ရစ်သူတို့မှာလည်း ယခင်ကနှယ် ဆိုးချင်တိုင်းဆိုး၊ ဘာချင်တိုင်းတော မလုပ်ဝံ့တော့ဘဲ ငြိမ်ကုပ်နေကြရလေသည်။

ကျောက်လက်ဝါးနှင့် ရွှေခက်ရင်းခွတို့လို သိုင်းသမားနှစ်ဦးကို သေဆုံးအောင် တိုက်ခိုက် ချေမှုန်းလိုက်သည့်မြင်ဓားလေပွေ တန်ဖိုက်စွမ်းအားလည်း ထွက်ပြေးလောက်အောင် အနိုင်ယူဖြိုလိုက်သောကြောင့် အနက်ရောင် သိုင်းသမားတို့မှာ မြေဓားရှင်အား ယှဉ်ဝံ့သူမရှိလောက်အောင် ရှောင်သွားကြကုန်၏။



ထို့ကြောင့်လည်း မြေဓားရှင် ရောက်ရှိလာသည့် နေ့မှစ၍ ဝ ပုလွေမြို့မှာ အေးချမ်း သာယာလျက်ပင် ရှိခဲ့လေသည်။

အထူးသဖြင့် ခေါင်းငုံ့ပါ စားသောက်ဆိုင် ပိုင်ရှင် ဝက်ဖြူကြီး ကျင့်တိတ်တို့အတွက် ဂုဏ်ယူလို့မဆုံး။

စားသောက်ဆိုင် ပိုင်ရှင်များအနက် သူကလည်း နေ့ရှင်း ထိုင်ရှင်း အလိုအလျောက် နာမည်ကြီး ထင်ရှား ပေါ်လွင်လာခဲ့ရ၏။

ယခင်ကလို ကျောက်လက်ဝါးတို့လို လူရမ်းကားများ မရှိတော့သဖြင့် ဆိုင်လည်း ပို၍စည်ကားစွာ ရောင်းမှုလာတော့သည်။

ခေါင်းငုံ့ပါ စားသောက်ဆိုင်မှာလည်း နေ့ချင်းညချင်း နာမည်ကျော်လာခဲ့ရတော့သည်။

ထို့ကြောင့် မြေဓားရှင်တစ်ယောက်သည် ဝ ပုလွေမြို့က ထွက်ခွာတော့မည်ဆိုတော့ အမှန်တကယ်ပင် ကျင့်တိတ်ကြီးမှာ ဝမ်းနည်း စိတ်မကောင်းဖြစ်မိလေသည်။

အေးလေ....အရေးကိစ္စက ရှိနေသေးတယ်ဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ ဆရာလေးရယ်။

ဆရာလေးကြောင့် ကျုပ်တို့ဝ ပုလွေတစ်မြို့လုံး အေးချမ်းငြိမ်သက်သွားရတယ်ဆိုတော့ ဆရာလေး ခုလို ပြန်တော့မယ်ဆိုတာ သိကြရင် ဘယ်သူမှ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူးကွယ်။

'ဆရာလေးရဲ့ကိစ္စတွေပြီးမြောက်ရင်သာ ကျုပ်တို့ ၀ံပုလွေမြို့မှာ လာပြီး အနားယူပါလို့ပဲ တောင်းပန်ပါရစေ ဆရာလေးရယ်....နော်'

ကျင့်တိတ်ကြီးက မျက်နှာသုန်းငယ်စွာနှင့် ဝမ်းနည်းစကားဆို၏။ ကျင့်ပို့လေးကမူ သူ့ဖခင်လို မြွေခါးရှင်အား ဝမ်းနည်း စကားတောင် မဆိုနိုင်ရှာ၊ ခေါင်းလေးငုံ့ကာသာ စိတ်မကောင်းဖြစ်နေမိ၏။

'ကျွန်တော်လဲ မသွားမဖြစ်လို့သာ သွားရမှာပါ ဦးရယ်၊ တာဝန်ကြီးတစ်ရပ်လို ကျွန်တော့်အပေါ်မှာ ပိကျန်နေတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ရှင်းပစ်လိုက်ဖို့ပါပဲ ခင်ဗျာ။

'ဒီကိစ္စကြီး မပြီးမြောက်သရွေ့ လူ့ဘဝမှာ နေရထိုင်ရတာ ပူစပ်ပူလောင်ကြီး ဖြစ်နေခဲ့လို့ပါ၊ ဦးကြီး ဖိတ်ခေါ်သလို ကျွန်တော်ကလဲ ပြီးတာနဲ့ ဦးတို့မြို့ကို ထပ်မံအရောက်လာပြီး စောင့်ရှောက်ဖို့ကတိပေးပါတယ်'

ကျင်စွံကလည်း ဝက်ဝံဖြူကြီးအား သံယောဇဉ်စကားဖြင့် တုံ့ပြန်နှစ်သိမ့်လိုက်ဖြစ်သည်။

ထိုခါကျမှ ဝက်ဖြူကြီး ကျင့်တိတ်မှာ အနည်းငယ် စိတ်သက်သာ ရသွားသည်နှင့် ပြုံးနိုင် ရယ်နိုင်လာခဲ့လေတော့သည်။

'အေးကွယ်....တို့တွေ ဆရာလေးကိုအားကိုးကြသလို ဆရာလေး တစ်ယောက်ကလဲ တို့များရဲ့ အန္တရာယ်အသွယ်သွယ်ကို စောင့်ရှောက်ခဲ့တာဆိုတော့ အားငယ်မိမှာ အမှန်ပါပဲ၊



အင်း....ဆရာလေးမှာလဲ ပုဂ္ဂိုလ်ရေးရာ အကြောင်းကိစ္စတွေ ရှိဦးမှာပဲလေ၊ မတားသာကြဘူးပေါ့ကွယ်'

ကျင့်တိတ်ကြီးက ကျင်စွံအား ဝမ်းနည်းပန်းနည်း နှုတ်ဆက်၏။ ခေါင်းငုံ့ပါ စားသောက်ဆိုင် တစ်ဆိုင်လုံးက သူ့အား လိုက်လံပို့ဆောင်ကြလေသည်။

သည့်ပြင် ဝံပုလွေမြို့မှ အခြားခင်မင် လေးစားသူအချို့လည်း ကျင်စွံအား လိုက်လံနှုတ်ဆက်ကြ၏။

ဝံပုလွေမြို့မှ ထွက်ခွာတော့ ကျင်စွံ အမှန်ပင် စိတ်မကောင်း ဖြစ်ရသည်။

အထူးသဖြင့် မိန်းကလေးကျင်ပို့တစ်ယောက်မှာ လိုက်ပါပို့ဆောင် နှုတ်ဆက်သူများ၌ မပါလာသည်ကို သတိထားမိသည်။

မည်သို့ပင်ဖြစ်စေ သူကတော့ ဝံပုလွေမြို့မှ ကျန်အင်းမြို့သို့ ခရီးဆက်ရပါဦးမည်။

သူ့၌ တာဝန်ကြီးတစ်ရပ်က ရှိသေးခဲ့သည် မဟုတ်ပါလား။နေရစ်တော့ ဝံပုလွေမြို့ရေ....။

ကျင့်တိတ်ကြီး အတင်းပေးသော မြင်းညိုကြီးကို စီးနင်းလျက် သူ ထွက်ခွာခဲ့လေတော့သည်။

[ ၃၀ ]

ဝ ပုလွေမြို့မှ ထွက်ခွာခဲ့သော သူသည် အထီးကျန်သော အုပ်မှ ထွက်ခွာခဲ့စဉ်ကထက် အရောနှစ်ခု ပိုမိုခဲ့၏။

ထိုအရာများကား ဝက်ဖြူကြီးက သတိရလက်ဆောင် အဖြစ် ပေးလိုက်ခဲ့သည့် မြင်းညိုကြီး အမြီးတိုနှင့်ဝ ပုလွေမြို့မှ မိန်းကလေးကျင့်ပို့ အားသတိရမိသည့် အလွမ်းတို့သာလျှင် ဖြစ်ကြသည်။

ဝ ပုလွေမြို့စွန်သို့ရောက်သော့ လိုက်ပါ ပို့ဆောင်သူများ က မြို့တက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

သူကလည်း ဝံပုလွေမြို့သားများကို လက်ဖြန့်တံဆက်၍ မြင်းညိုကြီးအား ဒုန်းစိုင်းစီးနှင်သွားတော့သည်။

တစ်လတာ ကာလကြာမြင့်သော အချိန်ဝယ် ဝံပုလွေမြို့၌ ခအေးချမ်းသာယာမှု ရှိခဲ့ကြသည်။

ရမ်းကား ဆိုးသွမ်းခဲ့ကြသည့် အနက်ရောင် ဒုစရိုက်သိုင်းသမားအား အတတ်နိုင်ဆုံး သူ ဖို့ခွဲနှိမ်နင်းပေးခဲ့ရင်း ကျောက်လက်ဝါး၊ ရွှေခက်ရင်းခွနှင့် ဓားလေးပွေတို့အပြင် အခြား ဆိုးသွမ်းသမားကျော် လေးငါးဦးကိုလည်း သူအနိုင်ယူ ဆုံးမခဲ့သည်။

ထို့ကြောင့် သည်မြို့ဝယ် မူးယစ်ရမ်းကား အနိုင်ကျင့်နေကြသည့် ဒုစရိုက် သိုင်းသမားအပေါင်းမှာ သူ့အားကြောက်၍ ကြသဖြင့် အခြားမြို့ရွာ ဒေသများသို့ရှောင်တိမ်းထွက်ခွာခဲ့လေသည်။

သူ့အလုပ်ကလည်း အထူးပြုလုပ်နေစရာမလိုသော အလုပ်မျိုးပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ခေါင်းငုံ့ပါ စားသောက်ဆိုင်တွင် သူက နေထိုင်ရာ ဝံပုလွေမြို့တွင်း တစ်နေရာ၌ အနိုင်ကျင့် ဗိုလ်ကျနေသော အဖြစ်ကို သိရှိသူတစ်ဦးဦးက လာရောက်အကြောင်းကြားသည်နှင့် သူက ချက်ချင်းလိုက်သွားကာ ရမ်းကားအနိုင်ကျင့်သူ သိုင်းသမားအား နှိမ်နင်းပေးလိုက်ရုံသာ ဖြစ်သည်။



တစ်ခါတစ်ရံ မြို့အား သူ လှည့်ပတ်သွားလာစဉ် ကြုံဆုံတွေ့ရှိရသည့် အမြင်မတော်မှုများအားလည်း ဖြေရှင်းပေးခဲ့ရဖြန့်သည်။

သူ့အား တွေ့ရှိသည်နှင့် မတရားမှုများကို တွေ့မြင်သူတို့က တိုင်ကြား သတင်းပို့တတ်လေသည်။

သို့ဖြင့် သူသည်တစ်လတာအတွင်း၌ မသိသူမရှိသလောက် သူ၏ အမည်မှာ တစ်မုဟုတ်ချင်း ထင်ရှားသွားခဲ့တော့သည်။

အထူးသဖြင့် သူ့အား သိုင်းပညာထက်မြက်သူ တစ်ဦးအနေဖြင့် လေးစား ကြည်ညိုကြသည့်နှယ် အမှန်တရားကို ပွင့်ပွင့်လင်းလင်း ဖြေရှင်းပေးတတ်သဖြင့် ချစ်ခင်ယုံကြည်ကြဖြန့်သည်။

သူကလည်း သူ့အား လေးစားကြည်ညိုခြင်းအား အခွင့်ကောင်းယူလျက် မြို့သူမြို့သားများအပေါ် မောက်မောက်မာမာ မဆက်ဆံခဲ့။ တန်းတူရည်တူ သာမန်လူတစ်ဦးလိုပင် ဆက်ဆံ နေထိုင်ခဲ့သည်။

ခေါင်းငုံ့ပါ စားသောက်ဆိုင်မှ ကျွေးမွေးသော အစားအစာတို့ကိုသာလျှင် စားသောက်နေထိုင်ခဲ့မိ၏။

အခြားဆိုင်များမှ ဖိတ်ကြားကျွေးမွေးခဲ့သော်လည်း သူက ထိုအခွင့်အရေးမျိုးကို မယူခဲ့။

ကျင့်တိတ်ကြီးတို့ သားအဖမှာ စိတ်မကောင်းဖြစ်စရာဝမ်းနည်းစရာဖြစ်မည်စိုးသဖြင့် တစ်ခါဖူးမျှ အခြားဆိုင်၌ သွားရောက် မစားသောက်ခဲ့ဖူးပေ။

မြင်းကို ဒုန်းစိုင်းလျက် အပြင်းနှင်ခဲ့ရာမှ အတန်ကြာသောအခါ ရပ်တန့်လျက် ဝံပုလွေမြို့အား သူ လှည့်ပြန်လှည့်ကြည့် မိပြန်၏။

ဝံပုလွေမြို့ကား ခပ်လှမ်းလှမ်းဝယ် ကျန်ရစ်ခဲ့လေပြီ ဖြစ်သည်။ ထိုဝံပုလွေမြို့၏ တစ်ခုသောနေရာဝယ် မိန်းကလေး ကျင့်ပို့တစ်ယောက် မည်သို့ ကျန်ရစ်ရှာခဲ့ပြီလဲ၊ သူ မသိနိုင်ခဲ့။

အဘယ်ကြောင့် သူ ထွက်ခွာမည်ဆိုသော အချိန်ဝယ် လိုက်မပို့ခဲ့ရပါသနည်း။ သူ့အား စိတ်ကောက်နေ၍လား စိတ်ဆိုးနေ၍လား။

ထို့အတွက် သူ စိတ်မကောင်းဖြစ်ခဲ့ရလေသည်။ သူ၏ မျက်နှာဝန်းဝန်းလေးက သူ၏ မျက်လုံးအစုံဝယ် မြင်ယောင်လာလေသည်။

သူ့အပေါ်၌ မိန်းကလေးက ဂရုတစိုက်ရှိခဲ့သည်ကိုလည်း သူ သတိပြုမိထားသည်။ သူကြည့်မိသည့် အခါတိုင်းလည်း အကြည့်ချင်းဆုံလျှင် မျက်လွှာချသွားတတ်ပြန်သည်။

သူ့အပေါ် မိန်းကလေးခမျာ သံယောဇဉ်တွယ်နေမိသည် ကိုလည်း သူ ရိပ်မိသိရှိပါ၏။

သို့သော် သူ့အား အခွင့်ကောင်းယူသည်ဟု အမြင်လွဲမည် စိုး၏။

ထို့ကြောင့် အတတ်နိုင်ဆုံး မိန်းကလေးအပေါ် ရိုးသားစွာ ဆက်ဆံမိလေသည်။ ရင်ထဲမှ ပွင့်အန်ထွက်မည့် စကားတို့ အားထိန်းချုပ်ထားခဲ့မိသည်။



'ဟင်း'

ဝံပုလွေမြို့အား နောက်ဆုံးအကြိမ်အဖြစ် ငေးမျှော်ရှု ကြည့်၍ သက်ပြင်းမောတစ်ချက်ကို ချလိုက်မိပြန်သည်။ လတ်ဆတ်သော လေစိမ်းများ ဝံပုလွေမြို့ဘက်မှ တိုက်ခတ် လာသည်။

ထိုလေပြည်အ[illegible]ကြောင့် သူ့အား ရိုက်ခတ်သဖြင့် မြက်ဦးထုပ်နှင့် အင်္ကျီစက တဖျပ်ဖျပ်နှင့် လွင့်သည်။

နေရစ်လေတော့ နှမရယ်....။

ဆတ်ခနဲ မြို့အား ကျောခိုင်းကာ မြင်းကို စိုင်းနှင်ရန် စတင်လိုက်သည်။

ထိုစဉ် သူ့မျက်လုံးအစုံက ဝံပုလွေမြို့ဘက်မှ တစ်စုံတစ်ယောက် မြင်းကို အပြင်းစိုင်းနှင်လာသည်အား တွေ့လိုက်မိသဖြင့် ကျောခိုင်းနေရာမှ လှည့်ပြန် ကြည့်ရှုပြန်သည်။

မြင်းအား ဒုန်းစိုင်းစီးလာသူတစ်ယောက်က လက်ကိုလည်း ဝှေ့ယမ်းပြလာသည်အား တွေ့ရှိရပြန်၏။

ထို့ကြောင့် မြင်းကို မြို့ဘက် ပြန်လှည့်လိုက်ရ၏။

## [ ၄၁ ]

မြင်းစီးသမားကား လက်တစ်ဖက်ကိုမြှောက်ယမ်းကာ တရကြမ်း စီးလာနေ၏။

ကျောင်းစွန့် မျက်မှောင်ကုတ်လျက် မြင်ကွင်းအား သေသေချာချာ စူးစမ်းကြည့်မိသည်။

'အိုး'

မြင်းစီးသမားမှာ ယောကျ်ားတစ်ဦးမဟုတ်။ မိန်းမသားတစ်ယောက်သာလျှင်ဖြစ်ကြောင်း သူမ၏ ဦးခေါင်းထက်မှ ဆံပင်များက ဖွာလွင့်နေသည်ကို တွေ့မြင်ရခြင်းဖြင့် သိရှိလိုက်သည်။



နှုတ်မှလည်း အောင်ဟစ်လာခဲ့ပုံရသည်။

လက်မှလည်း တစ်စုံတစ်ခုကို ဝှေ့ယမ်းနေသဲ့ပင်။

မြင်ကွင်းမှာ တဖြည်းဖြည်းနှင့် ပီပြင်လာလေသည်။

အဝေးမှပြေးနှင်လာသော မြင်းစီးသမားက နီးသထက် နီး၍ နီး၍ လာ၏။

မကြာမီ သိသာမြင်သာသော ပီပြင်ထင်ရှားသောနေရာသို့ ရောက်ရှိလာခဲ့သည်။

'ဟင်....ညီမ ကျင့်ပို့'

ကျင်စွံနှုတ်မှ အံ့အားသင့်လျက် ရုတ်တရက် ထွက်သွားသည်။

'အစ်ကို ကျင်စွံ'

သူမထံမှလည်း ဟစ်အော်ခေါ်လိုက်သံအား သူ ကြားမိသည်။

သူမ၏လက်ထဲ၌ လည်စီး ပဝါစ အထည်နီရဲရဲလေးအား တွေ့ရှိရလေသည်။

ကျင့်ပို့က ကျင်စွံအနီး ဝယ်ဒုန်းစိုင်းလာသောမြင်းဖြူမကြီးကို ထိုးရပ်လာသည်။

'ဘာဖြစ်လို့ လိုက်လာရတာလဲ ဟင်၊ ကိစ္စအရေးကြီးလို့လားကွယ်'

ကျင်စွံက သူမ မောပန်းနေမှုအား ကြင်နာစွာ ကြည့်ရှု၍ စိုးရိမ်စွာ ပြောကြားလိုက်မိသည်။

'အင်း....အရေးကြီးလို့ လိုက်လာတာပေါ့'

သူမကလည်း ကျင်စွံအား ချွေးများစို့ရွှဲနေသည့်အပြုံးဖြင့် တုံ့ပြန် ဖြေကြားလိုက်လေသည်။



'ဘာ....အရေးကြီးတယ် ဟုတ်လား'

ကျင့်ပို့၏အခြေအနေကြောင့် ကျင်စွံမှာ ပျာပျာသလဲ ပြန်လှန် မေးမိ၏။

'အစ်ကိုကျင်စွံကို သူများမှ နှုတ်မဆက်ရသေးဘဲ'

မိန်းကလေးက ပြုံးပြုံးလေးလုပ်ကာ ဖြေနေသဖြင့်....

'အင်း....သိသွားပြီ၊ ညီမက ဘယ်ကိုသွားချောင်နေခဲ့တာလဲ၊ ပြောစမ်းပါဦး'

ကျင်စွံကလည်း မကျေမနပ်ဖြင့် ပြောလိုက်သည်။

ထိုအခါ သူမက လက်ထဲမှ ပဝါစ နီရဲရဲလေးအား မြှောက်ပြ၍....

'ဒီပဝါစလေးသွားဝယ်နေတာပါ၊ အစ်ကို့ကို သတိရ လက်ဆောင် ပေးချင်လို့'

'ဪ'

သူက စိတ်မကောင်းစွာ ဪလိုက်မိခြင်းဖြစ်၏။

စောစောတုန်းက မကျေမနပ်ဖြင့် မေးမြန်းမိသောစကားအတွက်လည်း အားနာမိလေသည်။

သူမက သူ့အား သတိတရလက်ဆောင်အဖြစ် ပဝါနီစကို ယူလာခဲ့လေပြီ။ သူကမူ သူမအား တုံ့ပြန် ပေးစရာဘာမျှ မရှိချေ။

'အင့်'

ထို့နောက် ပဝါစအား သူ့အား ကမ်းပေးလေသည်။ နှုတ်မှလည်း ပြော၏။

'သည်ပင်းစည်းစည်း၊ နဖူးစည်းစည်းပေါ့၊ သူများရဲ့ အမှတ်တရ ပဝါစလေးကို သိမ်းထားပါနော်၊ လမ်းမှာ လွင့်မပစ်ခဲ့နဲ့'

ကျင်စွံကပဝါစနီရဲရဲလေးအား သည်ပင်းတွင် စည်းနှောင်လိုက်သည်။

'အား....အစ်ကိုနဲ့ သိပ်လိုက်တာပဲ၊ ကြည့်လို့ကောင်းတယ်'

ကျင့်ပို့မှာ သူမ၏ပဝါစလေးအား ကျင်စွံက လည်တွင်ချက်ချင်း စည်းနှောင်လိုက်သဖြင့် ဝမ်းသာသွားပုံရသည်။

ကြည်နူးပျော်ရွှင်သွားသည့်အမူအရာများ သူမ၏မျက်နှာဝိုင်းဝိုင်းဝယ် စွန်းထင်းနေလေသည်။

ကျင်စွံကမူ သူ့ဘက်က မည်သည့်အရာမျှပြန်မပေးနိုင်ခဲ့သဖြင့် စိတ်မကောင်း ဖြစ်နေမိ၏။

ရင်ထဲ၌ ခံစားနေရသည်အား မမျိုသိပ်နိုင်သဖြင့် နှုတ်မှ ဖွင့်ပြောမိသည်။

'ညီမကို ဘာမှ ပြန်မပေးရလို့ စိတ်မကောင်းဘူး'

'ရပါတယ် အစ်ကိုရယ်၊ သူများပေးတာက အစ်ကိုတစ်ယောက် ဝပုလွေမြို့က ကျင့်ပို့ဆိုတဲ့ ကောင်မလေးကို မေ့ပျောက်သွားမှာစိုးလို့ သတိတရဖြစ်အောင် မှတ်မိအောင် ပေးခဲ့တာလေ။

'ညီမက အစ်ကို ကျင်စွံကို ဘယ်တော့မှ မေ့ပျောက်သွားမှာမှ မဟုတ်ဘဲ၊ သတိရအောင် သတိပေးရမယ့် အမှတ်တရပစ္စည်း မလိုအပ်ပါဘူးနော်'



ကျင်စွံက စကားကြွယ်ဝသော မိန်းကလေးအား စူးစိုက်ကြည့်မိသည်။ သူ့အား တစ်ဖက်လှည့်စကားနှာ ထိုးလိုက်ခြင်းသာ ဖြစ်သည်။

သူက ထအဂ်ခဏမျှ တွေတွေငေးငေး ဖြစ်နေမိတော့၏။

[ ၃၂ ]

'အား....ဟုတ်ပြီ ဟုတ်ပြီ၊ အဲဒါ ကောင်းတယ်၊ ကျင့်မို့ကို ပြန်ပေးရမယ်'

ရုတ်တရက် သူ့နှုတ်မှ ဝမ်းသာအားရ ထွက်ပေါ်လာသဖြင့် မိန်းကလေး မျက်လုံးလေးဝေ့ ဝိုင်းသွားရှာသည်။

'ဘာလဲ....ဘာလဲ....ဟင်'

နှုတ်မှလည်း နားမလည်စွာ မေးမြန်းရှာသည်။

'ဪ....ညီမက တို့ကို သတိတရလက်ဆောင် ပဝါနီ လာပေးတော့ အစ်ကိုကလဲ ဘာပြန်ပေးရင် ကောင်းမလဲလို့ စဉ်းစားမိခဲ့တာ အကောင်းဆုံးအရာကို သွားတွေ့လို့ပါ'

ကျင့်ပို့၏ မျက်လုံးအစုံ၌ စိတ်ဝင်စားမှုများကြောင့် ဝင်းလက်ပြောင်လာလေသည်။ မျက်တောင် တဖျပ်ဖျပ်ခတ်လျက် ကျင်စွ°အား မော့ကြည့်နေသည်။

ကျင်စွ° ဆက်လက်ပြောမည့် စကားအား ငံ့လင့်နေခဲ့သည်။ သို့သော် ကျင်စွ°အား ချက်ချင်းဆက်ပြီး မပြောသဖြင့် စိတ်မရှည်ဘဲ မေးပြန်သည်။

'ပြောလေအစ်ကို၊ ညီမကို အမှတ်တရအဖြစ်ပေးမယ့် အရာဟာ ဘာလဲဟင်'

'ဟို....ဟို....ဟို....ဟာလေ....'

ကျင်စွ°စကားကြောင့် ကျင့်ပို့မှာ မချင့်မရဲဖြစ်မိသည်နှင့် အတူ ရင်ထဲ၌လည်း တဒိန်းဒိန်း ခုန်နေရှာသည်။

'အင်း....အစ်ကိုပြောမှပဲ ရှင်းသွားတော့တာပဲ၊ ဟင်း.... ဟင်း'

သူမက အရှက်ပြေပြောလိုက်မိသည်။ စိတ်ထဲ၌မူ အလွန် မှုပင် သိချင်နေရှာသည်။

'တခြားမဟုတ်ပါဘူးကွာ၊ ညီမတစ်ယောက်လုံး သတိရ နေမယ့်အရာပေါ့၊ အံ့လဲအံ့သြသွားမှာသေချာတယ်'

သူက ပြောပြောဆိုဆို မြွေဓားကို ကောက်ကာဝင်ကာ ကိုင်စွဲလိုက်သဖြင့် ကျင့်ပို့မျက်လုံး ပြူးသွားမိသည်

ထို့နောက် မြွေဓားအား ရှေ့နောက်ဝဲယာ ခုတ်ယမ်း လျက် ခုန်ပျံလိုက်သည်။ ဓားနှင့်လူမှာ မကွဲတော့။ အဘယ် ကြောင့်ဆိုသော် လေထဲ၌ ဘောလုံးတစ်လုံး လိမ့်သွားသည် သို့ ကျွမ်းထိုးသွားခြင်းကြောင့် ဖြစ်သည်။



တစ်ဖန် ဘောလုံးမှာ နှစ်ပြမ်းကွဲထွက်သွားလျက် မြွေ ဓားကြီးက စကြာတစ်စင်းလိုလည်ပြီး တက်သွားသည်။

လူက မြေပြင်ထက်သို့ ခြေနင့်ညင်သာစွာ ပြန်လည် ကျရောက်သည်။ အတန်ကြာသောအခါ လူကျရောက်သည့် နေရာသို့ ဓားက အရှိန်ပြင်းစွာ ကျလာလေသည်။

ကျင်စွ°က ထိုအပေါ်မှကျလာသည့်ဓားအား မကြည့်ဘဲ လွယ်ကူစွာ ဆတ်ခနဲ ဖမ်းယူလိုက်သည်။

ကျင့်ပို့မှာ မြွေဓားရှင် ကျင်စွ°၏ အပြုအမူအား နားမလည်နိုင်ဘဲရှိလျက် အံ့သြနေလေသည်။

ကျင်စွ°က သည်မျှ မြန်ဆန်လှသည့် လှုပ်ရှားမှုများအား ပြုလုပ်သော်လည်း မည်သို့မျှမပင်ပန်းသကဲ့သို့ ရှိသည်။

သူက ကျင့်ပို့အား ပြုံးပြသည်။ ကျင့်ပို့မှာလည်း သူ့ အပြုံးကြောင့် မည်သို့ နားလည်ရမှန်းမသိဘဲ တုံ့ပြန်ပြုံးရ သည်။

ထို့နောက် ကျင်စွ အား မေးမြန်းရှာတော့သည်။

'အစ်ကိုကျင်စွ ပေးမယ်ဆိုတဲ့ အမှတ်တရနဲ့ ခု သိုင်းပညာ စွမ်းကိုပြနေတာ ဘာသဘောလဲဟင်'

ကျင်စွ ကပြုံးရယ်ရင်း....

'ဩော်....တို့များ သိုင်းပညာကို ကျင့်ပို့ မအံ့ဩဘူးလား၊ ကျင့်ပို့ အံ့ဩရအောင်လို့ ပြနေတာပါ'

'အို အံ့ဩတာပေါ့၊ အစ်ကို လုပ်ပြနေတာ သူများမှ မမြင်ဘူးတာပဲ၊ သာမန် သိုင်းသမားတွေဆိုလဲ ဘယ်လုပ်တတ်မှာလဲ အစ်ကိုရဲ့'

ကျင့်ပို့က အမှန်အတိုင်း ဝန်ခံလိုက်မိ၏။

'အံ့ဩနေရုံပဲလား ကျင့်ပို့ရဲ့၊ သိုင်းပညာကို တတ်ချင်စိတ် မတတ်ချင်ဘူးလား၊ အားကျတဲ့စိတ်တွေ မဖြစ်လာဘူးလား ဟင်'

'ဟာ...အစ်ကိုကလဲ သိပ်တတ်ချင်တာပေါ့၊ ကျွန်ုပ်တို့သာ အစ်ကို့လို သိုင်းပညာတွေတတ်ရင် ဟင်း...ဆိုင်လာပြီး စော်ကားတဲ့ အနက်ရောင် သိုင်းသမားကောင်တွေကို တိုက်ပစ်လိုက်မှာပေါ့'

ကျွန်ုပ်တို့၏ မခံချင်စိတ်နှင့် ပြောလိုက်သော စကားအားကြားသည်နှင့် ကျင်စွံက ကျေနပ်စွာဖြင့် ပြုံးရယ်လိုက်လေသည်။

'ဘာလို့ရယ်တာလဲ အစ်ကို ကျင်စွံရဲ့'

'အစ်ကို ကျွန်ုပ်တို့ ပေးမယ့် သတိဘရ အရာဆိုတာ အဲဒီ သိုင်းပညာပေါ့ကွ'

'ရှင်'

'အစ်ကို့ သိုင်းပညာ များစွာထဲက သိုင်းကွက်အချို့ကို ကျွန်ုပ်တို့ကို အမှတ်တရ သင်ပေးခဲ့မယ်လို့ စိတ်ကူးရလို့ပါ၊ ဒီသိုင်းကွက်နဲ့ ကျွန်ုပ်တို့ကို လာစော်ကားတဲ့ ရန်သူကို ခုခံကာကွယ်ဖို့ ရမယ့်အပြင် တန်ပြန်လဲ တိုက်ခိုက်နိုင်မယ်လေ'

'တကယ်လား...အစ်ကိုကျင်စွံရယ်၊ သူများ အရမ်းဝမ်းသာတာပဲရှင်'

ကျွန်ုပ်တို့မှာ ကျင်စွံထံမှ စကားကြောင့် အမှန်တကယ် ဝမ်းမြောက် ဝမ်းသာ ဖြစ်နေဟန်နှင့် ပြောရှာ၏။

သို့နှင့် မြွေခေါင်းရှင် ကျင်စွံသည် စံပုလွေမြို့သူ ကျွန်ုပ်တို့အား ထိုနေရာ၌ပင် သိုင်းကွက်များအား သင်ကြားပေးတော့သည်။



သူငယ်စဉ်က မိခင်ကြီး သင်ကြားပေးခဲ့သော အခြေခံ သိုင်းပညာနှင့် အပျော့သိုင်းတို့ကို ဦးစားပေး သင်ကြားလေသည်။

ကျွန်ုပ်တို့မှာ နဂို အတွင်းစိတ်ကပင် မခံချင်စိတ် ရှိသူဖြစ်ရာ လိုလိုလားလားနှင့် အပြင်းအထန် သင်ကြား လေ့ကျင့်သဖြင့် ရက်သတ္တ တစ်ပတ်အတွင်း၌ပင် အခြေခံ သိုင်းပညာများနှင့် အပျော့သိုင်း [၁၈]ကွက်အား ရယူ တတ်မြောက်သွားလေတော့သည်။

ထိုသို့ သင်ကြားရာ၌ ကျွန်ုပ်တို့၏ ဖခင်ဖြစ်သူ ဝက်ဖြူကြီး ကျွန်ုပ်တို့ပင် မသိရှိရှာခဲ့ပေ။ အကယ်ကြောင့်ဆိုသော်....

နံနက်လင်းလျှင် ကျွန်ုပ်တို့မှာ ကျင်စွံရှိသည့် နေရာသို့ ရောက်ရှိလာပြီး ညနေ နေစောင်းမှပင် စံပုလွေမြို့ထဲသို့ ပြန်သွားလေ့ရှိသဖြင့် မည်သူ တစ်ဦးတစ်ယောက်မျှ ကျွန်ုပ်တို့ တစ်ယောက် သိုင်းပညာ တတ်မြောက်နေသည်အား မသိရှိနိုင်တော့ချေ။

ကျင်စွံနှင့် ကျွန်ုပ်တို့မှာလည်း နဂိုကပင် တစ်ဦးနှင့်တစ်ဦး လူငယ်ချင်း မျက်လုံးချင်းဆုံလျှင် ရင်ခုန်နေကြလေရာ သိုင်းပညာကို သင်ကြားရင်း သံယောဇဉ် ငြိတွယ်နေခြင်းမှ တစ်ဆင့်တက်ကာ မေတ္တာမျှသွားကြလေတော့သည်။

ကျင်စွံကလည်း ရက်သတ္တ တစ်ပတ်ပြည့်၍ ကျွန်ုပ်တို့တစ်ယောက် ကိုယ်ခံသိုင်းပညာ ရရှိပြီဟု ယုံကြည်လောက်သည်နှင့် ရှေ့ဆက်၍ ခရီးသွားရန် နှုတ်ဆက်ရပြန် လေတော့သည်။

သည်တစ်ကြိမ် နှုတ်ဆက် ခွဲခွာကြသောအခါ ချစ်သူများ
အဖြစ် ခွဲကြရခြင်း ဖြစ်၏။

ကျင့်မိုးမှာ ကျင်စွ၏ ပြောပြချက်အရ ငယ်စဉ် အထိ
ကျန် ကြီးပြင်းလာရမှုများကို သိရှိထားသည့်ပြင် ကျန်အင်း
မြို့စားကြီး၏ လက်ချက်ကြောင့် မိဘနှစ်ပါးစလုံး သေဆုံး
ရနိကြရခြင်းအတွက် လက်စားချေ ခရီးကိုလည်း နားလည်
ပေးရလေတော့သည်။

ထို့ကြောင့် ချစ်သူ၏ လက်စားချေ ခရီးစဉ်အား မတား
ဆီးတော့ဘဲ ဝမ်းနည်း စိတ်မကောင်းစွာဖြင့်ပင် နှုတ်ဆက်ရ
လေ၏။

'အစ်ကို့ရဲ့ ရည်ရွယ်ချက် ပြီး မြောက်ရင်သာ ညီမဆီ ပြန်
လာခဲ့ပါလို့ပဲ မှာပါရစေတော့ အစ်ကိုရယ်နော်'

'စိတ်ချပါ...ညီမရယ်၊ ကျန်အင်းမြို့စားကို လက်စားချေ
ပြီးတာနဲ့ ညီမဆီကို အစ်ကို အမြန်ဆုံး ပြေးခဲ့ပါ့မယ် ဟုတ်
လား'

ကျင်စွ က ချစ်သူ ကျင့်မိုး အား ကတိပေးရင်း နှုတ်ဆက်
သည်။

'သွားတော့မယ်နော်'
'သွားတော့ အစ်ကိုရယ်'

ချစ်သူနှစ်ဦးမှာ တစ်ဦးကိုတစ်ဦး မခွဲခွာချင်သော်လည်း
ရှေ့ဆက်ရမည့်ခရီးနှင့် တာဝန်က ရှိသေးသဖြင့် ကျောခိုင်း
လိုက်ကြရလေသည်။



မြင်းညိုကြီးနှင့် မြင်းဖြူမတို့မှာလည်း တစ်ကောင်နှင့်
တစ်ကောင် ဆန့်ကျင်ဘက် အရပ်များဆီသို့ ဦးတည်လိုက်ပြီး
စိုင်းနှင်လေကြတော့သည်။

မကြာမီ လူငယ်နှစ်ဦးတို့ခမျာ မြင်းများကို စိုင်းနှင်ရင်း
လည်ပြန် ကြည့်ရှုနေကြရာမှ တစ်ဦးကိုတစ်ဦး မမြင်ကြရသော
အကွာအဝေးသို့ ရောက်ရှိသွားသောကြောင့် ရှေ့တူရူဆီသို့
ဦးတည် နှင်သွားကြတော့သည်။

စာစဉ် [၁၂] ပြီး။

ရဲမာန်အောင်